# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.139(2238-2252) လောကသုံးပါးသို့

တက်ရောက်ခြင်း

.May Be:

၂၂၃၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့

တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၂၃၈ - မျောက်

ဤအချိန်တွင် အောက်မြေပြင်မှ
မရေမတွက်နိုင်သော ပျော့်ရွှင်မှုများ
ထွက်ပေါ်လာသည်ကို
ကြားလိုက်ရသည်။

သို့သော်လည်း ယန်ယဲ့က ဂရုမစိုက်ပေ။
ရွှေဓားကို ပြန်သိမ်းလိုက်ပြီး
ဘိုးဘေးယွမ်ပိုင်ကို စိုက်ကြည့်ကာ

"ကောင်းပြီ အကြီးအကဲ၊ ငါတို့တွေ တစ်ယောက်ကိုတစ်ယောက် ဘာမှ မကြွေးမတင်တော့ဘူး"ဟုပြောလိုက်သည်။

ဘိုးဘေးယွမ်ပိုင် က စကားပြန်မပြောဘဲ ယန်ယွဲ့ကိုသာ ကြည့်နေသည် ။

ယန်ယွဲ့ က ရယ်မောလိုက်ပြီး "အကြီးအကဲ၊ မင်းငါ့ကိုသတ်ဖို့

စဉ်းစားနေတာတော့မဟုတ်လောက်ပါ
ဘူးနော် ဟုတ်တယ်မလား"

ဘိုးဘေးယွမ်ပိုင် က ခေါင်းခါလိုက်ပြီး
"ဘာလို့ သတ်ရမှာလဲ"ဟုပြန်မေးခဲ့သည်။

ယန်ယဲ့က ပြုံးပြီး "မင်းငါ့ကို
ဒီလိုမျိုးစိုက်ကြည့်နေတာက
နည်းနည်းတော့ကြောက်စရာကောင်းသ
လိုပဲ"

ဘိုးဘေးယွမ်ပိုင် က

"ငါ့ကောင်းကင်နတ်ဆိုးမျိုးနွယ်မှာ

ထူးခြားတဲ့စွမ်းရည်တစ်ခုရှိတယ်။

အဲဒါက လူတစ်ယောက်ရဲ့အနာဂတ်ကို

မြင်နိုင်စွမ်းရှိတာပါ။ တစ်ခုတော့ရှိတယ်။

အနာဂတ်က မသေချာပေမယ့် တချို့က

သူ့အလိုလိုပြင်ဆင်ထားခဲ့ပြီးသား”

ယန်ယဲ့က "အကြီးအကဲ၊
မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

ဘိုးဘေးယွမ်ပိုင်က "ငါ နင်နဲ့ပတ်သက်တဲ့
အနာဂတ်ကို မြင်ခဲ့တယ်"

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

ယွမ်ပိုင်က ဆက်ပြောပါသည်
"ဟုတ်ပါတယ်၊ ငါက

နင့်ရဲ့အနာဂတ်လမ်းကြောင်းကို

နင့်ပတ်ဝန်းကျင်ကလူတွေကတစ်ဆင့်

မြင်ရတယ်။ လျှို့ဝှက်ဆန်းကြယ်တဲ့

စွမ်းအားတစ်ခုက

နင့်ကိုဖုံးကွယ်ထားနေတယ်။

နင့်ရဲ့အနာဂတ်ကို ငါမမြင်နိုင်တော့ဘူး။

ဒါပေမဲ့ နင့်ပတ်ဝန်းကျင်ကလူတွေကို

ငါမြင်ရတယ်”

သူမ ခဏရပ်ပြီး "သူတို့
အရမ်းနာကျင်နေကြတယ်"

ယန်ယဲ့ က ခဏကြာသည်ထိ
ငြိမ်သက်သွားသည်။ ထို့နောက် သူက
ပြုံးပြီး "မင်းပြောသလိုပဲ အနာဂတ်က
မသေချာဘူး။
တစ်ခါတစ်လေမှာ
အနာဂတ်ကိုပြင်နိုင်ရင်တောင်

ဘာဖြစ်လဲ။ ဘာအတွက်လဲ၊ ငါတို့က ဘာ့ကြောင့် ကျင့်ကြံနေတာလဲ။

ဒါမှ ငါတို့ရဲ့ ကံကြမ္မာကို ပြောင်းလဲနိုင်မှာပါ။ တစ်ခါတစ်ရံမှာ ကောင်းကင်ဘုံက လူသားတွေရဲ့ကံကြမ္မာကို ချုပ်ကိုင်ထားတယ်။ ဒါပေမဲ့ လူကိုယ်တိုင်က ကိုယ့်ကံကြမ္မာကို ထိန်းချုပ်နိုင်တာမျိုးလည်းမရှိဘူးလား”

ထိုစကားပြောပြီးနောက်
ကောင်းကင်ပြင်ကို မျှော်ကြည့်ရင်း
ဆက်ပြောခဲ့သည် "အမှီအခိုမရှိတာ၊
သူရဲဘောကြောင်တာ ဒါမှမဟုတ်
သတ္တရှိရှိနဲ့ရှေ့ဆက်တိုးတာ၊ ဘ၀မှာ
ဖြစ်ပျက်နေတဲ့ အရာအားလုံးဟာ
ငါတို့အပေါ်မှာပဲမူတည်တယ်”

"ခိုင်ခံ့သော
(သန်မာသော)တာအိုနှလုံးသား"

ယွမ်ပိုင်က ပြုံးပြီး "သန်မာသူတွေက

ဘယ်တော့မှ အရှုံးမပေးဘူး။ ကောင်းပြီ။

ငါတို့ ပြန်ဆုံတွေ့နိုင်မယ်လို့

ယုံကြည်ပါတယ်"

ဟု ပြောပြီးသည်နှင့် နေရာတွင်ပင်

ပျောက်သွားသည်။

ယန်ယဲ့ က ခဏမျှ

ငြိမ်သက်သွားပြီးနောက် အဆင့် ၁၁

နယ်မြေမှ ပြန်ထွက်သွားခဲ့သည်။

သူက ကောင်းကင်တိုင်တောင်တန်းမှ

ထွက်ခွာမသွားသေးဘဲ အပေါ်ကို

ဆက်ပြီးတက်သွားလိုက်သည်။ အချိန်

သိပ်မကြာလိုက်ပါ။ အဆင့် ၁၂

နယ်မြေသို့ ရောက်လာခဲ့သည်။

အဆင့် ၁၂ နယ်မြေ ။

ကောင်းကင်တိုင်တောင်တန်း၏

နောက်ဆုံးအဆင့် ။

လောကချိတ်ပိတ်စည်း....

ဇီအာ နှင့် ရှောင်ချီ တို့နှစ်ယောက်စလုံး

လောကသုံးပါးတွင်ရှိ နေကြသည်။

သွေးကြေရိုက လောကသုံးပါး မှာသာ

အသက်ပြန်ရှင်လာနိုင်ပေသည်။

တစ်နည်းအားဖြင့် သူက

လောကသုံးပါးကို

မဖြစ်မနေတက်ရပါတော့မည်။

အဆင့် ၁၂ သို့ ရောက်လာသည်နှင့်

တပြိုင်နက် အလွန်အစွမ်းထက်သော

အော်ရာတစ်ခုက ယန်ယွဲဆီသို့

ထိုးဆင်းလာခဲ့သည်။

သန်မာလိုက်တာ။

ကြောက်စရာကောင်းလိုက်တဲ့ဖိအား ။

ကောင်းကင်နတ်ဆိုးဘိုးဘေး ထက်ပင်
ပိုသန်မာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က တစ်ကိုယ်လုံး
ကွဲအက်သွားသလို ခံစားလိုက်ရသည်။

သူ၏ညာခြေကို တစ်ချက်ဆောင့်ကာ

ဓားနယ်မြေကို

ချက်ချင်းအသပ်သွင်းလိုက်လေသည်။

ထိုခဏလေးမှာပဲ အလင်းတန်းတစ်ခု

လင်းလက်လာသည်။

ဆူး...

တစ်စုံတစ်ခု ကွဲအက်သွားသလို

ခံစားလိုက်ရသည်။

"ဟမ်...." ဤခိုက်အတန့်တွင်
အုံ့အားသင့်နေသော အာမေဋိတ်သံ
ရုတ်တရက်ထွက်ပေါ်လာသည်။

ခဏအကြာတွင်တော့
အထက်ကောင်းကင်ယံမှ တိမ်တိုက်များ
ကွဲထွက်သွားကာ အတွင်းပိုင်းမှ
ရောနဂါးခေါင်းကြီး ထွက်လာသည်။

နဂါးခေါင်းကြီးက ယန်ယွဲ့နှင့် မီတာ ၃၀၀ အကွာသို့တိုင် နိမ့်ဆင်းလာသည်။၎င်းက ပုရွက်ဆိတ်တစ်ကောင်အား ငုံ့ကြည့်နေသော အနန္တတန်ခိုးရှင်တစ်ပါးအလား ယန်ယွဲ့ကို ဂရုမစိုက်ဘဲငုံ့ကြည့်နေသည်။

ထိုနဂါးဂေါင်းကြီးကို မြင်လိုက်သည်နှင့် ယန်ယွဲ့က ချက်ချင်းမှတ်မိလိုက်သည်။

ကောင်းကင်အင်ပါယာအရှင်၏

အပြစ်ပေးခြင်းခံနေရသော

နဂါးနက်ကြီးပါ။

ဒီနဂါး ပြန်ရောက်လာပြီလား။

ယန်ယဲ့က မျက်လုံးထဲ၌

အကြောက်အရွံ့ကင်းမဲ့စွာပင်

နဂါးနက်ကြီးကိုမော့ကြည့်လိုက်လေသ

ည်။

နဂါးနက်ကြီးက ရုတ်တရက် "ဒီတော့ မင်းပဲပေါ့"

သူက ယန်ယဲ့ကို ကောင်းကောင်းကြီးမှတ်မိနေတာပါ။ အဓိကကတော့ ရှောင်ချီကြောင့်ပါ။

ယန်ယဲ့က "အကြီးအကဲနဂါး၊ လောကသုံးပါးကို ပြန်မသွားဘူးလား"

နဂါးနက်က "ဒါဟာ

မင်းကိစ္စမဟုတ်ဘူး"ဟုသာပြန်ဖြေသည်။

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး

"ငါမေးကြည့်ရုံပါ"

နဂါးနက်က ယန်ယဲ့ကို ငုံ့ကြည့်ကာ

"လူသား၊ ရှောင်ချီ နဲ့

မင်းရဲ့ဆက်ဆံရေးက ဘာလဲဆိုတာ

ငါဂရုမစိုက်ဘူး၊ ဒါပေမဲ့

သူ့အဆင့်အတန်းက

မင်းလက်လှမ်းမမီတဲ့အရာတစ်ခုဆိုတာ

သဘောပေါက်ရမယ်။မင်းတို့နှစ်ယောက်

လုံး…”

ယန်ယဲ့က သူ့လက်ကိုဝှေ့ယမ်းကာ

စကားဖြတ်ပြောလိုက်သည်

"အကြီးအကဲ၊ ငါ့ကို

ပွင့်ပွင့်လင်းလင်းပြောခွင့်ပြုပါ။ ဒါက ငါနဲ့သူမကြားကပါ"

နဂါးနက်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ထို့နောက် အထက်ကောင်းကင်ယံမှ ကြောက်မက်ဖွယ် နဂါးဖိအားလှိုင်းများ ဆင်းသက်လာသည်။

နဂါးမျိုးနွယ်၏သွေးမျိုးဆက်ဖိအား …။

သဘာဝတရား၏ စွမ်းအားထက်ပင်
ပိုပြီးကြောက်စရာကောင်းလှသည်။
ဤအချိန်တွင် ယန်ယဲ့က သူ့အပေါ်ကို
ကောင်းကင်ကြီးပြိုကျလာသလို
ခံစားလိုက်ရသည်။

သို့သော် သူက အသက်ပြင်းပြင်းရှူပြီး
ရှေ့ကို တစ်လှမ်းတိုးလိုက်သည်။

သူ့ထံမှ

ပြင်းထန်သောဓားအငွေ့အသက်များနှင့်

စွမ်းအားစက်ကွင်းတစ်ခု

ပျံ့လွင့်လာသည်။ ဤအခိုက်အတန့်တွင်

ယန်ယွဲ့က မတတ်နိုင်တော့ဘဲ

ဓားနယ်မြေကိုအသက်သွင်းရသည်။

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့်တပြိုင်နက်

စွမ်းအင်ဓားတစ်ချောင်း

ရုတ်တရက်ပေါ်လာသည်။

ထိုခဏလေးမှာပဲ နဂါးဖိအားများဟာ အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားတော့သည်။

"ဓားနယ်မြေ...." နဂါးနက်ကြီး၏အသံက အနည်းငယ်အံ့သြနေပုံပါ။

ယန်ယွဲ့က နဂါးနက်ကြီးကို စိုက်ကြည့်ပြီးနောက် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

ကောင်းကင်ယံအထက်၌ မမြင်နိုင်သော

ချိတ်ပိတ်စည်းတစ်ခု ချထားကြောင်း

ကောင်းကောင်းခံစားမိနိုင်လို့ပါ။

ထို့အပြင် ၎င်းက သူချိုးဖျက်ခဲ့သော

ချိတ်ပိတ်စည်းထက် အဆပေါင်းများစွာ

ပိုပြီးအစွမ်းထက်ခဲ့သည်။

ထိုချိတ်ပိတ်စည်းကို အောင်မြင်စွာ

ဖြတ်ကျော်ဖို့ သူ့ကိုယ်သူ မယုံကြည်ပေ။

ယန်ယဲ့က အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေပြီးမှ နောက်လှည့်၍

ထွက်ခွာသွားခဲ့သည်။

ဤအတောအတွင်း နဂါးနက်က

"ကလေး၊ ရှောင်ချီ နဲ့

မင်းရဲ့ဆက်ဆံရေးက ဘယ်လိုလဲ"

ယန်ယဲ့က ရပ်လိုက်ပြီး

"မိတ်ဆွေတွေ"ဟုသာ ပြန်ပြောခဲ့သည်။

"မိတ်ဆွေလား" နဂါးနက်က

အသံတိုးတိုးဖြင့်ပြောလိုက်သည်

“ကလေး၊ မင်းဟာ

သတ်ဖြတ်ခြင်းနှလုံးသားကို

ပိုင်ဆိုင်ထားသလို

သတ်ဖြတ်ခြင်းစိတ်ဆန္ဒပါ

နားလည်သွားပြီ။ ဒါပေမဲ့

အဲဒါတွေအားလုံးက အရေးမကြီးပါဘူး။

အရေးအကြီးဆုံးကတော့ မင်းဟာ

နတ်ဆိုးနည်းစနစ်နဲ့ ရှာမန်မျိုးနွယ်ရဲ့

နည်းစနစ်တွေကို ကျင့်ကြံထားတယ်။

သူ့အဖေက ဒီအကြောင်းကိုသိရင်

မင်းတော့ သေချာပေါက်

အသတ်ခံရလိမ့်မယ်"

ယန်ယဲ့က နဂါးနက်ကို

ပြန်လှည့်ကြည့်ရင်း "အကြီးအကဲ၊

မင်းက လောကသုံးပါး ကဆိုတော့ ရှာမန်ဖန်ဆင်းရှင် ကို သိတယ်မဟုတ်လား”ဟုမေးလိုက်၏။

နဂါးနက် က "ဒါပေါ့။ ငါသူ့ကို ကောင်းကောင်းသိတာပေါ့"

ယန်ယဲ့က ထပ်မေးလိုက်သည် "လူသားအင်ပါယာအရှင်နဲ့ ကောင်းကင်အင်ပါယာအရှင်က

သန်မာတယ်ဆိုတော့

ရှာမန်ဖန်ဆင်းရှင်ကို ဘာလို့

မသတ်ကြတာလဲ"

နဂါးနက်က

ကြောင်တောင်တောင်ဖြစ်သွားကာ

စကားမပြောနိုင်တော့ပေ။

ယန်ယွဲ့က  အထင်အမြင်သေးစွာဖြင့်

ရယ်မောရင်း "ကြီးမြတ်တယ်ဆိုတာ

တကယ်တော့ လိမ်ညာတာသက်သက်ပဲ။

သန်မာတဲ့သူကိုကြောက်တယ်၊

အားနည်းသူတွေကို အနိုင်ကျင့်တယ်။

ဒါဟာ အမှန်တရားပဲ။

ကောင်းကင်အင်ပါယာအရှင်နဲ့

ပတ်သက်လို့… ရိုးရိုးသားသား

ဝန်ခံပါရစေ၊ ငါက သူ့ရဲ့သမီးတော်နဲ့

မိတ်ဆွေဖြစ်နေတာ။ သူနဲ့ မဟုတ်ဘူး။

ငါဘယ်သူလဲ၊ ငါဘယ်လို

ကျင့်ကြံတယ်ဆိုတာ

သူ့ရဲ့သောက်ကြောင်းမရှိဘူး”

နဂါးနက်က အေးစက်စက် ရယ်မောရင်း

ပြန်ပြောလိုက်သည် “ကလေး၊

မင်းကိုယ်မင်း

တကယ်မောက်မာနေတယ်ဆိုတာ

သတိထားမိလား”

ယန်ယွဲ့က "ငါမထင်ပါဘူး"

နဂါးနက်က ဆက်ပြောခဲ့သည် "ကလေး၊

မင်းက ဓားနယ်မြေကို

နားလည်ထားတယ်ဆိုပြီး ကိုယ့်ကိုယ်ကို

အရမ်းသန်မာတယ်လို့ မထင်ပါနဲ့။

လူသားအင်ပါယာအရှင် နဲ့

ကောင်းကင်အင်ပါယာအရှင်က

မင်းထက် အဆတစ်ရာမက

သန်မာတယ်။ ဒါ့အပြင် သူတို့ကို

မပြောနဲ့ဦး။ သူတို့ရဲ့

လက်အောက်ငယ်သားတွေတောင်
မင်းကိုသတ်ဖို့လုံလောက်တယ်။
ဒါ့ကြောင့် မင်းဟာ အမြဲတမ်း
မောက်မာမနေသင့်ဘူး။ ကိုယ့်ကိုယ်ကို
နှိမ့်ချနေသင့်တယ်...”

ယန်ယဲ့က ရုတ်တရက်
စကားဖြတ်ပြောကာ မေးလိုက်သည်
"သူတို့ အသက်ရှင်နေတာ
ဘယ်လောက်ကြာပြီလဲ"

နဂါးနက်က
ဘာပြန်ပြောရမှန်းမသိတော့ပေ။

ယန်ယဲ့က နဂါးနက်ကို
တည့်တည့်စိုက်ကြည့်ကာ "ငါ့ကို
နောက်ထပ် ၁၀ နှစ်လောက်
အချိန်ပေးခဲ့ရင် သူတို့နှစ်ယောက်လုံး
ငါ့ရှေ့မှာ ဒူးထောက်နေရလိမ့်မယ်"

ဟုပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။

နဂါးနက်က နေရာတွင်

အံ့အားသင့်ကျန်နေခဲ့၏။

...

ယန်ယဲ့ သည်

ကောင်းကင်တိုင်တောင်တန်းမှ

ဆင်းလာပြီးနောက် ယန်လျန်ရှမ်း ဆီသို့ ပြန်သွားရန် ပြင်လိုက်သည်။

သို့သော်လည်း သူ့အနီးနားမှ စူးစူးဝါးဝါး အော်သံတစ်သံ

ထွက်ပေါ်လာသည်။ထို့နောက်တွင်တော့ ရွှေရောင်တုတ်တံချောင်းတစ်ချောင်းက ကောင်းကင်ကို

ဖြတ်ရိုက်ချလိုက်ကြောင်း

မြင်လိုက်ရတော့သည်။

အုန်း…

ရောမ ပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။ ဤအချိန်တွင်

တောင်တန်းကြီးတစ်ခုလုံး ပြင်းထန်စွာ

တုန်လှုပ်သွားသည် ။

မျောက် လား။…. ယန်ယွဲ့က

ခဏာမျှတုံ့ဆိုင်းသွားပြီး

ထိုလမ်းကြောင်းအတိုင်း

ခုန်ထွက်သွားသည်။

အချိန်သိပ်မကြာလိုက်ပေ။ မျောက်ကို

တွေ့လိုက်၏။ ဤအချိန်တွင် မျောက်က

ကတုံးနှင့် မျက်နှာချင်းဆိုင်

ရပ်နေခဲ့သည်။

ယန်ယဲ့က လှမ်းကြည့်လိုက်ရာ

ကတုံး၏လက်ဝါးပေါ်တွင်

လက်ဝါးအရွယ်ရွှေရုပ်တုလေးတစ်ခုရှိနေ
သည်ကို မြင်လိုက်ရသည်။

ယန်ယဲ့က မြင်သောအခါ မျောက်က
အနည်းငယ်သက်သာရာရသွားပုံဖြင့်
"ကောင်လေး၊ မင်းဒီကိုရောက်နေပြီ။
လာ။ မင်းက သူ့ကို တိုက်ခိုက်မှာလား
ဒါမှမဟုတ် ငါတို့နှစ်ယောက်ပေါင်းပြီး
သူ့ကို သတ်မှာလား”

ယန်ယဲ့က မျောက်ကို ထိတ်လန့်စွာ စိုက်ကြည့်နေသည်။

May Be:

၂၂၃၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့ )]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၃၉ - ဗုဒ္ဓရှေ့ခန္ဓာကိုယ်

"ဒီ္္ယိုး မျောက်.." ယန်ယဲ့က

သူ့စိတ်ထဲကနေ ကျိန်ဆဲလိုက်သည်။

ထောင်ချောက်တစ်ခုဖြစ်နေလို့ပါ။

ထိုမျောက်စုတ်က သူ့အား

ထောင်ချောက်ထဲ ပစ်ချဖို့

မမျှော်လင့်ထားပေ။

အသေအချာပင်။ ကတုံးက သူ့ကို အေးစက်စက်မျက်လုံးများဖြင့် စိုက်ကြည့်နေခဲ့လေသည်။

သို့သော်လည်း ယန်ယဲ့က သဘာဝအတိုင်း ကြောက်မသွားပေ။ ဤအခိုက်အတန့်တွင် သူက အလယ်စကြာဝတစ်ခုလုံးရှိ မည်သူ့ကိုမျှမကြောက်တော့ဟုပြောရပါမည်။

ယန်ယဲ့က ဘာမှပြန်မပြောဘဲ ကတုံးကို

စိုက်ကြည့်နေသည်။ ၎င်းက

သူ၏ရန်သူဖြစ်နေလို့ပါ။ ထိုကတုံးက

သူ့ကိုသတ်ပြီး

ရွှေဓားကို လုယူဖို့ကြံစည်ခဲ့သည်။ သူက

သဘာဝအတိုင်း

မေ့ထားနိုင်မည်မဟုတ်ပေ။

ဤအချိန်တွင် ကတုံးက ရုတ်တရက်

ပြောခဲ့သည် “ယန်ယွဲ့၊ ဒါဟာ ငါ့ဗုဒ္ဓဂိုဏ်း

နဲ့ ဒီတိရစ္ဆာန်ကြားက ရန်ငြိုးတွေ။ ဒါကို

ဝင်ပြီး မစွက်ဖက်ဖို့ ငါအကြံပေးသည်။

မဟုတ်ရင်  လောကသုံးပါးကို

ရောက်သွားတဲ့အခါကျ မင်းအတွက်

ဘယ်မှာမှ လုံခြုံမှာ မဟုတ်ဘူးလို့

ငါပြောချင်တယ်"

"ဗုဒ္ဓဂိုဏ်း လား" ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်ကာ မျောက်ကို ကြည့်လိုက်သည် "ဒါက သာမန်ဂိုဏ်းတစ်ခုလိုပါပဲ၊ ဒါပေမဲ့ တော်တော်အင်အားကြီးတယ်"

လောကသုံးပါး၏ ထိပ်သီးအင်အားစုကြီးတစ်ခုပင်။

ယန်ယဲ့က ကတုံးကိုစိုက်ကြည့်ပြီးနောက်

မျောက်ကို စိုက်ကြည့်သည်။

နောက်ဆုံးတွင် သူက

တွေဝေမနေတော့ဘဲ

ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

သူ၏နှလုံးသားထဲမှ စိတ်ဆန္ဒတစ်ခုကို

ထုတ်ဖော်လိုက်သည်နှင့်

တလက်လက်တောက်ပနေသော

ဓားတစ်ချောင်းက ကတုံး ဆီသို့

တည့်တည့်ပြေးဝင်သွားသည်။ ကတုံးက
အခုလက်ရှိ တစ်ယောက်တည်း
ဖြစ်နေသော်လည်း အတော်ကို
လျှို့ဝှက်ဆန်းကြယ်လှသည်။ ယန်ယဲ့က
မျောက်ကို မကူညီရင်တောင်
လောကသုံးပါးကို တက်သွားသည်နှင့်
ကတုံးက သေချာပေါက်
လွှတ်ပေးမည်မဟုတ်ပေ။
ဆန့်ကျင်ဖက်အနေနှင့် မျောက်က

ရက်စက်ကြမ်းတမ်းသော်လည်း

မိတ်ဆွေဖွဲ့ထိုက်သူပါ။

ယန်ယဲ့က ရုတ်တရက်ကြီး

တိုက်ခိုက်လိုက်သောအခါ

မျောက်၏အမူအရာက အနည်းငယ်

ပြောင်းသွားသည် "ကောင်လေး၊

သတိထား...."

အုန်း...

မျောက်၏ သတိပေးသံပင်မဆုံးသေး၊
ယန်ယဲ့၏ပုံရိပ်က ၁၀
ကီလိုမီတာအကွာသို့
လွင့်ထွက်လာသည်။

ယန်ယဲ့က ရပ်တန့်လိုက်သည်နှင့်
သူ၏ရင်ဘတ်ကို
ပြန်ငုံ့ကြည့်လိုက်သည်။သူ့ရင်ဘတ်မှာ
ရွှေရောင်လက်ဝါးရာတစ်ခု ရှိနေခဲ့သည်။

ထို့အပြင် သူ့ရင်ဘတ်ပေါ်ရှိ

အရေပြားတစ်ဝိုက် အက်ကွဲနေခဲ့သည်။

ယန်ယဲ့ က တုန်လှုပ်မသွားဘဲ

တော်တော်လေး အံ့သြသွားမိသည်။

နောက်ဆုံးတွင် လက်ရှိသူ့ခန္ဓာကိုယ်က

မြင့်မြတ်အဆင့်မဟုတ်ပါလား။

သို့သော်လည်း ကတုံး၏ လက်ထဲမှ

ရွှေရုပ်တုက

သူ့အားဒဏ်ရာရသွားစေခဲ့သည်။

ယန်ယဲ့က ကတုံးကို

မော့ကြည့်လိုက်သည်။သို့မဟုတ်

ပိုတိကျအောင်ပြောရလျှင် သူက

ကတုံး၏လက်ထဲမှ ရွှေရုပ်တုလေးကို

စိုက်ကြည့်နေတာပါ။

အဲဒါဘာလဲ ။

“ဒါက ဗုဒ္ဓဂိုဏ်းရဲ့ နတ်ရတနာပဲ”
မျောက်က ရုတ်တရက်ပြောခဲ့သည်
“ဒါဟာ ဗုဒ္ဓတစ်ပါးရဲ့ ရွှေရုပ်တုပဲ”

ယန်ယဲ့က "ဗုဒ္ဓတစ်ပါးရဲ့ ရွှေရုပ်တု၊
အဲဒါကဘာလဲ"

မျောက်က “အင်မတန်
အစွမ်းထက်တဲ့နတ်လက်နက်တစ်ခု။

တကယ်လို့ ငါသာ ဒဏ်ရာမရခဲ့ရင်တော့

ဗုဒ္ဓရုပ်တုကိုမပြောနဲ့

အဲဒီဗုဒ္ဓကိုယ်တိုင် ရောက်လာရင်တောင်

ကြောက်နေမှာမဟုတ်ဘူး။ ဒါပေမဲ့

အခုတော့ ငါအဲဒါနဲ့ပတ်သက်လို့

ဘာမှမတတ်နိုင်ဘူး”

ယန်ယဲ့က ရွှေရုပ်ထုကို

ခဏစိုက်ကြည့်နေပြီးနောက်

သူ့လက်ဝါးကို

လှန်လိုက်သည်။သူ့လက်ထဲတွင်

မြင့်မြတ်သောစား ပေါ်လာခဲ့သည်။

ထို့နောက် နေရာတွင်ပင်

ပျောက်သွားခဲ့သည်။

ကတုံး၏ ပါးစပ်ထောင့်မှ

လျှောင်ပြောင်ရိပ်တစ်ခု ပေါ်လာခဲ့သည်။

ထိုခဏလေးမှာပဲ သူ၏လက်ဝါးပေါ်မှ

ရွှေရုပ်တုက ဖြည်းညှင်းစွာ လွင့်ပျံလာပြီး

ရွှေရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။ထို့နောက်တွင်တော့

ကောင်းကင်ယံအထက်မှ

ရွှေရောင်လက်ဝါးကြီးတစ်ဖက်

ဆင်းသက်လာပါတော့သည်။

ဂျုန်း....

ယန်ယွဲ့က သူ၏ရင်ဘတ်မှ

စူးခနဲနာကျင်မှုကို ခံစားလိုက်ရသည်။

သူက တုံ့ပြန်နိုင်စွမ်းပင်မရှိဘဲ ကီလိုမီတာ

အတော်ဝေးဝေးထိပင်

လွင့်ထွက်သွားခဲ့သည်။

ကတုံးက ထပ်မံတိုက်ခိုက်ရန်

ပြင်လိုက်၏။ ဤအချိန်တွင်

ရွှေတုတ်ချောင်းက သူ့အပေါ်မှ

ရုတ်တရက် ဖြုတ်ရိုက်ချလာသည်။

သူက မပေါ့ဆဝံ့ဘဲ ယန်ယဲ့အား

လိုက်လံတိုက်ခိုက်ဖို့

ချက်ချင်းလက်လျှော့လိုက်သည် ။

သူ၏ဘယ်ဖက်လက်ကို

ရှေ့ဆန့်ကာ

ထူးဆန်းသောတံဆိပ်တစ်ခုကို

ဖန်တီးလိုက်သည်။ ထို့နောက်

သူ၏ညာလက်ပေါ်မှ ရွှေရုပ်တုက

ရွှေရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။ရွှေရောင်အလင်းတ
န်းက လေထဲသို့ လွင့်ထွက်ပျံလာကာ
ရွှေတုတ်ချောင်းကို ထိမှန်သွားသည်။

ဘုန်း....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီး ကောင်းကင်ယံသည်
ပြင်းထန်စွာ တုန်ခါသွားခဲ့သည်။
ထိုခဏလေးအတွင်း

ကောင်းကင်ယံတစ်ခုလုံး

ရွှေရောင်လွှမ်းသွားသည်။

ဤအခိုက်အတန့်တွင် ကီလိုမီတာ ၅၀၀

အကွာရှိ အာကာသပြင်ဟာ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းတစ်ခု

လွှမ်းခြုံထားခဲ့သည်။

ဓားနယ်မြေ....

ယန်ယဲ့က ရွေးချယ်စရာမရှိတော့ဘဲ

ဓားနယ်မြေကို ချက်ချင်းပင်

အသက်သွင်းလိုက်လေတော့သည်။

ထို့နောက် ရွှေဓားကို မြှောက်ကာ

ပိုင်းချလိုက်သည်။

ရွှေရောင်တလက်လက်တောက်ပနေ

သော ဓားစွမ်းအင်တစ်စင်းက

ကတုံးဆီသို့

တည့်တည့်တိုးဝင်သွားသည်။

ဤအချိန်တွင် ကတုံးက သူ့လက်ထဲရှိ ရွှေရုပ်တုကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ရွှေရုပ်တု၏ မျက်လုံးနှစ်လုံးမှ အလင်းတန်းနှစ်ခု ပြေးထွက်လာသည်။

အုန်း....

ကီလိုမီတာ ရာချီသော

အာကာသပြင်သည်

ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းကြီးတစ်ခု ထွက်လာသည်။

ထိုခဏလေးမှာပဲ

ယန်ယွဲ့၏ဓားစွမ်းအင်က

ချေဖျက်ခံလိုက်ရသည်။ ထို့နောက်

ယန်ယဲ့ နှင့် မျောက် ဟာ
နောက်ပြန်လှည့်ထွက်သွားကြသည်။

အသက်ရှူချိန် ၁၀
ရှိုက်စာခန့်အကြာတွင်တော့
ပတ်ဝန်းကျင်သည် ငြိမ်သက်သွားသည်။

ယန်ယဲ့က သူ့လက်ကို
တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ့လက်က ထုံကျင်နေကာ ရှိလို့ရှိမှန်းပင် မခံစားနိုင်တော့ပေ။

“ကလေး၊ ဒီရွှေရုပ်ထုက ဗုဒ္ဓဂိုဏ်းရဲ့ အနန္တတန်ခိုးရှင်တစ်ပါးပဲ။ မင်းကိုမပြောနဲ့ ငါ့ပင်မခန္ဓာကိုယ်က အဲဒီလူရဲ့ပင်မခန္ဓာကိုယ်ရှေ့မှာ ဘေးဖယ်ထားရမယ်" ဤအချိန်တွင် ယန်ယွဲ့၏စိတ်ထဲမှ ချုန်းချီ၏သတိပေးသံ

ထွက်ပေါ်လာသည် "အဲဒီလူ

ဘယ်လောက် သန်မာတယ်ဆိုတာ

မင်းမသိနိုင်ဘူး။ ငါဒီလိုရှင်းပြပါရစေ။

အဲဒီလူက မင်းရဲ့ဆရာ ထက်

အားမနည်းဘူး။ အခုနားလည်ပြီလား?"

တာအိုဝတ်ရုံအဘိုးအို နဲ့အဆင့်တူ....

ရွှေရုပ်တုဓါ်ပိုင်ရှင်က

တာအိုဝတ်ရုံအဘိုးအိုထက်

အားမနည်းပေ။

ယန်ယဲ့ လည်း

အနည်းငယ်မျက်နှာပျက်သွားသည်။

ဒါဆို မျောက်စုတ်က ထွက်ပြေးနေရတာ

အံ့ဩစရာမရှိတော့ဘူးပဲ။

ထိုရွှေရုပ်တုက ဗုဒ္ဓတစ်ပါး၏

ကိုယ်ပွားဖြစ်နေလို့ပါ။

ယန်ယဲ့က မျောက်ကို စိုက်ကြည့်ရင်း

"အစ်ကိုမျောက်၊ မင်းမှာ

အကြံရှိလား"ဟုမေးလိုက်သည်။

မျောက်က ခေါင်းယမ်းပြသည်။

ယန်ယဲ့က ကတုံးကို

မော့ကြည့်လိုက်ပြီးနောက် ရွှေရုပ်တုကို

စိုက်ကြည့်နေသည်။ အကယ်၍

ရွှေရုပ်တုသာ မရှိလျှင် ထိုကတုံးကို

အသာလေးသတ်ပစ်နိုင်၏။

သို့သော်လည်း....

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်
"အစ်ကိုချုန်းချီ၊ မူလစေတီက
ဒီရွှေရုပ်တုကို ဖိနှိပ်လို့မရဘူးလား"

"ဒါပေါ့၊ ရတယ်" ဟိုချင်က ရုတ်တရက်
ပြောပါသည် "ဒါပေမဲ့
ကြိုတင်သတ်မှတ်ချက်ကတော့ မင်း
ဒီရုပ်တုကို အထဲယူလာရမယ်"

မူလစေတီထဲကို ယူလာပါ။

ယန်ယဲ့က ခဏမျှ တိတ်ဆိတ်သွားသည်။

ထို့နောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ကတုံး၏ ပါးစပ်ထောင့်က

လျှောင်ပြောင်ရိပ်များသာ ပေါ်လာသည်

"မင်းရဲ့ခွန်အားကို

သိပ်ပြီးအထင်ကြီးနေတာပဲ"

ထိုစကားပြောလိုက်သည်နှင့်

တစ်ချိန်တည်းမှာပဲ သူ၏လက်ဝါးပေါ်မှ

ရွှေရုပ်တုက

အနည်းငယ်တုန်ခါလာသည်။ ထို့နောက်

ရွှေရောင်အလင်းတန်းများ တလက်လက်

ထွက်ပေါ်လာသည်။

ရွှေရောင်အလင်းတန်းတစ်ခုစီဟာ

ပတ်ဝန်းကျင်အာကာသပြင်

တစ်စစီဖြိုချပစ်နိုင်လောက်သည်။

ဤအခိုက်အတန့်တွင် ကီလိုမီတာ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားစက်ကွင်းတစ်ခု ရုတ်တရက်

ပေါ်လာပြီး ပတ်ဝန်းကျင်ကို

လွှမ်းခြုံသွား၏။

အနန္တဓားနယ်မြေ....

ယန်ယဲ့က ဓားနယ်မြေကို

အသက်သွင်းလိုက်တာပါ။ ဤအချိန်တွင်

ရွှေရောင်အလင်းတန်းက ရုတ်တရက်

နွေးကွေးသွားသည်။ ထိုခဏလေးမှာပဲ

မရေမတွက်နိုင်သော

ဓားစွမ်းအင်အလင်းတန်းများ

ဖြာထွက်လာကာ

ရွှေရောင်အလင်းတန်းများကို

အပိုင်းပိုင်းဖြတ်တောက်ပစ်လိုက်ကြသ
ည်။

ကတုံး၏အမူအရာက
သိသိသာသာပြောင်းလဲသွားသည်။
သူ၏လက်ထဲမှ ရွှေရုပ်တုက
နောက်တစ်ကြိမ် ပြင်းထန်စွာ
တုန်လှုပ်သွားတော့သည်။ ဤအချိန်တွင်
ယန်ယဲ့က ကတုံးရှေ့မှာ ရုတ်တရက်
ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

မြင့်မြတ်သောဓားက

ကတုံး၏ါနဖူးအလယ်တည့်တည့်သို့

ထိုးသွင်းလိုက်သည်။

သို့သော်လည်း

ရွှေရောင်လက်ဝါးကြီးတစ်ဖက်က

မြင့်မြတ်သောဓားကို

တားဆီးလိုက်သည်။

မြင့်မြတ်သောစားက ရှေ့ကို
ဆက်ပြီးမထိုးနိုင်တော့ပေ။

ကတုံး၏မျက်လုံးများက
လျှောင်ပြောင်သရော်လိုသောအမူအရာ
များပြည့်နှက်နေကာ "ယန်ယဲ့၊ ဒါဟာ
ငါ့ဗုဒ္ဓဂိုဏ်းက မြတ်သောဗုဒ္ဓရဲ့
ဗုဒ္ဓရွှေခန္ဓာကိုယ်ပဲ။ အဲဒါ…”

ဤအချိန်တွင် ယန်ယဲ့က ရွှေဓားကို

ရုတ်တရက် လွှတ်လိုက်သည်၊ ထို့နောက်

ကတုံး၏

အံ့အားသင့်နေသောအကြည့်အောက်မှာပ

င် ရွှေရုပ်တုကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်သည်။ သို့သော်

ရွှေရုပ်တုမှ အလင်းတန်းများ

ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့၏လက်နှစ်ဖက်လုံး
ပေါက်ကွဲလုနီးပါးပင်။

ယန်ယဲ့၏မျက်လုံးထဲမှ ပြင်းထန်သော
အလင်းတန်းတစ်ခု လင်းလက်လာပြီး
ခြေတစ်ချက်ဆောင့်ကာ
"ဖိနှိပ်လိုက်စမ်း...."

ထိုစကားပြောပြီးသည်နှင့်
ရွှေရောင်အလင်းတန်းက ချက်ချင်းပင်

မှိန်ဖျော့သွားခဲ့သည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့က
ရွှေရုပ်တုကို မူလစေတီထဲသို့
အမြန်ပစ်ထည့်လိုက်တော့သည်။

သို့သော်လည်း ယန်ယဲ့ သည်
ဤအချိန်တွင် မြေပြင်ပေါ်သို့
လဲကျလုနီးပါးပင်။

"မင်းဘယ်လိုလုပ်လိုက်တာလဲ" ကတုံးက
တုန်လှုပ်သွားသည်။ အကြောင်းမှာ သူက
ရွှေရုပ်တုနှင့်
စိတ်ဝိညာဉ်ဆက်သွယ်မှုပြတ်တောက်
သွားလို့ပါ။

ယန်ယဲ့က ပြန်မဖြေပါ။
ခြေတစ်ချက်ဆောင့်ကာ
နောက်ပြန်ဆုတ်သွားခဲ့သည်။

ဤအချိန်တွင် ကတုံးက

ရွှေရောင်အလင်းတန်းအသွင်ပြောင်းကာ

ယန်ယဲ့ဆီသို့ ခုန်ဝင်လာပါတော့သည်။

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ဤအခိုက်အတန့်တွင် သူက

တိုက်ခိုက်နိုင်စွမ်းမရှိတော့ပေ။

ဗုဒ္ဓရုပ်တုကို မူလစေတီထဲကို

ထည့်လိုက်နိုင်သော်လည်း သူက

အားကုန်လုနီးပါးပါ။

ဤအတောအတွင်း မျောက်က

ယန်ယဲ့ရှေ့မှာ ရုတ်တရက် ပေါ်လာသည်။

ထို့နောက် ရွှေတုတ်ကို

လက်နှစ်ဖြင့်ဆုပ်ကာ ကတုံးအား

တည့်တည့်ရိုက်ချလိုက်သည်။

ဘုန်း...

ပေါက်ကွဲသံကြီး နှင့်အတူ ကတုံးက

ကီလိုမီတာ ၃၀ ကျော်အထိပင်

လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ပါးစပ်ထဲမှ သွေးများ

အန်ထွက်လာသည်။

ဤအခိုက်အတန့်တွင် သူက

အလွန်ထိတ်လန့်သွားသည်။

ဤအချိန်တွင် သူ့လက်ထဲမှာ ရွှေရုပ်တု မရှိတော့သောကြောင့် ယန်ယဲ့နှင့် မျောက်ကို ရင်ဆိုင်နိုင်စွမ်းမရှိခဲ့ပေ။

နောက်ဆုံးတွင် သူက ထွက်ပြေးဖို့သာ စဉ်းစားလိုက်တော့သည်။

ထို့နောက် ကတုံးက ရွှေရောင်အလင်းတန်းအဖြစ်

ပြောင်းလဲကာ ကောင်းကင်အထက်သို့ ပြေးတက်သွားခဲ့သည်။

မျောက်က မျက်လုံးထဲမှာ လှောင်ပြောင်သရော်မှုတစ်ခုပေါ်လာသည် “မင်းပြေးနိုင်မယ်ထင်လား”

ထိုစကားပြောပြီးသည်နှင့် ညာခြေကို ဆောင့်ကာ ရှေ့သို့ ခုန်ထွက်လိုက်သည်။

"အား...."

အသက်ရှူချိန် ၂ ရှိုက်စာခန့်အကြာမှာပဲ ကောင်းကင်ယံမှ အော်ဟစ်ငြီးငြူသံထွက်ပေါ်လာခဲ့သည်။

အချိန် သိပ်မကြာမလိုက်ပေ။

မျောက်က ယန်ယဲ့ဆီကို ပြန်ရောက်လာပါသည်။ သူက

သို့လှောင်လက်စွပ်တစ်ကွင်း

ပစ်ပေးလိုက်ပြီး "ဒါက ဟိုကတုံးရဲ့ဟာ။

ငါ မင်းကို ပေးလိုက်မယ်။

မင်းတစ်ခုခုလိုအပ်ရင်

ငါ့ကိုလှမ်းပြောလိုက်"

စကားပြောပြီးသည်နှင့် တပြိုင်နက်

နောက်လှည့်ကာ ကောင်းကင်ပေါ်မှာပဲ

ပျောက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ လည်း
ခဏမျှငြိမ်သက်နေပြီးနောက်
ထွက်ခွာသွားခဲ့သည်။

၁၅ မိနစ်ခန့်အကြာတွင်တော့ ယန်ယဲ့က
လုံခြုံသောနေရာတစ်ခုကို ရှာကာ
မူလစေတီထဲသို့ ဝင်လာခဲ့သည်။

ဤအခိုင်အတန့်တွင်
သူ၏ဒဏ်ရာများကို
ပြန်ပြီးကုသရပေမည်။

၁ နာရီခန့်အကြာတွင်...

မူလခရမ်းရောင်စွမ်းအင်၏
ပြန်လည်ကုသခြင်းစွမ်းရည်ဖြင့်
ယန်ယဲ့ဟာ
အပြည့်အဝပြန်ကောင်းလာခဲ့သည်။

ထို့နောက် ရွှေရုပ်ထု ဆီသို့
သွားလိုက်သည်။ ချုန်းချီ နှင့် ဟိုချင်ပါ
ရွှေရုပ်တုရှေ့တွင် ရှိနေကြသည်။

ဤအချိန်တွင် ရွှေရုပ်ထုက
အလွန်ငြိမ်သက်နေခဲ့သည်။ သို့သော်
မှိန်ဖျော့ဖျော့
ရွှေရောင်အလင်းတန်းများ
ထွက်ပေါ်လာသည်။

ဟိုချင်က ရုတ်တရက် ပြောလိုက်သည်

"အဲဒါကို ဝါးမျိုလိုက်ရင် မင်းက

ဗုဒ္ဓဂိုဏ်းရဲ့ ဗုဒ္ဓရွှေခန္ဓာကိုယ်ကို

ပိုင်ဆိုင်လိမ့်မယ်"

ယန်ယွဲ့က အနည်းငယ်

အံ့အားသင့်သွားသည်။ ဤအချိန်တွင်

ရွှေရုပ်ထုက ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်

ရွှေရောင်အလင်းတန်းများ

ဖြာထွက်လာကာ ပတ်ဝန်းကျင်ကို

လွှမ်းခြုံထားလေသည်။

သို့သော်လည်း ဟိုချင်နှင့် ချုန်းက

ခေါင်းခါလိုက်သည်။ နှစ်ယောက်စလုံး၏

အကြည့်များက ရွှေရုပ်ထုကို

သနားနေပုံပါ။

May Be:

၂၂၄၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့ တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၀ - ဖန်းယု

ဗုဒ္ဓရွှေရုပ်ထုက အမှန်ပင် ကြောက်စရာကောင်းလှသည်။

သို့သော် မူလစေတီနှင့် ယှဉ်နိုင်မည်လား။

ယန်ယဲ့က မူလစေတီအကြောင်း
ကောင်းကောင်းသိထားလေရာ
ရွှေရုပ်ထုအစား
အနည်းငယ်ပင်တုန်လှုပ်သွားမိသည်။

ဤအချိန်တွင်
အထက်ကောင်းကင်ပြင်က
တစ်ချက်တုန်ခါသွား၏။
ထိုလနောက်တွင် ကြောက်မက်ဖွယ်ရာ

ဖိအားလှိုင်းများ

ဆင်းသက်လာပါတော့သည်။

ချုန်းချီ နှင့် ဟိုချင်

တို့နှစ်ယောက်ပင်မျက်ခွံများ

လှုပ်ယမ်းသွားကာ

ကမန်းကတန်းနောက်ပြန်ဆုတ်သွားကြ

သည်။

ဤအခိုက်အတန့်တွင် မူလစေတီက
အတော်လေးကိုဒေါသထွက်နေမှန်းသိ
သာပါသည်။ ထို့ကြောင့် တတ်နိုင်သမျှ
အဝေးမှာနေဖို့သာ အကောင်းဆုံးပါ။

ကြောက်မက်ဖွယ် ဖိအားလှိုင်းများ
ရွှေရုပ်ထုအပေါ်သို့ ကျဆင်းသွားသည်။

ဘမ်း...

ရွှေရုပ်ထုကို မြေပေါ်သို့ အဆက်မပြတ်

ထုရိုက်နေသလိုပင်။ သို့သော်လည်း

ရွှေရုပ်ထုက ဆန့်ကျင်တုန်းပါ။

ရွှေရောင်အလင်းတန်းများ

တလက်လက်ထွက်ပေါ်နေပါသည်။

ဤအချိန်တွင်

မမြင်နိုင်သောဖိအားများက

ထွက်ပေါ်လာသော
ရွှေရောင်အလင်းတန်းများကို
ဝါးမျိုပစ်လိုက်သည်။

သို့သော် ရွှေရုပ်ထုက လက်လျှော့ဖို့
ငြင်းဆန်နေတုန်းပင်။

ယန်ယွဲ့၏မျက်နှာပေါ်တွင်လည်း
လေးနက်သော အမူအရာတစ်ခု

ရှိနေခဲ့သည်။ ရွှေရုပ်တက

အမှန်ပင်ထူးခြားလှသည်။

မူလစေတီကို

မယှဉ်နိုင်မှန်းသိနေသည့်တိုင်

အချိန်တော်တော်ကြာသည်အထိ

တောင့်ခံနေတုန်းပါ။ ကံမကောင်းစွာပဲ

မည်မျှပင်ဆန့်ကျင်နေပါစေ

မူလစေတီ၏ဖိအားကို

ချေဖျက်နိုင်စွမ်းမရှိခဲ့ပေ။

နောက်ဆုံးတွင်

ရွှေရောင်အလင်းတန်းများဟာ

မှိန်ဖျော့လာပြီး

ပျောက်ကွယ်သွားတော့သည်။

ဒီအချိန်မှာ ရွှေရုပ်ထုက မြေပြင်ပေါ်မှာ

ပြုတ်ကျနေခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်က

တစ်ဖန်ပြန်ပြီးငြိမ်သက်သွားသည်။

ဟိုချင်က ရုတ်တရက် ပြောလိုက်သည်

 "အဲဒါကို ဝါးမျိုလိုက်"

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး "ငါ ထိန်းချုပ်လို့ရမလား" ဟု မေးလိုက်သည်။

ဟိုချင်က ခေါင်းခါလိုက်သည် “ဒါဟာ ဗုဒ္ဓဂိုဏ်းရဲ့ နတ်ရတနာပါ။ မင်း သူတို့ရဲ့ နည်းစနစ်တွေကို မသိဘူး။ ဒီတော့ မင်း

ထိန်းချုပ်လို့ မရဘူး။ အဲဒါကို ဝါးမျို

လိုက်တာက မင်းရဲ့ခန္ဓာကိုယ်ကို

သန်မာစေနိုင်ျယ်”

ဤအတောအတွင်း ချုန်းချီ က

ရုတ်တရက် ပြောခဲ့သည် "ဒါပေမဲ့

မင်းအနာဂတ်မှာ အများကြီး

ဒုက္ခရောက်နိုင်တယ်"

"ဒုက္ခရောက်မှာလား" ယန်ယဲ့က

ချုန်းချီကို

စိုက်ကြည့်ရင်း "ဗုဒ္ဓဂိုဏ်းက

အရမ်းအားကောင်းသလား"

ချုန်းချီ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"သူတို့ရဲ့ဘိုးဘေးက မင်းရဲ့ဆရာနဲ့

အဆင့်တူ။ ဒါကို မင်းဘယ်လိုထင်လဲ"

ယန်ယဲ့က မျက်ခွံများ

တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

ဟိုချင်က ရုတ်တရက်ပြောခဲ့သည်

"ဘာမှကြောက်စရာမရှိပါဘူး။

သူ့ပတ်ဝန်းကျင်မှာ

ကံကြွေးအမျိုးမျိုးရှိနေပြီ။ ဒါဆို

နောက်တစ်ခု ထပ်ပေါင်းလိုက်တော့

ဘာတွေပြောင်းလဲသွားမှာလဲ။

အများကြီးမတွေးပါနဲ့။ မင်းရဲ့ခွန်အားကို မြှင့်တင်ဖို့ပဲစဉ်းစား”

ယန်ယဲ့က ခဏမျှ စဉ်းစားပြီး "ငါလည်း ဒီလိုပဲထင်တယ်"

ဤအခိုက်အတန့်တွင် သူက မျိုးနွယ်စုအသီးသီး၏ နည်းစနစ်များကို လေ့ကျင့်ထားလေရာ ဗုဒ္ဓဂိုဏ်းနှင့်

ရန်သူဖြစ်လာလျှင်ပင်

သိပ်ပြီးကွာခြားမှုမဟုတ်တော့ချေ။

ချုန်းချီ က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး ပြောသည် "မင်း

အဲဒီကိုတက်သွားမယ့်နေ့

ငါတကယ်မျှော်လင့်နေတယ်"

ယန်ယဲ့က အံ့ဩသွားပြီး

"ဘာလို့လဲ"ဟုပြန်မေးလိုက်၏။

ချန်းချီ က လစ်လျူရှုပြီး

"မင်းဘယ်လိုရှင်သန်နေလဲဆိုတာ

ငါကြည့်ချင်တယ်"

ယန်ယဲ့က ဘာပြန်ပြောရမှန်းပင်

မသိတော့ပေ။

ထို့နောက် အချိန်မဖြုန်းနေတော့ဘဲ

ရွှေရုပ်ထုကို စတင်စုပ်ယူလိုက်သည်။

သူတစ်ယောက်တည်းသာရှိနေရင်တော့

ဝါးမျိုဖို့ စဉ်းစားရဲမည်မဟုတ်ပေ။

ဤရွှေရုပ်ထုက

ဗုဒ္ဓကိုယ်ပွားပင်မဟုတ်ပါလား။

သို့သော်လည်း သူ့တွင်

မူလစေတီရှိနေသောကြောင့်

သိပ်ပြီးဂရုမစိုက်ပေ။

ရွှေရုပ်ထုကို ဝါးမျိုလိုက်သည်နှင့်

တပြိုင်နက်

ယန်ယဲ့၏ခန္ဓာကိုယ်ဟာပြင်းထန်စွာ
တုန်ခါသွားသည်။ ထို့နောက်
ရွှေရောင်အလင်းတန်းများ
ဖြာထွက်လာပါတော့သည်။

ချုန်းချီ က ဟိုချင်ကို စိုက်ကြည့်ပြီး "မင်း
ဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

ဟိုချင်က ဘာမှမထူးခြားဘဲ "သူ့ကို သူရင်ဆိုင်ရမယ့်ကံကြမ္မာဆီ ပို့နေတယ်လို့ မင်းထင်နေတာလား"

ချုန်းချီ က  “ဗုဒ္ဓဂိုဏ်းရဲ့ ကတုံးတွေကကြောက်စရာကောင်းတယ်” ဟု ပြန်ဖြေသည်။

ဟိုချင် က ခဏမျှငြိမ်သက်သွားပြီး "ကြောက်စရာမရှိဘူး၊ သူက လူတိုင်းကို

စော်ကားသလိုဖြစ်နေပြီ။ ဒါဆို ဘာထူးသေးလဲ"

ချုန်းချီက ငြိမ်သက်သွားသည်။ ယန်ယဲ့သည် လောကသုံးပါးကို မရောက်သေးပေ။ သို့သော်လည်း လောကသုံးပါးရှိ အနန္တတန်ခိုးရှင်များကို ပြဿနာရှာမိထားပေပြီ။ ထို့အပြင် ထိုစွမ်းအားရှင်များထဲမှ တစ်ယောက်က သာမန်မဟုတ်ပေ။

ဤအချိန်တွင် ဟိုချင်က

ရုတ်တရက်ပြောခဲ့သည်

“မင်းသတိမထားမိဘူးလား။

သူ့အခြေအနေက တော်တော်ဆိုးနေပြီ။

ဒါဆို ဘယ်လောက်တောင်

ပိုဆိုးသွားနိုင်လဲ။ဒါ့ကြောင့်

အရာအားလုံးကို စွန့်စားလိုက်တာနဲ့

လုံးဝသန်မာလာအောင် လုပ်တာက

ပိုမကောင်းဘူးလား။ အဲဒီအခါမှာ

အသက်ရှင်ဖို့
အခွင့်အလမ်းပေါ်လာလိမ့်မယ်”

ချုန်းချီ က ပြန်မပြောဘဲ
တိတ်ဆိတ်နေခဲ့သည်။

ဟိုချင်က ယန်ယွဲ့ကို လှမ်းကြည့်ကာ
မျက်လုံးထဲ၌ ရှုပ်ထွေးပွေလီသော
ခံစားချက် အရိပ်အယောင်များဖြင့်
"အစကတော့ သူ့ကို ငါ့ရှာမန်မျိုးနွယ်ထဲ

ဆွဲခေါ်ဖို့ စဉ်းစားမိသေးတယ်။ ဒါပေမဲ့ အခုတော့ ငါ့ရှာမန်မျိုးနွယ်တောင် သူ့ကို လက်မခံရဲလောက်ဘူးထင်တယ်”

ချုန်းချီ က ရုတ်တရက်ပြောလိုက်သည် "ငါ့နတ်မိစ္ဆာမျိုးနွယ် လည်း ဒီအရူးကို လက်ခံထားရဲမှာ မဟုတ်ဘူး"

ဟိုချင်က တဟားဟားရယ်ပြီး “တကယ်တော့ သူ့နောက်မှာ ရှိနေတဲ့

အဲဒီလူသုံးယောက်ကို

ငါတကယ်တွေ့ချင်နေတာ"

ချုန်းချီက "သူ့ရဲ့ကံကြမ္မာကို ၃

ကြိမ်တိတိ ပြောင်းလဲပေးခဲ့တဲ့

လူသုံးယောက်လား"

ဟိုချင်က ခေါင်းညိတ်ပြပြီး

“သူတို့ကိုယ်သူတို့ ပြရင်

တော်တော်အဆင်ပြေလိမ့်မယ်။အရေး

ကြီးဆုံးကတော့ သူ့ဆရာပဲ...

ဒီအဖိုးကြီးသာ

ထွက်လာရင်ပိုကောင်းမယ်။

အရာအားလုံးအပေါ်

သူ့ရဲ့သဘောထားက အဓိကပဲ”

ချုန်းချီ က ခေါင်းညိတ်လိုက်သည်။

တာအိုဝတ်ရုံအဘိုးအို သာ ယန်ယဲ့အား

တပည့်အဖြစ် အသိအမှတ်ပြုခဲ့လျှင်

ဘာပြဿနာမှ ရှိတော့မည်မဟုတ်ပေ။

အကြောင်းကတော့

လူသားအင်ပါယာအရှင်၊

ကောင်းကင်အင်ပါယာအရှင် သို့မဟုတ်

ဗုဒ္ဓပင်ဖြစ်စေ ယန်ယဲ့အား

တိုက်ခိုက်ရဲမည်မဟုတ်တော့လို့ပါ။

သို့သော်လည်း ယန်ယဲ့က

တာအိုဝတ်ရုံအဘိုးအို၏

အသိအမှတ်ပြုမခံရရင်တော့

လောကသုံးပါးကို

ရောက်သည်နှင့်သေချာပေါက်

အသတ်ခံရပေမည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဤအတောအတွင်း ယန်ယဲ့၏ခန္ဓာကိုယ်မှ

ဖြာထွက်နေသော

ရွှေရောင်အလင်းတန်းများဟာ ပိုပိုပြီး

အားကောင်းလာခဲ့သည်။သူ့ရှေ့တွင်

အစစ်အမှန် ရွှေရောင်ပုံရိပ်တစ်ခု တဖြည်းဖြည်း ပေါ်လာသည်။ ၎င်းသည် ယန်ယွဲ့ ဝါးမျိုလိုက်သော ရွှေရုပ်ထုပါ။ သို့ရာတွင် ယခင်ထက် အရွယ်အစားကြီးမားခဲ့သည်။

"ရွှေခန္ဓာကိုယ်" ဟိုချင်က ရုတ်တရက်ပြောလိုက်သည် "ဗုဒ္ဓဂိုဏ်းရဲ့ ဗုဒ္ဓရွှေခန္ဓာကိုယ်။အခုအချိန်မှာ

ကနဦးညာဏ်အလင်းသခင်တွေတောင်

ဒီကလေးကို ဘာမှမလုပ်နိုင်တော့ဘူး”

ချုန်းချီ က ခေါင်းညိတ်လိုက်ပြီး "ငါ

ဒီကလေးကို

တော်တော်မနာလိုဖြစ်မိတယ်"ဟုပြောပါ

သည်။

ဟိုချင်က ချုန်းချီကို ငုံ့ကြည့်ရင်း

"အခွင့်အရေးရရင် မင်း ဒါကို

ဝါးမျိုရဲမှာလား"

ချုန်းချီ က သူ့ခေါင်းကို

ပြတ်ပြတ်သားသား ခါလိုက်ပြီး "အဲဒီ

ထိပ်ပြောင်ကတုံးတွေကို ငါ

မစော်ကားချင်ဘူး"

ဟိုချင်က ယန်ယဲ့ကို လှမ်းကြည့်ရင်း

“ဒီကလေးကပဲ ဒီလိုလုပ်ရဲတယ်။

နောက်ဆုံးတော့ သူမလုပ်ဝံ့တဲ့

အရာမရှိဘူးလို့ ငါမထင်ဘူး”

ဤအချိန်တွင် ယန်ယဲ့၏မျက်လုံးများ

ရုတ်တရက်

ဖြည်းညှင်းစွာပွင့်လာသည်။သူ၏မျက်

လုံးနှစ်လုံးကနေ

ရွှေရောင်အလင်းတန်းနှစ်ခု

ပြေးထွက်လာသည်။

ဤအခိုက်အတန့်တွင် သူ၏မျက်လုံးက

ရွှေရောင်ပြောင်းနေခဲ့သည်။

သို့သော်လည်း သိပ်မကြာလိုက်ပါ၊

တဖြည်းဖြည်းနှင့် ပုံမှန်ပြန်ဖြစ်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ရှေ့မှ

ရွှေရောင်ပုံရိပ်က

ပျောက်ကွယ်သွားသည်။

ဟိုချင်က "မင်းအတွက် ဂုဏ်ယူပါတယ်"

ယန်ယဲ့က ပြုံးပြီး သူ၏လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်လိုက်သည်။ သူ၏လက်သီးပေါ်မှ ရွှေရောင်အလင်းတန်းများ တဖျပ်ဖျပ်လက်နေခဲ့သည်။

ဤအခိုက်အတန့်တွင် သူ့တစ်ကိုယ်လုံး ခွန်အားများ ပြည့်နေသလို ခံစားရသည်။

ယန်ယဲ့က ချုန်းချီကို ကြည့်ပြီး ရယ်မောလိုက်ပြီး "အစ်ကိုချုန်းချီ၊ ငါတို့တွေ ခဏလောက်လက်ရည်စမ်းကြမလား။ ဘယ်လိုလဲ"

ချုန်းချီက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "ငါတို့
လောကသုံးပါးကို ရောက်တာနဲ့ မင်းကို
စိတ်ကျေနပ်စေမှာပါ"ဟုသာပြောခဲ့သည်
။

ယန်ယဲ့က ဘာဆက်ပြောရမှန်းမသိပေ။

ဤအချိန်တွင် ဟိုချင်က ရုတ်တရက်
ပြောပါသည် "မင်း လောကသုံးပါးကို

မတက်ခင် ညာဏ်အလင်းသခင်အဆင့်ကို

အရင်ဆုံးချိုးဖျက်တာ အကောင်းဆုံးပဲ"

ယန်ယဲ့က ဟိုချင်ကို စူးစိုက်ကြည့်ပြီး

"မင်း ဘယ်လို အခြေအနေမျိုး

ရောက်နေပြီလဲ သိလား။

အဲဒီကိုတက်သွားရင် မင်းအတွက်

အေးချမ်းမှာမဟုတ်ဘူး။ ဒါကြောင့်

မင်းရဲ့လက်ရှိခွန်အားကို ကျေနပ်မနေပါနဲ့

အားကောင်းလာဖို့ ပိုကြိုးစားပါ"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က သူ၏လက်ဝါးကို
ရုတ်တရက်လှန်လိုက်ရာ
သိုလှောင်လက်စွပ်တစ်ကွင်း
ပေါ်လာသည်။

မျောက်က သူ့ကို ပေးထားခဲ့သော
သိုလှောင်လက်စွပ် ။

ယန်ယဲ့က အထဲကို

တစ်ချက်စစ်ကြည့်လိုက်သည်။

အထဲတွင် စာအုပ်တော်တော်များများ

ရှိနေကြောင်း သတိထားမိလိုက်သည်။

၎င်းက ဗုဒ္ဓဂိုဏ်းနှင့်

သက်ဆိုင်သောအရာများသာ။

ကျမ်းစာအုပ်အမျိုးမျိုး၊

ဗုဒ္ဓနည်းစနစ်များနှင့်

တိုက်ခိုက်ရေးနည်းစနစ်များပင်။

ထို့အပြင် လက်မအရွယ် အဖြူရောင်
ပုလဲတစ်လုံးပါရှိနေ၏။

ယန်ယဲ့က အဖြူရောင်ပုလဲကို
ထုတ်ယူလိုက်ရာ ဟိုချင်က
အံ့အားသင့်စွာဖြင့် "ဗုဒ္ဓရတနာတစ်ခုပဲ"

ယန်ယဲ့က ဟိုချင်ကို စိုက်ကြည့်နေသည်။
သူက "ဒါဟာ နတ်ရတနာတစ်ခုပါပဲ။
အဲဒါကို မင်းရဲ့ အသိစိတ်ပင်လယ်ထဲမှာ

ထားရင် ဒါဟာ စိတ်ကို အမြဲတမ်း ကြည်လင်နေလိမ့်မယ်။ အရေးအကြီးဆုံးကတော့ ဒါကိုလက်နက်ဝိညာဉ်တစ်ခုလိုသုံးနိုင်တယ်။

မကောင်းဆိုးဝါးများဝိညာဉ်တွေနဲ့ မင်းလမ်းမှာရှိတဲ့ အတားအဆီးမှန်သမျှကို

ဖျက်ဆီးပစ်နိုင်တဲ့

နတ်လက်နက်ဖြစ်လိမ့်မယ်"

ဟိုချင်က ခဏမျှရပ်ပြီး "တကယ်တော့

ဒီပုလဲက စိတ်နှလုံးသားကို

ကြည်လင်စေတာပဲ။ မကောင်းမှုကို

ပယ်ရှားနိုင်တယ်။ လူတစ်ယောက်ရဲ့

လမ်းကြောင်းမှာ ရှိနေတဲ့

အတားအဆီးတွေကို

ဖျက်ဆီးပစ်နိုင်တယ်။ ဒါ့ကြောင့်

မင်းအတွက် ညဏ်အလင်းသခင်
အဆင့်ကို ချိုးဖျက်တဲ့အခါကျ
တော်တော်လေးအသုံးဝင်လိမ့်မယ် ”

ယန်ယဲ့က အဖြူရောင်ပုလဲကို
တစ်ချက်ကြည့်လိုက်သည်။ ပုလဲက
ထူးခြားမှုမရှိသလိုဘဲ
အလွန်ငြိမ်သက်နေ၏။ သို့သော်လည်း
စကားလုံးများဖြင့် မဖော်ပြနိုင်သော
ခံစားချက်တစ်ခုရနေခဲ့သည်။

ထို့နောက်တွင် ယန်ယဲ့က

နှင်းပွင့်လေးဆီသို့သွားလိုက်သည်။

နှင်းပွင့်၊ ယွဲ့အာ

နှင့်ကလေးသုံးယောက်ကို

ခဏကြာအဖော်ပြုပေးပြီးနောက်

မူလစေတီထဲမှ ပြန်ထွက်သွားခဲ့သည်။

အပြင်ကမ္ဘာသို့ ပြန်ရောက်သည်နှင့်

ယန်ယဲ့ က

ကောင်းကင်တိုင်တောင်တန်းသို့

ဦးတည်လိုက်သည်။

ကောင်းကင်တိုင်ဂိတ်တံခါးဝသို့

ရောက်သည်နှင့် တပြိုင်နက် သူ့ရှေ့ရှိ

လေထုထဲမှ ပုံရိပ်တစ်ခု

ထွက်ပေါ်လာသည်။

ထိုလူက လှုပ်ရှားမှု အရိပ်အယောင်မရှိဘဲ

ထိုနေရာတွင် ပေါ်လာခဲ့သည်။

အသက် ၃၀

ဝန်းကျင်လောက်သာရှိနေသေး၏။

၎င်းက အဖြူရောင်ဝတ်ရုံကို

ဝတ်ဆင်ထားသည်။

သူ့ထံမှ ထူးခြားသောအငွေ့အသက်များ

ပျံ့လွင့်လာသည်။

သို့သော်လည်း ယန်ယဲ့က ဂရုမစိုက်ဘဲ

ထိုလူကို စိုက်ကြည့်ကာ

"မင်းကဘယ်သူလဲ" ဟု မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

ခဏစိုက်ကြည့်နေပြီးနောက်

“လော့ဝူချန်း၊ မှန်ပါတယ်။

မင်းငါ့အကြောင်း

မကြားမိတာဖြစ်နိုင်တယ်။ ဒါပေမဲ့

လူတိုင်းပြောပြောနေတဲ့

ရှေးဟောင်းကျင့်ကြံသူ ၃

ယောက်ကိုတော့ မင်းကြားဖူးမှာပါ။ ငါက

သူတို့ထဲက တစ်ယောက်ပဲ”

ရှေးဟောင်းကျင့်ကြံသူ…

ကောင်းကင်တိုင်တောင်တန်းတွင်

ရှေးဟောင်းကျင့်ကြံသူ ၃ ဦး၊

ကောင်းကင်အရှင် ၄ ပါး နှင့် ဧကရာဇ် ၅

ပါး ရှိခဲ့သည်။ယန်ယဲ့ က

ကောင်းကင်အရှင်၊ ဧကရာဇ်များနှင့်

တွေ့ဆုံဖူးသော်လည်း

ရှေးဟောင်းကျင့်ကြံသူ ၃

ယောက်ကိုတော့ တစ်ခါမှ မတွေ့ဖူးပေ။

ဤအချိန်တွင်တော့...

ယန်ယဲ့က လော့ဝူချန်း

ကိုတစ်ချက်ကြည့်လိုက်ပြီး "မင်း

တစ်ခုခုလိုသေးလား"

ဟုထပ်မေးလိုက်သည်။

လော့ဂူချန်း က အနည်းငယ်

ခေါင်းညိတ်ပြီး "ငါတို့

အစည်းအဝေးတစ်ခု လုပ်ဖို့စီစဉ်နေတာ။

ဒီအထဲမှာ ပါဝင်ဖို့ ငါတို့ မင်းကို

ဖိတ်ချင်တယ်"

"အစည်းအဝေးလား" ယန်ယဲ့က

အနည်းငယ် မျက်မှောင်ကြုတ်ကာ

“ဘာတွေဆုံမှုလဲ"

လော့ဝူချန်း က “လူတိုင်းရဲ့ အနာဂတ်နဲ့

သက်ဆိုင်တဲ့

အစည်းအဝေးတစ်ခုပါ။ညဏ်အလင်းသ

ခင်အဆင့် နဲ့အထက်

ခွန်အားရှိတဲ့သူတိုင်းကို

ဖိတ်ခေါ်ထားတယ်"

ယန်ယဲ့က "အများကြီးရှိလား"

လော့ဝူချန်း က ပြုံးပြီး "သိပ်တော့ မများဘူး"

ယန်ယဲ့က ခဏမျှစဉ်းစားပြီး "ကောင်းပြီ။ ငါလာခဲ့မယ်"

လောဝူချန်း က ခေါင်းညိတ်လိုက်ပြီး

"ငါနဲ့လိုက်ခဲ့ပါ"

ထိုစကားပြောပြီးသည်နှင့်

အဖြူရောင်အလင်းတန်းအသွင်

ပြောင်းကာ ကောင်းကင်ထက်သို့

လွင့်မျောသွားသည်။

ယန်ယဲ့ က သူ၏ ညာခြေကို

တစ်ချက်ဆောင့်လိုက်သည်။

ထို့နောက်တွင် အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲကာ နောက်ကနေ
လိုက်ပါသွားသည်။

၁ နာရီခန့်အကြာတွင် နှစ်ယောက်စလုံး
အကန့်အသတ်မဲ့သော အာကာသထဲသို့
ရောက်လာကြသည်။ ယန်ယွဲ့က
ထိုနေရာတွင်
ဝါးတောတစ်ခုကိုမြင်လိုက်သည်။

ဝါးတောအလယ်တွင်

ဝါးအိမ်တစ်လုံးရှိနေခဲ့သည်။

ဝါးအိမ်က ဆန်းကြယ်သော

ဝါးဖြူများဖြင့် တည်ဆောက်ထားသည်။

အရမ်းတော့မကြီးမားဘဲ လူ ၁၀

ယောက်လောက်သာ နေထိုင်နိုင်၏။

ယန်ယဲ့ က "ဒီနေရာက

ဘာလဲ"ဟုမေးလိုက်သည်။

လော့ဝူချန်း က "ဖန်းယု သစ်တော"

ဘယ်လို.... ဖန်းယု သစ်တော...

ယန်ယဲ့၏တစ်ကိုယ်လုံး
တုန်လှုပ်သွားသည်။

ဖန်းယု....

သူ့ဘဝတွင် ပြန်မရနိုင်တော့သော

လူတစ်ယောက်။ သူ၏အမေ ပါ။

May Be:

၂၂၄၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့

တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၁ -

လောကသုံးပါး၏လျှို့ဝှက်ချက်များ

ဖန်းယု....

နှစ်များစွာကြာပြီးနောက် ထိုနာမည်ကို

ထပ်မံကြားလိုက်ရပြန်သည်။

သူ၏အမေသေဆုံးမှုဟာ ယန်ယွဲ့အတွက်

ထာဝရမမေ့နိုင်တော့သော အရာပါ။

လော့ဝူချန်း က

ရုတ်တရက်မေးလိုက်သည်

"ဘာဖြစ်လို့လဲ၊ မင်းအဆင်ပြေရဲ့လား"

ယန်ယွဲ့က အသက်ပြင်းပြင်းရှူပြီး

သူ့ကိုယ်သူ

တည်ငြိမ်အောင်လုပ်လိုက်သည်။

ခဏအကြာ သူက ခေါင်းယမ်းကာ

“ဘာမှမဟုတ်ပါဘူး။

ငါအဆင်ပြေပါတယ်”

လော့ဝူချန်း က ယန်ယွဲ့ကို ကြည့်လိုက်ပြီး

"သွားရအောင်"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

ယန်ယဲ့က ဝါးတောကို
မော့ကြည့်လိုက်သည်။

ဒါက တိုက်ဆိုင်မှုတစ်ခုသာ
ဖြစ်သင့်တယ် မဟုတ်လား ။

ယန်ယဲ့ က လော့ဂူချန်း၏ နောက်ကနေ

ဝါးတောထဲသို့ လိုက်ပါသွားသည်။

သိပ်မကြာလိုက်ပေ၊

ဝါးအိမ်ရှေ့သို့ရောက်လာခဲ့သည်။

ဝါးအိမ်ရှေ့ ရောက်လာသောအခါ

ရေကန်တစ်ခုရှိနေသည်ကို မြင်ရသည်။

ရေကန်အထက်မှာ

စားပွဲဝိုင်းတစ်ခုရှိနေသည်။

ယန်ယဲ့ က ထိုနေရာတွင် ရင်းနှီးသော

မျက်နှာသုံးခုကို သတိပြုမိသည်။

တံလျှပ်တောင်တန်းမှ

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး၊

ဟောင်ထျန်းနှင့် ယင်ကလန်၏ဘိုးဘေး

ယင်ဂျင်းဒီ ။

အားလုံးက ရှေးခေတ်ဦးမှ

ကျင့်ကြံသူများပါ။

ယန်ယွဲ့ နှင့် လော့ဝူချန်း

တို့ရောက်လာသည်နှင့်  အားလုံးက

သူတို့ဖက်ကို လှမ်းကြည့်ကြသည်။

သို့မဟုတ် ပိုတိကျအောင်ပြောရလျှင်

လူတိုင်းက ယန်ယွဲ့ကို

စိုက်ကြည့်နေကြသည်။

ဟောင်ထျန်းက

နှုတ်ဆက်သည့်အနေဖြင့် ပြုံးပြသည်။

ယင်ဂျင်းဒီ ကတော့ ယန်ယွဲ့ကို
တစ်ချက်စိုက်ကြည့်ကာ သူ သူမ၏
အကြည့်ကို ဆုတ်လိုက်သည်။ ထို့နောက်
မျက်လုံးများကို မှိတ်ထားလိုက်သည်။

အနီရောင်ဝတ်စုံဝတ် အမျိုးသမီးက
အနည်းငယ် ခေါင်းညိတ်ပြလိုက်သည်။

ဤအတောအတွင်း လော့ဝူချန်း က လူတိုင်းကို တစ်ချက်ကြည့်လိုက်ပြီး "ငါ သူ့ကို မိတ်ဆက်ပေးစရာ မလိုဘူးထင်တယ် ဟုတ်တယ်မလား"

" ဟုတ်ပါတယ်"

ထည်ဝါသောဝတ်ရုံနှင့်အဘိုးကြီးတစ်ယောက်က ပြုံးပြီး “ဒီညီငယ်ရဲ့ နာမည်က အခု ကောင်းကင်တိုင်တောင်တခွင်မှာ ပျံ့နေတယ်”

ယန်ယွဲ့ က အဘိုးကြီးကို

စိုက်ကြည့်လိုက်သည်။ အဘိုးကြီးက

ပြုံးကာ "ဂူယ၊ ရှေးဟောင်းကျင့်ကြံသူ ၃

ယောက်ထဲက တစ်ယောက်"

ယန်ယွဲ့ က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ယန်ယွဲ့...."

အဘိုးကြီးဂူယ က ပြုံးပြီး "ညီငယ်၊ ထိုင်ပါဦး"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး သူ့အတွက် ထိုင်ခုံတစ်ခု ရှာလိုက်သည်။ သူထိုင်ရန်ပြင်လိုက်စဉ် နံဘေးခုံရှိ အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက ရုတ်တရက်ပြောခဲ့သည် “ဒီထိုင်ခုံက မင်းအတွက်မဟုတ်ဘူး”

ယန်ယဲ့က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

အဘိုးကြီးဂူယ ကိုစိုက်ကြည့်ကာ

"အစ်ကိုကြီးဂူ၊ ဒီနေရာက

ပိုင်ရှင်ရှိသလား"ဟုမေးလိုက်သည်။

အဘိုးကြီးဂူယ က ခေါင်းကို

အနည်းငယ်ခါလိုက်သည်။

ယန်ယဲ့က အနက်ရောင်ဝတ်စုံဝတ်အမျိုးသားကို ငုံ့ကြည့်လိုက်ပြီး "ဒါဆို ပါးစပ်ပိတ်ထားလိုက်။ ငါထိုင်တာက မင်းရဲ့သောက်အလုပ်မဟုတ်ဘူး"

ထိုစကားပြောလိုက်သည်နှင့် လေထုက ရုတ်တရက် တင်းမာလာသည်။

ဤအချိန်တွင်

အနက်ရောင်အလင်းတန်းတစ်ခု

လင်းလက်လာကာ ယန်ယဲ့၏နဖူးရှေ့

ရောက်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

တိုက်ခိုက်လိုက်တာ။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ လူတိုင်း၏

အမြင်မှာ အနက်ရောင်အလင်းတန်းက မြန်ဆန်သည်။ သူ့အတွက်တော့ ဘာမှကိုမဟုတ်ပေ။ သို့ရာတွင် သူက ရှောင်တိမ်းလိုက်ခြင်းမရှိပေ။

ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ရုံသာ။ ဤအချိန်တွင် လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားတစ်ခု ပေါ်လာသည်။ ထို့နောက်

အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

ဆူး....

လေထဲမှာ တစ်ခုခု ကွဲသွားသလိုပင်။

ခဏအကြာတွင် အနန္တစားနယ်မြေ

ပျောက်ကွယ်သွားပြီး အရာအားလုံး

ပုံမှန်ပြန်ဖြစ်သွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

ထပ်ပြီးတိုက်ခိုက်ချင်နေပုံပါ။

သို့သော်လည်း အဘိုးကြီးဂူယ က

ရုတ်တရက်ပြောခဲ့သည် "ချန်းရှီ၊

မင်းတို့နှစ်ယောက် တိုက်ခိုက်တာကို

စောင့်ကြည့်ဖို့ ဒီမှာရှိတဲ့လူအားလုံးကို

ငါစုထားတာမဟုတ်ဘူး"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား က

“ငါက ဒီမိုက်ရိုင်းတဲ့ ဂျူနီယာကို
သင်ခန်းစာ တစ်ခုလောက်
သင်ပေးချင်တာပါ။ ဒါပေမဲ့
မင်းမှန်ပါတယ်၊ ငါတို့မှာ
အရေးကြီးတဲ့ကိစ္စတွေကို
ဆွေးနွေးဖို့ရှိတယ်"

အဘိုးကြီးဂူယ က
အနည်းငယ်ခေါင်းညိတ်ပြီး
"နားလည်ပေးလို့ ကျေးဇူးတင်ပါတယ်"

ယန်ယဲ့ က ချန်းရှီကို

တစ်ချက်သာကြည့်လိုက်ပြီး

စကားတစ်ခွန်းမှ မပြောခဲ့ပေ။

ဤအချိန်တွင် အဘိုးကြီးဂူယ က

ရုတ်တရက် ထရပ်ပြီး လူအားလုံးကို

စိုက်ကြည့်နေသည်။ သူက

“မင်းတို့အားလုံးက ဒီလောကရဲ့

အထွတ်အမြတ်ပညာရှင်တွေပါ။

လောကသုံးပါးကို

တက်ချင်နေမယ်ဆိုတာ သေချာပါတယ်။

ဒါပေမဲ့ တချို့က အခြေအနေကို

နားလည်ပြီးသားလို့ ငါထင်ပါတယ်”

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်

"ဘာအခြေအနေရှိလဲ"

အဘိုးကြီးဂူယ က သူ့ကို တစ်ချက် ကြည့်ပြီး ပြုံးကာ "ငါတို့အားလုံး အဲဒီကို ဘာလို့ မတက်ကြတာလဲ သိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

အဘိုးကြီးဂူယ က “ငါတို့ မတက်ချင်တာမဟုတ်ဘူး။ နောက်ဆုံးတော့ လူတိုင်းက ပိုမြင့်တဲ့နေရာကို

သွားချင်ကြတာသဘာဝပဲလေ ။ ဒါပေမဲ့ ငါတို့အဲဒီကိုမတက်ရဲဘူး"

လောကသုံးပါး ကို မတက်ရဲဘူးလား။

ထိုစကားကိုကြားသောအခါ လူတိုင်းက မျက်မှောင်ကြုတ်လိုက်သည်။
အားလုံးက မျက်လုံးထဲမှာ
အံ့သြမှုများဖြင့် ပြည့်နှက်နေခဲ့သည်။

အဘိုးကြီးဂူယ က ကောင်းကင်ယံသို့

ထိုးတက်နေသော

ကောင်းကင်တိုင်တောင်တန်းကြီးကို

မျှော်ကြည့်ကာ "ရှေးခေတ်ဦးတုန်းက

တာအိုဖန်ဆင်းရှင် နဲ့

တခြားအဆင့်မြင့်စွမ်းအားရှင်တွေက

အောက်စကြာဝဠာက လူသားတွေကို

ကာကွယ်ဖို့

ချိတ်ပိတ်စည်းဖန်တီးခဲ့တယ်။ ဒါပေမဲ့

အချိန်တွေကြာလာတာနဲ့အမျှ
အရာတော်တော်များများက
ပြောင်းလဲလာတယ်”

လူတိုင်းက အဘိုးကြီးဂူယ ကို
စိုက်ကြည့်ကြသည်။ သူက ရယ်မောကာ
“ကောင်းပြီ၊
ငါပွင့်ပွင့်လင်းလင်းပဲပြောတော့မယ်။ချိ
တ်ပိတ်စည်းနဲ့ ဖရိုဖရဲအာကာသအပြင်
လောကသုံးပါး ကို အဝင်လမ်းမှာ

နောက်ထပ် ခြိမ်းခြောက်မှုတစ်ခု
ရှိသေးတယ်။ အမဲလိုက်သူတွေ...."

အမဲလိုက်သူတွေ လား။....
ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "အဲဒါ
ဘာလဲ"

အဘိုးကြီးဂူယ က ပြုံးပြီး
"လောကသုံးပါးရဲ့ အင်အားစုကြီးတွေက
အောက်စကြာဝဠာကနေ

တက်လာတဲ့လူတိုင်းကို
လိုက်လံဖမ်းဆီးတယ်။ ချိတ်ပိတ်စည်း
အားနည်းသွားတာလို့ ခေါ်တာဟာ
တစ်ခါတစ်လေမှာ သူတို့တွေ
ရည်ရွယ်ချက်ရှိရှိ လုပ်တာပါ”

ဤအချိန်တွင် စားပွဲဝိုင်းရှိ လူအုပ်ထဲမှ
မိန်းမလှတစ်ဦးက “ဘာလို့လဲ” ဟု
ရုတ်တရက် မေးခဲ့သည်။

အဘိုးကြီးဂူယ က “သူတို့ရဲ့
ရည်ရွယ်ချက်က အရမ်းရိုးရှင်းပါတယ်။
သူတို့က ငါတို့ကို ဖမ်းဆီးချင်တယ်။
ပြီးတော့ ငါတို့ရဲ့ မှတ်ဉာဏ်တွေကို
ဖျက်ဆီးပြီး ငါတို့ကို ထိန်းချုပ်ချင်တယ်”

သူက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "လူတိုင်း၊
အဲဒီတစ်ချိန်ကစလို့ ငါတို့
အလယ်စကြာဝဠာဟာ လောကသုံးပါးရဲ့

လယ်ကွင်းကြီးဖြစ်လာတယ်။

ငါတို့တွေဟာ ခြံထဲက

တိရစ္ဆာန်တွေလိုမျိုးပဲ။ ငါတို့ကို

မဆူမချင်း ကျွေးမွေးပြီးတော့ ငါတို့ကို

ရိုက်သတ်လိုက်တာ”

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်

"ငါတို့ အလယ်စကြဝဠာက

မျိုးနွယ်စုကြီး ၈ ခုရဲ့ ဘိုးဘေးတွေအကုန်

လောကသုံးပါးကိုတက်သွားကြတယ်။

ဒါ့အပြင် ငါ့အသိအရဆို

လျှို့ဝှက်ဂိုဏ်းရဲ့ တည်ထောင်သူ

ပါရှိနေတယ်။ ဒါပေမဲ့ လျှို့ဝှက်ဂိုဏ်းရဲ့

တည်ထောင်သူက မှတ်ဉာဏ်တွေ

နဂိုအတိုင်းရှိနေသေးတယ်”

အဘိုးကြီးဂူယ က ပြုံးပြီး "မျိုးနွယ်စုကြီး

၈ ခု တည့်ရှိနေတာ

ဘယ်လောက်ကြာပြီလဲ။

အနည်းဆုံးတော့ နှစ်ပေါင်း
ထောင်သောင်းမက မဟုတ်လား။
ငါပြောခဲ့သလိုပဲ၊ အစပိုင်းမှာတော့
အဲဒီလူတွေက အောက်စကြဝဠာကို
ကာကွယ်ဖို့ ချိတ်ပိတ်စည်း
ဖန်တီးခဲ့တာပါ။ ဒါက
အခုမဟုတ်တော့ဘူး။ ဒါမှမဟုတ်
အပြောင်းအလဲတွေ ဖြစ်နေပြီလို့
ပြောရမယ်။ မင်းပြောခဲ့တဲ့

လျှို့ဝှက်ဂိုဏ်းရဲ့ တည်ထောင်သူနဲ့

ပတ်သက်ရင် သူမက

တစ်စုံတစ်ယောက်ရဲ့

ထိန်းချုပ်မှုအောက်မှာ မရှိဘူးဆိုတာ

ဘယ်လိုသိနိုင်မလဲ"ဟု

ပြန်မေးလိုက်သည်။

ယန်ယဲ့ လည်း ငြိမ်သွားသည်။

အဘိုးကြီးဂူယ ပြောသလိုသာ

အမှန်ဖြစ်နေရင်တောြ လုံးဝကို
ထိတ်လန့်စရာပါ။

ယန်ယဲ့က ရုတ်တရက်
ထပ်မေးလိုက်သည်  "အကြီးအကဲ၊ ဒါဆို
မင်းဘယ်လိုသိတာလဲ"

အဘိုးကြီးဂူယ က ပြုံးပြီး
နှုတ်ဆိတ်နေတယ်။ တစ်ချိန်တည်းမှာပဲ
လော့ဝူချန်း က ပြောခဲ့သည် "အစ်ကိုဂူယ

က ချိတ်ပိတ်စည်းကို ဖြတ်ပြီး
လောကသုံးပါးကို
တစ်ခါတက်သွားတယ်။ ဒါပေမဲ့ သူလည်း
ပြန်ပြေးလာရတာပဲ"

အဘိုးကြီးဂူယ က သူ၏လက်မောင်းကို
ရုတ်တရက် ဆန့်ထုတ်လိုက်ရာ
လက်ဝါးမရှိတော့မှန်း လူတိုင်း
သတိထားမိလိုက်သည်။

ဒီအချိန်မှာ သူက ပြုံးပြီး "ငါသာ

မြန်မြန်မပြေးရင် ငါ့လက်ဝါးထက်

အသက်ဆုံးရှုံးသွားနိုင်တယ်" ထို့နောက်

လူတိုင်းကို တစ်ချက်ကြည့်လိုက်ပြီး

“မင်းတို့အားလုံး ကိုယ့်ကိုယ်ကို

အပြည့်အဝယုံကြည်တယ်ဆိုတာ

ငါသိပါတယ်။ ဒါပေမဲ့

ငါ့ကိုဖမ်းဖို့ကြိုးစားတာင

ဘယ်သူလဲဆိုတာတာ မင်းသိလား”

စကားပြောပြီးနောက် အဘိုးကြီးဂူယ က ယန်ယဲ့ကို ရှုတ်တရက် ကြည့်ပြီး "ငါ့လက်ကို ဘယ်အရာက ဖြတ်သွားလဲဆိုတာ မင်းသိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

ဂူယ က "မင်းလက်ထဲက ရွှေဓား"

ထိုစကားကို ကြားသောအခါ

ဤနေရာရှိလူတိုင်း၏

အမူအရာများသည် ချက်ချင်း

ပြောင်းလဲသွားသည်။

ရွှေဓား၏ မူလဇစ်မြစ်ကို

လူတိုင်းသိကြသည်မဟုတ်ပါလား။

တစ်နည်းအားဖြင့်

လူသားအင်ပါယာအရှင် က

အောက်စကြာဝဠာမှ တက်လာသူတိုင်းကို
အမဲလိုက်နေကြောင်းဆိုလိုပါသည်။

ယန်ယဲ့က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။

သူ့အသိစိတ်ကို ခန္ဓာကိုယ်ထဲ ပို့လိုက်ပြီး
"အကြီးအကဲဟို၊
ဒါအမှန်လား"ဟုမေးလိုက်သည်။

ဟိုချင် က “ငါ သိပ်တော့သေချာမသိဘူး။

ဒါပေမဲ့ တစ်စုံတစ်ခုကို

သတိရမိတယ်။လူသားမျိုးနွယ်ရဲ့

အင်အားစုကြီးတွေ။ အထူးသဖြင့်တော့

လူသားအင်ပါယာအရှင်ရဲ့

လက်အောက်က အင်အားစုတွေ။

သူတို့က

ထူးခြားတဲ့စွမ်းရည်ရှိတဲ့အဖွဲ့ဝင်တွေ

ရတ်တရက်ကြီး စုဆောင်းနိုင်ခဲ့တယ်။

ဒါဆို ငါ့အထင်ပြောရရင် အဲဒီလူတွေက

ဒီအလယ်စကြာဝဠာက ကျင့်ကြံသူတွေ

ဖြစ်ဖို့ အလားအလာအရမ်းများတယ်”

ဟိုချင်၏ အဖြေကိုကြားသောအခါ

ယန်ယဲ့သည်

ချက်ချင်းမျက်နှာပျက်သွားသည်။

“လူသားအင်ပါယာအရှင်က

ကြင်နာတတ်တာမဟုတ်ဘူးလား"

အဘိုးကြီးတစ်ယောက်က ရုတ်တရက်ပြောခဲ့သည် "သူ့လိုလူက ဒီလိုမျိုးလုပ်မှာလား"

အဘိုးကြီးဂူယ က ပြုံးပြီး ခေါင်းခါသည် "လူသားအင်ပါယာအရှင်က ကြင်နာတာလား။ အစ်ကိုမို၊ ဒီလောကမှာ ဒီလိုအရာမျိုး မရှိပါဘူး။ နိုင်သူစားနေကျပါ။ ကြင်နာတတ်တာက

ရံဖန်ရံခါရှိရင်တောင် အားနည်းသူတွေကို

သနားဖို့ကောင်းတယ်ပဲပြောမှာပါ”

စားပွဲဝိုင်းက ရုတ်တရက် တိတ်ဆိတ်

သွားသည်။

ခဏအကြာတွင် အဘိုးကြီးဂူယ က

ရုတ်တရက် ပြောခဲ့သည်

"အလယ်စကြာဝဠာရဲ့ ဝိညာဉ်စွမ်းအင်နဲ့

တာအိုစည်းမျဉ်းတွေက

ကန့်သတ်ထားလို့

ငါတို့ရဲ့ အကန့်အသတ်တွေကို

ရောက်နေပြီ။ လူတိုင်း၊ ပိုပြီးတိုးတက်ဖို့နဲ့

ငါတို့ရဲ့ကျင့်ကြံမှုကအတားအဆီးတွေကို

ဖြတ်ကျော်ချင်တယ်။ ဒီအတွက်

နည်းလမ်းတစ်ခုပဲရှိတယ်။

လောကသုံးပါးကို တက်ဖို့။

ဒီလိုမှမဟုတ်ရင်

ငါတို့ဒီမှာသေတဲ့နေ့ရောက်လာမှာပဲ။

ပြီးတော့ တစ်ဖက်မှာကျ ငါတို့တွေ

လောကသုံးပါးကို တက်ပြီးတာနဲ့

အဲဒီအမဲလိုက်သူတွေနဲ့ ရင်ဆိုင်ရမယ်”

အဘိုးကြီးတစ်ယောက်က

ရုတ်တရက်မေးလိုက်သည် "အစ်ကိုဂူယ၊

မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

အဘိုးကြီးဂူယ က မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။
အချိန်တော်တော်ကြာမှ
သူ၏မျက်လုံးများကို ပြန်ဖွင့်ကာ "ဒါက
အရမ်းရိုးရှင်းပါတယ်။ငါတို့
အတူပူးပေါင်းပြီး လောကသုံးပါးကို
တက်ကြမယ်။ ငါတို့ အတူတူ
လက်တွဲလုပ်ရင် အသက်ရှင်ဖို့
အခွင့်အရေး ရလိမ့်မယ်"

အတူတူပူးပေါင်းမယ်။

အားလုံးတိတ်ဆိတ်သွားပြန်သည်။

ဤအတောအတွင်း အဘိုးကြီးဂူယ က

ရုတ်တရက် ပြောခဲ့သည်

“ချိတ်ပိတ်စည်းက နောက် ၂

ပါတ်လောက်အထိ

အားပျော့နေလိမ့်မယ်။ လူတိုင်း၊

လောကသုံးပါးရဲ့ ကျင့်ကြံသူတွေကို

တိုက်ခိုက်ပြီး တက်သွားဖို့ ဆန္ဒရှိသလား”

May Be:

၂၂၄၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့

တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၂ - ငါဒီကောင့်ကို

အရင်ဖယ်ရှားပစ်မယ်

လောကသုံးပါး၏ ကျင့်ကြံသူများကို

တိုက်ခိုက်မလား။

အားလုံးတိတ်ဆိတ်သွားကြသည်။

လူတိုင်း၏မျက်နှာက တော်တော်လေး

အံ့မှိုင်းနေခဲ့လေသည်။

"အားလုံးပဲ နှုတ်ဆက်ပါတယ်"

ပေါင်ထျန်း က ရုတ်တရက် ထရပ်လိုက်

သည်။ သူက လူတိုင်း လက်သီးဆုပ်ကာ

ဖျတ်ခနဲပျောက်ကွယ်သွားသည်။

ယန်ယဲ့ က ခဏမျှတုံ့ဆိုင်းသွားပြီး

ဟောင်ထျန်း နောက်ကို

လိုက်သွားခဲ့သည်။

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်....

ဟောင်ထျန်းက ရပ်တန့်သွားသည်။ သူက ယန်ယဲ့ကို လှည့်ကြည့်လိုက်ပြီး ပြုံးကာ " ခန့်မှန်းကြည့်ရအောင်၊ ဂူယ ပြောတာ အမှန်လားလို့ မေးဖို့ ရောက်လာတာ ဟုတ်တယ်မလား "

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဟောင်ထျန်းက ကောင်းကင်ယံသို့တိုင် ထိုးတက်နေသော

ကောင်းကင်တိုင်တောင်တန်းကြီးကို

မျှော်ကြည့်ရင်း “အရင်တုန်းက

တစ်ယောက်ယောက်က ငါ့ကို

အဓိပ္ပါယ်ရှိတဲ့ စကားတစ်ခွန်း

ပြောခဲ့ဖူးတယ်။အားနည်းသူတွေက

ဂုဏ်သိက္ခာမရှိသလို

အခွင့်အရေးလည်းမရှိဘူး။

လွတ်လပ်မှုလည်း မရှိဘူး။

လောကသုံးပါး နဲ့ပတ်သက်ရင်

ဒီနေရာကလူတိုင်း အားနည်းကြတယ်”

ယန်ယဲ့က ထိုစကားကိုကြားသောအခါ

ချက်ချင်းပင် နားလည်လိုက်သည်။

အမှန်ပင်။ အလယ်စကြာဝဠာက

အဆုံးအစမဲ့သော

လယ်ကွင်းကြီးတစ်ခုလိုပါ။

ဟောင်ထျန်းက ပြုံးပြီး

"ရက်စက်တာလား။ ငါတို့အားလုံးဟာ လူသားတွေဖြစ်ရင်တောင်မှ ဘဝမှာ တခြားလူတွေကို လူသားတွေလို မဆက်ဆံကြတဲ့အချိန်တွေ အများကြီး ရှိခဲ့တာပဲမဟုတ်လား”

ယန်ယဲ့က ငြိမ်သွားသည်။

ဟောင်ထျန်းက ဆက်ပြောပါသည်

"တကယ်တော့ လောကကြီးဟာ

မင်းထင်ထားတာထက်တောင်

ပိုရက်စက်တယ်"

ထိုစကားပြောပြီးသည်နှင့်

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

"အားနည်းသူတွေဟာ
သန်မာသူတွေအတွက် သားကောင်ပဲ"
ယန်ယဲ့၏နောက်ကျောဖက်မှ
အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။

ယန်ယဲ့က လှည့်ကြည့်လိုက်သည်။
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက
လေထဲမှာပင် ရပ်နေခဲ့သည်။

သူမက အာကာသအနက်ပိုင်းသို့

လှမ်းမျှော်ကြည့်ကာ “တကယ်တော့

ရှေးခေတ်ဦးမှာ

ဆိုးယုတ်တဲ့ကျင့်ကြံသူတွေကို

မကောင်းဆိုးဝါးကျင့်ကြံသူတွေလို့

မခေါ်ကြသလို

နတ်ဆိုးကျင့်ကြံသူတွေကိုလည်း

မခေါ်ကြဘူး။ ငါတို့အားလုံးကို

ကျင့်ကြံသူတွေလို့ပဲ ခေါ်တယ်။ ဒါပေမဲ့

နောက်ပိုင်းမှာ တစ်စုံတစ်ယောက်က

ငါတို့အားလုံးကို ခွဲခြားခဲ့တယ်။

ဖြောင့်မတ်တာ၊ မကောင်းမှု နဲ့

နတ်ဆိုးတွေ။ တကယ်တော့

လူတချို့ပတွက် သူတို့မလိုတဲ့သူတွေကို

ဖယ်ရှားဖို့အကြောင်းပြချက်တစ်ခုသက်

သက်ပါ"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး

ကောင်းကင်တိုင်တောင်တန်းကို

မျှော်ကြည့်ကာ "ငါ့ရဲ့ ဒုတိယအစ်မကို အသက်ပြန်သွင်းဖို့ရယ် ဇီအာ ကို ပြန်ခေါ်ဖို့ပတွက်ပါ။ အဲဒါပြီးရင် ဝင်ရိုးစွန်းကြယ်ကို ပဲ ပြန်သွားမယ်။ အဲ့ဒီအချိန်ကျရင် ဒီလောကမှာ ဘာတွေပဲဖြစ်ဖြစ် ငါနဲ့မဆိုင်တော့ဘူး”ဟုပြောလိုက်သည်။

"ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေချင်တာလား"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး

"အချိန်တန်ရင် ငြိမ်းချမ်းရေးဆိုတာ

အိပ်မက်တစ်ခုပဲဆိုတာ

နင်သဘောပေါက်လိမ့်မယ်"

ယန်ယဲ့က ဘာမှပြန်မပြောခဲ့ပေ။

နေရာတွင်ပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ဖန်းယု သစ်တော ။

ယန်ယဲ့က ဖန်းယု သစ်တောသို့

ပြန်လာခဲ့သည်။ သူက ဝါးအိမ်ထဲသို့

ဝင်သွားလိုက်သည်။

အထဲရောက်သည့်အခါ

သူ၏ခန္ဓာကိုယ်က

တောင့်တင်းသွားသည်။

ဝါးအိမ်နံရံထက်၌

ပန်းချီကားတစ်ချပ်ရှိနေ၏။

အမျိုးသမီးတစ်ဦး၏ပန်းချီကားတစ်ချပ်ပါ။ သူက ပန်းချီကားချပ်ထဲမှ အမျိုးသမီးကို သိနေလို့ပါ။

သူ၏အမေ ဖန်းယု ပင်.. ..

ယန်ယဲ့၏မျက်လုံးများက မယုံနိုင်စရာများဖြင့် ပြည့်နှက်နေခဲ့သည်

“မဖြစ်နိုင်ဘူး...”

အဘိုးကြီးဂူယ က ယန်ယဲအနားမှာ

ရုတ်တရက် ပေါ်လာပြီး

"ဒီပန်းချီကားထဲက အမျိုးသမီးကို

မင်းမှတ်မိလား" ဟု မေးလိုက်သည်။

ယန်ယဲ့က အဘိုးကြီးဂူယ ကို

လှည့်ကြည့်ပြီး "ဒီဝါးအိမ်က

ဘယ်သူပိုင်လဲ"

အဘိုးကြီးဂူယ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"မျက်မမြင်လူတစ်ယောက်"

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

"မျက်မမြင်လူလား"

အဘိုးကြီးဂူယ က ခေါင်းညိတ်ပြီး

“ဟိုးအရင်တုန်းက

ကောင်းကင်တိုင်တောင်တန်းကို

လူတစ်ယောက် ရောက်လာတယ်။ သူက

မျက်မမြင်ဖြစ်နေတဲ့အပြင်

လက်နှစ်ဖက်တောင် ဆုံးရှုံးထားတယ်။

တစ်ခုတော့ရှိတယ်၊ သူ့ပုံရိပ်က

အရမ်းလျှို့ဝှက်ဆန်းကြယ်သလို

အရမ်းသန်မာတယ်။ သူက

ကောင်းကင်တိုင်တောင်တန်းရဲ့

နဂါးနက်ကြီး ပြီးရင် ဘယ်သူမှ မစော်ကားဝံ့တဲ့ ဒုတိယလူပဲ”

မျက်စိကန်းပြီး လက်မပါတဲ့လူ....

ယန်ယဲ့၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားပြီး "ဘာလို့ ဒီပန်းချီကားကို ရခဲ့တာလဲ"ဟုထပ်မေးလိုက်သည်။

အဘိုးကြီးဂူယ က ယန်ယဲ့ကို
စိုက်ကြည့်ရင်း "အဲဒီလူကို
မင်းမှတ်မိလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးဂူယ က ယန်ယဲ့ကို
ကြည့်လိုက်ပြီး "ဒါဆို မင်းပဲဖြစ်ရမယ်..."

ယန်ယဲ့က "မင်း ဘာကိုဆိုလိုတာလဲ"

အဘိုးကြီးဂူယ က ပန်းချီကားချပ်ကို ကြည့်ပြီး "သူက ငါ့အသက်ကို ကယ်ခဲ့တယ်။ အဲဒီနောက် တစ်နေရာရာကို သွားတော့မယ်လို့ ပြောခဲ့တယ်။ ထွက်မသွားခင်မှာ ဒီနေရာကို ဂရုစိုက်ပြီး အန္တရာယ်ကနေ ကာကွယ်ဖို့ တောင်းဆိုခဲ့တယ်။ ဒါ့အပြင် ပန်းချီကားထဲက အမျိုးသမီးကို မှတ်မိတဲ့သူနဲ့တွေ့ရင် အဲဒီလူကို

သတင်းပေးသင့်တယ်လို့

သူကပြောသွားတယ်…”

ယန်ယွဲ့က "ဒါကဘာလဲ"

အဘိုးကြီးဂူယ က

"တောင်းပန်ပါတယ်လို့ပြောပေးပါ…"

ယန်ယဲ့က သူ၏လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

သူဘာတွေတွေးနေမှန်းတော့ မသိနိုင်ပေ။

အဘိုးကြီးဂူယ က "သူက မင်းအတွက်

ဘယ်သူလဲ"

ယန်ယဲ့က ပြန်မဖြေဘဲ ခေါင်းယမ်းကာ

ဝါးအိမ်ထဲမှ ထွက်လာခဲ့သည်။

...

အဆုံးမရှိသော

တောင်တန်းကြီးတစ်ခုအတွင်း....။

တောင်ထိပ်ပေါ်တွင်....။

ယန်လျန်ရှမ်း နှင့် အခြားလူတိုင်းက

ယန်ယဲ့ရှေ့တွင် ရှိကြသည်။

ထိုလူအုပ်အပြင် စုချင်းရှီ၊ ကျွမ်းဝေယန်

နှင့် ယန်ကလန်မှ လူများကိုပါ
ဆင့်ခေါ်ထားခဲ့သည်။

အကယ်၍ သူသည် လောကသုံးပါးကို
တက်နိုင်ခဲ့လျှင် အားလုံးကို သူနှင့်အတူ
တစ်ခါတည်းခေါ်သွားဖို့
ရည်ရွယ်ထားလို့ပါ။

ယန်ယဲ့က ငရဲကေရီ နှင့်အခြားလူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး "လူတိုင်းက

မူလနတ်ဘုရားအဆင့် ၆ ကို

ရောက်နေကြပြီလား"

လူတိုင်း ခေါင်းညိတ်ကြသည်။

ယန်ယဲ့က

ကောင်းကင်တိုင်တောင်တန်းကို

မျှော်ကြည့်ရင်း "အခုကစလို့ နောက် ၂

ပါတ်ကြာရင် လောကသုံးပါးကို
တက်တော့မယ်"

လောကသုံးပါးကို တက်မယ် ။

အချိန်သိပ်မကြာလိုက်ပေ။

မျက်စိတစ်မှိတ်အတွင်းမှာပဲ အချိန် ၂
ပါတ်
ကြာသွားပါပြီ။

နံနက်မိုးသောက်အချိန်....

ကောင်းကင်တိုင်တောင်တန်းကြီး

ရုတ်တရက် တုန်လှုပ်သွားပါတော့သည်။

ထို့နောက်တွင် ချိတ်ပိတ်စည်းက

တဖြည်းဖြည်း အားပျော့လာခဲ့သည်။

ဤအခိုက်အတန့်တွင်

မရေတွက်နိုင်သော လူတိုင်းက

တောင်တန်းပေါ်သို့ မျှော်ကြည့်မိသည်။

ကောင်းကင်တိုင်တောင်တန်း၏ အဆင့်

၁၂ နယ်မြေ ....။

ဤနေရာသည်

ကန့်သတ်နယ်မြေတစ်ခုဖြစ်ခဲ့သည်။

အများအားဖြင့် ဤနေရာကို မည်သူမျှ

လာဝံ့ခြင်းမရှိပေ။ သို့သော်လည်း ဤအချိန်တွင်တော့ လူ ၁၁ ယောက်လောက် ပေါ်လာကြသည်။

လူအုပ်ကို အဘိုးကြီးဂူယ က ဦးဆောင်လာသည်။ ယန်ယဲ့ လည်း ပါသည်။

ဤအခိုက်အတန့်တွင် တောင်ထိပ်မှ ရောမနဂါးခေါင်းကြီး ရုတ်တရက် ပေါ်လာသည်။

အစောင့်အကြပ်နဂါးကြီး....

နဂါးနက်ကြီးက လူအုပ်ကို ဂရုမစိုက်ဘဲ ငုံ့ကြည့်နေသည်။ သို့သော်လည်း မျက်လုံးထဲတွင် ကြောက်ရွံ့မှု အရိပ်အယောင်တစ်ခု ရှိနေသည်။

သူ့အောက်မှ လူတိုင်းက

သာမန်လူတစ်ယောက်မှ မပါလို့ပါ။

နဂါးနက်ကြီး၏အကြည့်က

ယန်ယဲ့အပေါ်မှာ ရပ်တန့်လိုက်ပြီး

အဘိုးကြီးဂူယ ကို

စိုက်ကြည့်ကာ "မင်း အဲဒီကို တက်ဖို့

ဆုံးဖြတ်လိုက်ပြီလား"

အဘိုးကြီးဂူယ က ပြုံးပြီး "အစ်ကိုနဂါး၊ ဒီကိုတက်ဖို့က ငါတို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ဆိုတာ မင်းနားလည်သင့်တယ်"ဟုပြန်ပြောသည် ။

နဂါးနက်က "အခွင့်အရေးလား။ အဲဒီအစား စိတ်ပျက်အားငယ်တာပဲ တွေ့ရလိမ့်မယ်"

အဘိုးကြီးဂူယ က

"ဒါဟာသေခြင်းတရားကို

စောင့်နေတာထက် ပိုကောင်းတယ်"

နဂါးနက်က ခေါင်းခါလိုက်ပြီး

“မင်းဆုံးဖြတ်ပြီးပြီဆိုတော့ ငါဘာမှ

မပြောတော့ဘူး။ ကံကောင်းပါစေ"

စကားပြောပြီးသည်နှင့်

သထွက်သွားတော့မည်ဖြစ်သော်လည်း

တစ်ခုခုကို တွေးနေပုံရ၏။ ယန်ယဲ့ ကို ရုတ်တရက် စိုက်ကြည့်ကာ "ကလေး၊ မင်းကို လောကသုံးပါး တက်မသွားဖို့ အကြံပေးချင်တယ်"

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

နဂါးနက်က “ကောင်းကင်အင်ပါယာအရှင် က မင်းကိုစပြီး စုံစမ်းနေပြီ။

ငါထင်တာမမှားရင် သူ့သမီးကို

မင်းလိုလူနဲ့ ပတ်သက်ခွင့်မပေးဘူး"

"ငါ့လိုလူလား" ယန်ယဲ့က

တဟားဟားရယ်ရင်း “အကြီးအကဲ၊ ငါ

ဘာဖြစ်နေလို့လဲ။ ဒါဆို ငါတို့ရဲ့

ခင်မင်ရင်းနှီးမှုက သူ့ကို

အရှက်ရစေတာလား”

နဂါးနက်က ယန်ယဲ့ကို စူးစိုက်ကြည့်ပြီး "မင်းနားမထောင်တဲ့အတွက် မင်းဆန္ဒအတိုင်းလုပ်ပါ"

ထို့နောက် တိမ်တိုက်များကြားထဲသို့ ပျောက်ကွယ်သွားသည်။

အဘိုးကြီးဂူယ က ရုတ်တရက် ပြောလိုက်သည် "သွားကြစို့"

လူတိုင်း ကောင်းကင်ပြင်အထက်သို့

ပျံတက်သွားကြသည်။

သိပ်မကြာလိုက်ပေ၊အဆုံးမဲ့ကြယ်တာရာ

ကောင်းကင်ပြင်ထဲသို့

ရောက်လာကြသည်။ သူတို့အပေါ်

မော့ကြည့်လိုက်သည့်အခါ

တလက်လက်တောက်ပနေသော

အလင်းတန်းများကို

မြင်လိုက်ရလေသည်။

လောကချိတ်ပိတ်စည်း....

အလယ်စကြာဝဠာနှင့် လောကသုံးပါး ကို

ပိုင်းခြားထားသော

တာအိုချိတ်ပိတ်စည်း။

အဘိုးကြီးဂူယ က လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး

"ဘယ်သူအရင်စမလဲ"

ဤအချိန်တွင် လူအုပ်ထဲမှ အသံတစ်သံ ထွက်ပေါ်လာသည် "ယန်ယဲ့ကို အရင်သွားခိုင်း"

ယန်ယဲ့က သူ့နောက်ကို ကျော်ကြည့်လိုက်သည်။ ထိုစကားပြောခဲ့သူက ရှေးဟောင်းကျင့်ကြံသူ ၃ ဦးထဲမှ ချန်းရှီ။

တစ်ချိန်တည်းမှာပင် ချန်းရှီက ဆက်ပြောသည် "ဒီမှာရှိတဲ့ လူတိုင်းက အထွတ်အထိပ်စွမ်းအားရှင်တွေဆိုတာ ရိုးရိုးသားသား ဝန်ခံပါရစေ။ ယန်ယဲ့က ငါတို့နဲ့ ယှဉ်ရပ်ဖို့ ဘာစွမ်းရည်ရှိလဲ။ ဘာလို့လဲဆိုတော့ သူ့မှာ လူသားအင်ပါယာအရှင်ရဲ့ မြင့်မြတ်သောဓား ရှိလို့လား"

အဘိုးကြီးဂူယ က ယန်ယဲ့ကို စိုက်ကြည့်ရင်း ပြုံးပြီး "ညီငယ်၊ မင်းဘယ်လိုထင်လဲ"

ဤလောကတွင် သန်မာသူများသာ လေးစားခံရ၏။ သန်မာသူများ သာလျှင် တန်းတူအခွင့်အရေးရနိုင်ပါသည်။ ထိုအခြေအနေက မပြောင်းလဲသော လောကနိယာမပင်။

ယန်ယဲ့က  သဘာဝကျကျ

နားလည်ပါသည်။ သူက လူအုပ်ကို

စိုက်ကြည့်လိုက်သည်။ ထို့နောက်

သူ့အကြည့်များက ချန်းရှီ ပေါ်ကို

ဆင်းလာကာ

"လောင်းကြေးတစ်ခုထပ်ရအောင်။

မင်းလုပ်ဝံ့သလား"

"လောင်းကြေးလား" ချန်းရှီက

အထင်အမြင်သေးသောလေသံဖြင့်

"စိတ်မဝင်စားဘူး"ဟုသာ
ပြန်ပြောခဲ့သည်။

ယန်ယွဲ့၏မျက်နှာက အေးစက်သွားကာ
"ငါထင်တာမမှားရင် အမှောင်ဧကရာဇ်
နဲ့လ
ကောင်းကင်အရှင်အနီရောင်ဝတ်ရုံက
မင်းရဲ့ လူတွေပဲ မဟုတ်လား"

ချန်းရှီက လစ်လျူရှုပြီး
"မင်းဒီလိုပြောရင်ဒီလိုပဲပေါ့"

ယန်ယဲ့က ရွှေဓားကို ရုတ်တရက်ဆွဲထုတ်ပြီး "လူတိုင်း၊ ငါ စိတ်ပြောင်းသွားပြီ။ ငါ ဒီနေ့ လောကသုံးပါးကို မတက်တော့ဘူး"

လူတိုင်း စကားမပြောဖြစ်ကြပေ။

ဤအချိန်တွင် ယန်ယဲ့က ချန်းရှီကို

ဓားဖြင့်

ထိုးချိန်ကာ "ဒီကောင့်ကို

အရင်သတ်ပစ်မယ်"

ထိုစကားပြောပြီးသည်နှင့် သူ့ထံမှ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းတစ်ခု ထွက်လာသည်။

ဓားနယ်မြေ ။

စားနယ်မြေ ပေါ်လာသည်နှင့် လူတိုင်း၏

အမူအရာများက

အနည်းငယ်ပြောင်းလဲသွားသည်။

အားလုံး နောက်ပြန်ဆုတ်ကာ

ကမန်းကတန်းထွက်သွားကြသည်။

သူတို့က ယန်ယဲ့နှင့် ဘာရန်ငြိုးမှမရှိပေ။

သဘာဝအားဖြင့်

ယန်ယဲ့၏စားနယ်မြေကို

အင်အားသုံးဖျက်ဆီးပစ်မည်မဟုတ်ပေ။

ဤအချိန်တွင် ဓားစွမ်းအင်များ တလက်လက်တောက်ပလာသည်။

ချန်းရှီ၏အမူအရာက အနည်းငယ်ပြောင်းသွားသည်။ သူ့ကို အနည်းငယ်လှုပ်လိုက်သည်နှင့် ဆောဘာတစ်ချောင်း ချက်ချင်းပေါ်လာသည်။ ထို့နောက်

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရှေ့သို့ ပိုင်းချလိုက်သည်။

ဆေဘာက ကောင်းကင်ကိုပင် ဖြတ်တောက်နိုင်စွမ်းရှိပုံရသည်။

အုန်း...

တိမ်တိုက်များကြားမှ ပေါက်ကွဲသံများ ထွက်ပေါ်လာခဲ့သည်။ တိုက်ခိုက်မှု

နောက်ဆက်တွဲ အားလှိုင်းက

ကီလိုမီတာရာချီသော အာကာသပြင်ကို

ပြိုကျမတတ်တုန်ခါသွားစေသည်။

ဤအတောအတွင်း ယန်ယဲ့နှင့် ချန်းရှီဟာ

နောက်သို့ အကြိမ်ကြိမ်

ပြန်ဆုတ်သွားခဲ့သည်။

သို့သော်လည်း ချက်ချင်းဆိုသလိုပင်
ရှေ့သို့ပြေးတက်လာပြီး
တိုက်ခိုက်လိုက်ကြသည်။

ဓားအူသံများ အဆက်မပြတ်
ထွက်ပေါ်လာပါတော့သည်။

ယန်ယဲ့ နှင့် ချန်းရှီ ၏တိုက်ပွဲအား
ကြည့်နေရင်း ဤနေရာရှိလူတိုင်း
ထူးဆန်းသောအမူအရာများ

ပေါ်လာကြသည်။ အတိတ်တွင်
အားလုံးက ယန်ယဲ့ကို
အနည်းငယ်ပင်အထင်မကြီးခဲ့ပေ။
ယန်ယဲ့က တတိယမျိုးဆက်
ဖြစ်နေသည့်အပြင်
မူလနတ်ဘုရားအဆင့် ၆
သာဖြစ်နေလို့ပါ။ ကွာဟချက်က
ကြီးမားလှသည်။

သို့သော်လည်း လက်တွေ့တွင်မူ

ယန်ယဲ့၏ခွန်အားက ဤနေရာရှိ

မျိုးဆက်ဟောင်းများနှင့်

အဆင့်တူဖြစ်ကြောင်း

သက်သေပြခဲ့သည်။

အုန်း....

နှစ်ယောက်သား

နောက်ပြန်လှွင့်ထွက်လာပြီးနောက်

ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်ကြသည်။

သို့သော်လည်း အဘိုးကြီးဂူယ က

သူတို့ကြားမှာ ရုတ်တရက် ပေါ်လာသည်။

အဘိုးကြီးဂူယ က ယန်ယွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "ညီငယ်ယန်၊

မင်းရဲ့ ခွန်အားကို သက်သေပြလိုက်ပြီ။

မင်းတို့နှစ်ယောက်ကြားက ရန်ပွဲတွေကို လောကသုံးပါး ရောက်မှ ဖြေရှင်းပါလား။ စိတ်မပူပါနဲ့၊ အစ်ကိုချန်းရှီ က အဲဒီအချိန်အထိ မင်းနဲ့ ပြဿနာရှာမှာမဟုတ်ဘူးလို့ ငါယုံကြည်တယ်"

သူက ချန်းရှီ ကို စိုက်ကြည့်ပြီး “မှန်လား” ဟု ဆက်ပြောသည်။

ချန်းရှီ က စကားတစ်ခွန်းမှ မပြောပေ။
ယန်ယဲ့ကို အေးစက်စွာ
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က ချန်းရှီကို ပြန်စိုက်ကြည့်ကာ
"မင်းငါ့ကိုသတ်ချင်တဲ့အခါ
ဘာမှမလုပ်နိုင်တော့
ငါအရမ်းသဘောကျတယ်"ဟုလှောင်
ပြောပါတော့သည်။

ချန်းရှီ၏ မျက်နှာက ချက်ချင်းပင် ခက်ထန်လာသည်။

ဤအချိန်တွင် အဘိုးကြီးဂူယ က ယန်ယဲ့ကိုစိုက်ကြည့်ကာ "ညီငယ်ယန်၊ မင်းရဲ့ ရွှေဓားက ချိတ်ပိတ်စည်းကို ချိုးဖျက်နိုင်တဲ့ အဓိကသော့ပဲ။ ဒါဆို မင်းက ဘာ့ကြောင့် ပထမအဆင့်ကို မချိုးဖျက်တာလဲ"

ယန်ယဲ့က အလင်းအတားအဆီးကို

မော့ကြည့်လိုက်သည်။ ခဏမျှ

တိတ်တိတ်ဆိတ်ဆိတ်နေပြီးနောက်

ရှေ့ဘားကိုမြှောက်ကာ

ထိုးသွင်းဖို့ပြင်လိုက်သည်။

သို့သော် အလင်းရောင်အတားအဆီးက

ရုတ်တရက် တုန်လှုပ်သွားကာ ထိုနေရာမှ

လူတစ်ယောက် ထွက်ပေါ်လာသည်။

လောကသုံးပါးက တစ်စုံတစ်ယောက်

ဆင်းလာတယ်။

လူတိုင်း သတိအပြည့်ဖြစ်သွားကြသည်။

လူတိုင်း စောင့်ကြည့်နေစဉ်မှာပဲ

သူတို့ရှေ့တွင်

ခရမ်းရောင်ချပ်ဝတ်အမျိုးသားတစ်ဦး

ပေါ်လာကြသည်။

ဤအခိုက်အတန့်တွင်

ခရမ်းရောင်ချပ်ဝတ်အမျိုးသားက

အားကုန်လုနီးပါးဖြစ်နေပုံပါ။

သူ၏မျက်နှာက ဖြူဖျော့နေခဲ့သည်။

ဓားကိုင်ထားသော ယန်ယဲ့နှင့်

အခြားလူများကို မြင်လိုက်သောအခါ

အံ့အားသင့်သွားသည်။

ဒီမှာ လူတွေ အများကြီးရှိနေတာလား ။

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည်

"လူသားအင်ပါယာအရှင်က ယန်ယဲ့ကို သတ်ဖို့အတွက် မင်းကိုလွှတ်လိုက်တာပဲလား"

ခရမ်းရောင်ချပ်ဝတ်တပ်သားက "မင်းဘယ်လိုသိတာလဲ" ဟူ၍ အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားကို စိုက်ကြည့်နေသည်။

ဤနေရာတွင် လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားတစ်ခု ရုတ်တရက်
ပေါ်လာသည်။

ဓားနယ်မြေ...

ခဏအကြာတွင် ယန်ယဲ့က
ခရမ်းရောင်ချပ်ဝတ်တပ်သား၏
နောက်ကွယ်မှာ ပေါ်လာသည်။

ဤအခိုက်အတန့်တွင်

ချပ်ဝတ်လူ၏ခန္ဓာကိုယ်က

တောင့်တင်းလာကာ မျက်လုံးထဲ၌လည်း

မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည်။

ယန်ယဲ့က သူ့ဓားကို ဖယ်လိုက်ပြီး

"ငါ့ကိုပြောတာပဲ"

ဆူး...

ထိုစကားပြောပြီးသည်နှင့်

ခရမ်းရောင်ချပ်ဝတ်တပ်သား၏ခေါင်း

က လေထဲသို့ ပျံတက်သွားသည် ။

May Be:

၂၂၄၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့

တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၃ - လောကသုံးပါး၊ ငါယန်ယဲ့ ရောက်လာပြီ

ခရမ်းရွှေရောင်ချပ်ဝတ်လူက တော်တော်လေး သန်မာပါသည်။ အနည်းဆုံးတော့ ညာဏ်အလင်းသခင်အဆင့် ကျင့်ကြံသူပါ။

သို့သော် အောက်ဘုံသို့ ဆင်းလာခဲ့သည်။ ၎င်းက ဖရိုဖရဲ အာကာသကို

တိုက်ရိုက်ဆုတ်ဖြဲလာသောကြောင့်
အောက်ဘုံရောက်သည်နှင့်
အားအနည်းဆုံးဖြစ်နေခဲ့သည်။

ထို့အပြင် ခရမ်းရွှေရောင်ချပ်ဝတ်လူက
သတိလက်လွတ်ဖြစ်နေသည်နှင့်
တစ်ခါတည်း
အလစ်အငိုက်ဖမ်းသတ်ပစ်လိုက်သည်။

အားလုံးက တိတ်ဆိတ်စွာပင် ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

ဤအခိုက်အတန့်တွင် သူ့တို့စိတ်ထဲမှာ အတွေးတစ်ခုရှိနေသည်။ ထိုအရူးကို ဘယ်တော့မှ ရန်မစမိအောင်နေဖို့။ ကြောက်နေလို့တော့မဟုတ်ပေ။ ရန်သူမဖြစ်ချင်တာပါ။ အကြောင်းမှာ ထိုလူယန်ယဲ့က လုံးဝကိုအရူးဖြစ်နေလို့ပါ။

ယန်ယွဲ့က ခရမ်းရွှေရောင်ချပ်ဝတ်လူ၏

အလောင်းကို ဂရုမစိုက်ဘဲ

အပေါ်တည့်တည့်ရှိ

အလင်းအတားအဆီးကို

မျှော်ကြည့်လိုက်သည်။

ထိုခဏလေးမှာပဲ ဓားအူသံတစ်သံ

ပွဲတင်ထပ်လာကာ

ဓားအလင်းတန်းတစ်ခုက

ကောင်းကင်ယံကို

ဖြတ်တောက်သွားသည်။

လူတိုင်း ရင်တထိတ်ထိတ်နှင့်

စောင့်ကြည့်နေချိန်တွင်

အလင်းအတားအဆီးပေါ်မှ

အက်ရာတစ်ခု ပွင့်ထွက်သွားသည်ကို

မြင်လိုက်ရသည်။

"သွားကြရအောင်" အဘိုးကြီးဂူယ က ပြောလိုက်ပြီး လူတိုင်း အက်ကွဲကြောင်းထဲသို့ ဝင်ရောက်သွားကြသည်။

အသက်ရှူချိန် ၂ ရှိုက်စာခန့်အကြာတွင် အက်ကြောင်းက တဖြည်းဖြည်း ပြန်ပိတ်လာသည်။

ခဏအကြာတွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားတစ်ဦး ပေါ်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား ရောက်ရှိလာသည်နှင့် တပြိုင်နက် နဂါးနက်ကြီး ပေါ်လာခဲ့သည်။

နဂါးနက်က မျက်လုံးထဲ အကြောက်တရားများပြည့်လျက်

အနက်ရောင်ဝတ်ရုံလူကို စိုက်ကြည့်ရင်း “မင်းက ဘယ်သူလဲ”ဟုမေးလိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား က လစ်လျူရှုကာ “ဂုဏ်သိက္ခာရှိတဲ့ နတ်ဘုရားသားရဲ့တစ်ကောင်က တကယ်ပဲ ကောင်းကင်မျိုးနွယ်ကို လက်အောက်ခံနေပါလား။ ရှက်စရာကောင်းလိုက်တာ”

နဂါးနက်၏ မျက်နှာက ချက်ချင်းပင်

ကြမ်းတမ်းလာသည်။

တစ်ချိန်တည်းမှာပင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

ဘုန်း...

နဂါးနက်ကြီး လွင့်ထွက်သွားသည်။

ရောမနဂါးခေါင်းကြီးပေါ်မှာ အနက်ရောင်

လက်ဝါးရာကြီး ပေါ်လာသည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားက

နဂါးနက်ကို ငုံ့ကြည့်ကာ "မင်းရဲ့

သခင်ဟောင်းကို မျက်နှာလေးပေးလို့

လွှတ်ပေးလိုက်တာ"

ဟု ပြောပြီးသည်နှင့်

အလင်းအတားအဆီးကို

မျှော်ကြည့်ပြီးနောက် သူ့ညာလက်ကို

ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။

ဆူး…

အလင်း၏အတားအဆီးက

ပွင့်ထွက်သွားပြီး အနက်ရောင်

အလင်းတန်းတစ်ခု

ဝင်ရောက်သွားသည်။

၁၅ မိနစ်ခန့်အကြာတွင်

ရွှေရောင်အလင်းတန်းတစ်ခု

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

ရွှေရောင်လုံတံတစ်ချောင်းက

ကောင်းကင်ကို ပစ်လွှတ်လိုက်သည် ။

ခွမ်း...

အလင်းအတားအဆီးက နောက်တစ်ကြိမ်

ပွင့်ထွက်သွားပြန်သည်။

တစ်ဆက်တည်းအလင်းတန်းတစ်ခုက

ဝင်ရောက်သွားသည်။

အချိန် သိပ်မကြာလိုက်ပါ။

ကောင်းကင်ပြင်က

ပုံမှန်ပြန်ဖြစ်သွားသည်။

သို့သော် အလင်းအတားအဆီး
ငြိမ်သက်သွားရုံပင်ရှိသေး
အမျိုးသမီးတစ်ဦးက လေထဲသို့
ရုတ်တရက်ခုန်တက်လာသည်။

အမျိုးသမီးက လရောင်ဝတ်စုံကို
ဝတ်ဆင်ထားသည်။ သူမ၏
ရှည်လျားသောဆံပင်ကို ခေါင်းထက်တွင်
ချည်နှောင်ထားကာ အလွန်လှပပြီး
နှင်းဆီရောင်မျက်နှာကို

ပိုင်ဆိုင်ထားသည်။ သို့သော် သူမ၏

မျက်နှာက အနည်းငယ် ဖြူဖျော့နေ၏။

သူမက ကောင်းကင်ကို

မော့ကြည့်လိုက်ကာ "နင်လည်း အဲဒီကို

တက်သွားတာလား..."

အချိန်အတော်ကြာပြီးနောက်

အလင်းအတားအဆီးသည်

ကွဲထွက်သွားပြီး အဖြူရောင်အရိပ်တစ်ခု ဝင်ရောက်သွားသည်။

ပတ်ဝန်းကျင်သည် တစ်ဖန် ငြိမ်သက်လာသည်။

ဤအချိန်တွင် တိမ်တိုက်များကြားမှ ရောမနဂါးခေါင်းကြီး ရုတ်တရက်ထွက်ပေါ်လာသည်။

ကောင်းကင်ကို မျှော်ကြည့်ကာ “သူတို့က ဘယ်သူတွေလဲ” ဟု မေးပါသည်။

...

ဖရိုဖရဲ အာကာသထဲတွင်....

ဤအချိန်တွင် ယန်ယဲ့ နှင့်အဖွဲ့က ဖြတ်ကျော်နေခဲ့သည်။

ဖရိုဖရဲဖြစ်နေသော အာကာသပြင်သည် အလွန်ပင်ကြီးမားလှသည်။ အဆုံးကို မြင်ရန် မဖြစ်နိုင်ပေ။

ဤအခိုက်အတန့်တွင် လူတိုင်းက မျက်နှာထက် အလွန်လေးနက်သောအမူအရာများ ရှိနေကြသည်။ ပတ်ဝန်းကျင်မှ ရောက်လာမည့်

မမြင်နိုင်သောအန္တရာယ်ကို

လျှော့မတွက်ဝံ့ကြပေ။

"သတိထားပါ" တစ်ချိန်တည်းမှာပဲ

အဘိုးကြီးဂူယ က

ရုတ်တရက်ပြောခဲ့သည် "

ဖရိုဖရဲအာကာသထဲမှာ ဒီမှာ

အန္တရာယ်အရှိဆုံးအရာ မဟုတ်ပါဘူး။

ဒီနေရာမှာ အန္တရာယ်အရှိဆုံးက

အာကာသအက်ကြောင်းတွေပဲ။

အက်ကြောင်းတွေကအမည်မသိနေရာ
တွေနဲ့ချိတ်ဆက်ထားတယ်။ မင်းက
သတိမထားမိရင်
ချက်ချင်းပေါက်ကွဲသွားနိုင်တယ်”

အာကာသအက်ကြောင်းတွေ ။

ယန်ယွဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။

"သူပြောတာမှန်တယ်" ဤအချိန်တွင်

ယန်ယဲ့၏စိတ်ထဲမှ

ဟိုချင်၏အသံထွက်ပေါ်လာသည်

"ကလေး၊ ဒီနေရာက

အက်ကြောင်းတွေကို

အထင်မသေးလိုက်နဲ့။

ဒီအထဲမှာပါတဲ့စွမ်းအင်တွေက

မင်းရဲ့ခန္ဓာကိုယ်ကိုမပြောနဲ့၊

ငါ့မူလခန္ဓာကိုယ်တောင် မခုခံနိုင်ဘူး"

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။အာကာသအက်

ကြောင်းများထဲမှ စွမ်းအင်များက သူ့ကို

ချေဖျက်နိုင်စွမ်းရှိကြောင်းခံစားမိနိုင်သ

ည်။

ဤအချိန်တွင် အဘိုးကြီးဂူယ က

ရုတ်တရက် ပြောခဲ့သည်

“အားလုံးနီးနီးကပ်ကပ်နေပါ။

စည်းစည်းလုံးလုံးနဲ့

ညီညွတ်နေမယ်ဆိုရင်
အကောင်းဆုံးပါပဲ။ မဟုတ်ရင်
ငါတို့အားလုံး ဒီမှာတင်ဘဝဆုံးပြီ"

စကားပြောနေစဉ် သူက ယန်ယွဲ့နှင့် ချန်းရှီ
ကို စိုက်ကြည့်နေသည်။

ယန်ယွဲ့က ပခုံးတွန့်လိုက်ပြီး
"သူငါ့ကိုမတိုက်ခိုက်ရင်
ငါသူ့ကိုတိုက်ခိုက်မှာမဟုတ်ဘူး"

ချန်းရှီက ယန်ယွဲ့ကို အေးစက်စွာ စိုက်ကြည့်ကာ စကားတစ်ခွန်းမှ မပြောပေ။

ထို့နောက်တွင် လူတိုင်းက သတိအပြည့်ဖြင့် ရှေ့ဆက်လာကြသည်။

"သတိထားပါ။
အရမ်းအန္တရာယ်များတယ်"

ဤအချိန်တွင် အဘိုးကြီးဂူယ
ကရုတ်တရက်ပြောလိုက်သည်။
သူ့အသံက လေးနက်မှု အပြည့်ပါ။

လူတိုင်း လှမ်းကြည့်လိုက်ရာ ၃
ကီလိုမီတာ အကွာ၌ ရောမ
အနက်ရောင်လှိုင်းလုံးကြီး တစ်ခုကို
တွေ့လိုက်ရသည်။ အထဲတွင်
လျှပ်စီးကြောင်းများ အဆက်မပြတ်
လက်နေခဲ့သည်။

"အာကာသရေစီးကြောင်း"

တစ်ချိန်တည်းမှာပဲ အဘိုးကြီးဂူယ က

ဆက်ပြောခဲ့သည်

“ငါတို့ အဲဒါကို ဖြတ်ကျော်ပြီးတာနဲ့

လောကသုံးပါးကို ရောက်ပြီ။ ဒါပေမဲ့

လွယ်မှာတော့မဟုတ်ဘူး။ အထဲက

လျှပ်စီးကြောင်းကို မြင်သလား။

ဒါတွေက

ကောင်းကင်ဘုံလျှပ်စီးစွမ်းအင်တွေ။

အဲဒီအထဲကတစ်ခုသာ ငါတို့ကို
ထိလိုက်ရင် တစ်ခါတည်း
အသတ်ခံရလိမ့်မယ်”

ကောင်းကင်ဘုံလျှပ်စီးစွမ်းအင်....

လူတိုင်း၏မျက်နှာက လေးနက်သော
အမူအရာများ ရှိနေကြသည်။
ခဏအကြာတွင်တော့ အားလုံးက
အရှိန်မြှင့်လိုက်သည်။ အနက်ရောင်ရေဝဲ

အနားကို နီးကပ်လာလေလေ

ပို၍ပင်လေးနက်လာခဲ့သည်။ ယန်ယဲ့

ပင်လျှင် သူ့မျက်နှာပေါ်တွင်

အလွန်လေးနက်သော

အမူအရာရှိနေခဲ့သည်။

အန္တရာယ်ကို ခံစားမိလို့ပါ။

လူတိုင်း အတူတူပင်။

ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ လူတိုင်း

ဆန်းကြယ်ချီစွမ်းအင်များ

အပြည့်ထုတ်ဖော်ကာ

အနက်ရောင်ရေဝဲထဲသို့

ဝင်ရောက်လာခဲ့သည်။

ဂျိန်း....ဂျိန်း.....

လူတိုင်း၏ ပတ်ပတ်လည်၌

လျှပ်စီးကြောင်းများ

အဆက်မပြတ်လင်းလက်နေခဲ့သည်။

ယန်ယဲ့ က တံ့ဆိုင်းမနေဘဲ

သူ၏ဓားနယ်မြေကို

အသက်သွင်းလိုက်သည်။

သူ့ပတ်ပတ်လည်၌

လျှို့ဝှက်ဆန်းကြယ်သောစွမ်းအားတစ်ခု

နှင့်အတူ ဓား ၁၀ ချောင်းပေါ်လာသည်။

ဆားများက သူ့ခန္ဓာကိုယ်ကို

အဆက်မပြတ်လှည့်နေကာ

လျှပ်စီးကြောင်းများကို တားဆီးထား

လေသည်။

ထို့နောက် ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ လူတိုင်း

ကောင်းကင်ဘုံလျှပ်စီးကြောင်းများကို

ခုခံနိုင်စွမ်းရှိကြောင်း

သတိပြုမိလိုက်သည်။အထူးသဖြင့်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးပင်။

သူမ၏ကိုယ်ပေါ်မှ

အနီရောင်အလင်းတန်းများ

ဖြာထွက်နေကာ

ကောင်းကင်ဘုံလျှပ်စီးကြောင်းများကို

ကာကွယ်ထား၏။

အနီရောင်အလင်းတန်းများ

နှင့်ထိတွေ့လိုက်တိုင်း

လှျပ်စီးကြောင်းများ ချက်ချင်း
ပျောက်ကွယ်သွားသည် ။

ကောင်းကင်ဘုံလှျပ်စီးကြောင်းက
သူမကို လုံးဝမထိခိုက်စေပေ။

ဤအချိန်တွင် အနီရောင်ဝတ်စုံဝတ်
အမျိုးသမီးက ယန်ယွဲ့ကို
စူးစိုက်ကြည့်ပြီးနောက် ချက်ချင်းပင်
သူမအကြည့်ကို ရုပ်သိမ်းလိုက်သည်။

ယန်ယဲ့ လည်း သူ၏အကြည့်ကို

ပြန်ရုတ်ကာ  အရှိန်ပြင်းပြင်းနဲ့

ရှေ့ဆက်လိုက်သည်။

အချိန်တော်တော်ကြာ

ရှေ့ဆက်သွားနေရင်းဖြင့် လူတိုင်း

နေရောင်ကို

ရုတ်တရက်မြင်လိုက်ရသည်။

"ငါတို့ရောက်ခါနီးပြီ" အဘိုးကြီးဂူယ၏

အသံထွက်ပေါ်လာသည်နှင့် လူတိုင်းက

အရှိန်ပြင်းပြင်းနှင့်

ရှေ့ဆက်လျှောက်သွားတော့သည်။

၁၅ မိနစ်ခန့်အကြာတွင်တော့

မိုးချိန်းသံများပေါက်ကွယ်သွားသည်အ

ထိ လျှပ်စီးကြောင်းများ

အားပျော့လာသည်။

နောက်ဆုံးတွင် လူတိုင်း ရုတ်တရက်

ရပ်သွားသည်။

အားလုံး မျက်လုံးဖွင့်လိုက်ကြသည်။

ပြာလဲ့လဲ့ ကောင်းကင်ပြင်နှင့်

အဖြူရောင်တိမ်တိုက်များ။

အားလုံး ရှေ့မှမြင်ကွင်းကို ကြည့်ပြီး

ရုတ်တရက်

နောက်ပြန်လှည့်ကြည့်လိုက်သည်။

သူတို့နောက်တွင် ငြိမ်သက်နေသော

လေစီးကြောင်းတစ်ခု ရှိနေသည်။

၎င်းက အောက်ဘက်

(အလယ်စကြာဝဠာ)သို့ ဆင်းသက်ရာ

လမ်းကြောင်း ပင်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က

ရုတ်တရက်မေးလိုက်သည် "ဒါက

လောကသုံးပါး လား"

အဘိုးကြီးဂူယ က ခေါင်းညိတ်ပြီး

ပြောလိုက်သည် “အဲဒါပါပဲ” သူက

ခဏရပ်ပြီး “လူတိုင်း၊

တကယ့်အန္တရာယ်က အခုစနေပြီ။

ကံကောင်းပါစေ"

အားလုံး

ပဟေဠိဖြစ်သွားကြသည်။ဤအခိုက်အ

တန့်တွင် ပြာလဲ့လဲ့

ကောင်းကင်ပြင်အထက်မှ

အစွမ်းထက်အော်ရာ အများအပြား

ရုတ်တရက်ပျံ့လွင့်လာသဖြင့်

လူတိုင်း၏အမူအရာများ

ပြောင်းလဲသွားခဲ့သည်။

ညာဏ်အလင်းသခင် များ။

စစ်မှန်တဲ့ ညာဏ်အလင်းသခင်တွေ။

အချိန်သိပ်မကြာလိုက်ဘဲ
ကောင်းကင်ယံအထက်၌ လူ ၅ ယောက်
ပေါ်လာကြသည်။

လူအုပ်ကို ဦးဆောင်လာသူက
နဂါးတံဆိပ်ကို ကိုင်ဆောင်ထားသော
အဝါရောင်ဝတ်ရုံ အမျိုးသားတစ်ဦးပါ။

သက်လတ်ပိုင်းအဘိုးအိုက သူတို့အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ယန်ယဲ့ က ဘယ်သူလဲ"ဟုအေးစက်စက်မေးခဲ့သည်။

ယန်ယဲ့ လား။

ယန်ယဲ့က မျက်လုံးပြူးသွားသည်။

အခုမှရောက်တယ်။

သူတို့ရောက်လာကြပြီလား။

သူ့အဖြစ်က ရောက်ရောက်ချင်း

ဆောက်နဲ့ထွင်းခံနေရသလို့ပင်။

ဤအချိန်တွင် လူတိုင်း၏အကြည့်များက

ယန်ယဲ့အပေါ်သို့ ကျဆင်းသွားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့ ကို စိုက်ကြည့်ရင်း

"လူသားအင်ပါယာအရှင်ရဲ့ မြင့်မြတ်သောဓားကို လက်လွှဲပေးပါ။ မင်းရဲ့အလောင်းကို မပျက်မစီးဘဲထားလိုက်မယ်"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယွဲ့ က မြင့်မြတ်သောဓားကို ထုတ်ယူလိုက်သည်။

ယန်ယဲ့က ဓားကိုလွှဲပေးတော့မှာလား ။

လူတိုင်း အံ့ဩသွားကြသည်။

သို့သော်လည်း ယန်ယဲ့က

သက်လတ်ပိုင်းအမျိုးသားကို

လှမ်းကြည့်ကာ "တကယ်တော့ ဒီဓားကို

ငါ့ဘာသာ သိမ်းယူထားဖို့ ဘယ်တုန်းကမှ

မရည်ရွယ်ပါဘူး။ ကိုယ်မပိုင်တဲ့အရာကို

ဘယ်တော့မှ

အတင်းအကျပ်မယူချင်ဘူး။ ဒါပေမဲ့…”

ဤအချိန်တွင် သူ၏မျက်နှာက

ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်

ခု ဖုံးလွှမ်းသွားကာ “ဒါပေမဲ့ အခု မင်းကို

ငါပြောနေတာ။ ဒီဓားကို လိုချင်သလား။

မင်းယူနိုင်တယ်။ ငါ့ရှေ့မှာ

ဒူးထောက်လိုက်ဓ ဒူးထောက်ပြီးတော့

အရှင်မင်းကြီးလို့ခေါ်ပါ။
ငါပေးလိုက်မယ်”

"မင်းဘယ်လိုပြောရဲသလဲ"
သက်လတ်ပိုင်းအမျိုးသားက
ဒေါသတကြီးအော်ငေါက်ကာ
နဂါးတံဆိပ်ကိုမြှောက်ပြီး ယန်ယွဲ့ဆီ
ပစ်လွှတ်လိုက်သည်။

ဝေါင်း.....

နဂါးဟိန်းသံ ထွက်ပေါ်လာပြီးနောက် တံ
ဆိပ်ထဲမှ ရောမရွှေနဂါးကြီး
ထွက်လာသည်။ ထို့နောက် ယန်ယဲ့ ပေါ်သို့
ကြောက်မက်ဖွယ် နတ်နဂါးဖိအားများ
ကျရောက်လာပါတော့သည်။

ဤအချိန်တွင် လူတိုင်း ယန်ယဲ့အနားမှ
ဘေးသို့ အမြန်ရှေ့သွားကြသည်။

သို့သော်လည်း ယန်ယဲ့က

အကြောက်အလန့်ကင်းမဲ့စွာဖြင့်

ဧရာမရွှေနဂါးကြီးကို

စိုက်ကြည့်နေသည်။ သူနှင့် မီတာ ၃၀၀

လောက်အကွာကို ရောက်လာသည်နှင့်

ယန်ယဲ့ရှေ့တွင် ဓား ၃ ချောင်း

ရုတ်တရက် ပေါ်လာသည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ဟာ
လှျို့ဝှက်ဆန်းကြယ်သော စွမ်းအင်များ
ပျံ့လွင့်လာခဲ့သည်။

ဓားနယ်မြေ....

ဓားနယ်မြေ ပေါ်လာသည်နှင့်
အလင်းတန်း ၃ ခု ဖြာထွက်လာကာ
ကောင်းကင်သို့ ဖြာကျလာသည်။
အလင်းတန်းများက ကောင်းကင်ကို

ဆုတ်ဖြဲပစ်လုမတတ်ပင်။

ရွှေရောင်နဂါးကြီးကို

ထိမှန်သွားသည်နှင့်တစ်ပြိုင်နက်

အပိုင်းပိုင်းလှီးဖြတ်သွားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက

ဒေါသတကြီးနဲ့အော်ငေါက်လိုက်သည်

“မင်း လုပ်ရဲသလား”

ဤအချိန်တွင် ယန်ယဲ့က

ဖျတ်ခနဲပျောက်သွား၏။

ထိုခဏလေးမှာပဲ သူက

သက်လတ်ပိုင်းအမျိုးသားရှေ့တွင်

ရောက်နေခဲ့သည်။

ထို့နောက် မြင့်မြတ်သောဓားကို

ဆုပ်ကိုင်ကာ....

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား....

ဆတ်ခနဲ ဆွဲထုတ်လိုက်ပါတော့သည်။

ဓားပိုင်းချက်က ဓားချက် ၇၀
နီးပါးပေါင်းစပ်ထား၏။

တစ်ချိန်တည်းမှာပင် ကြောက်မက်ဖွယ်
ဓားစိတ်ဆန္ဒဖိအားက အဘိုးကြီးဂူယ နှင့်
အခြားလူတိုင်းကို
အကြိမ်ကြိမ်လွင့်ထွက်သွားစေသည်။

ဤမြင်ကွင်းကြောင့်

သက်လတ်ပိုင်းအမျိုးသား၏အမူအရာ

က သိသိသာသာပြောင်းလဲသွားပြီး

နဂါးတံဆိပ်ကို ယန်ယဲ့ဆီသို့

ပစ်လွှတ်လိုက်သည်။

သို့သော် ယန်ယဲ့က မြင့်မြတ်သောဓားကို

ဆွဲထုတ်လိုက်သည်နှင့် နဂါးတံဆိပ်က

ချက်ချင်းနှစ်ခြမ်းခွဲသွားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား၏

ခန္ဓာကိုယ်လည်း

တောင့်တင်းသွားခဲ့သည်။

ဆူး....

ခဏအကြာတွင် သူ၏ ခန္ဓာကိုယ်က

အလယ်ကနေ

နှစ်ခြမ်းကွဲထွက်သွားသည်။

ကိုယ်တွင်းအင်္ဂါများ ဖျန်းခနဲ

ထွက်ကျလာသည်။ လုံးဝကို
စက်ဆုပ်ဖွယ် မြင်ကွင်းတစ်ခုပါ။

ယန်ယဲ့ က ဓားကို ဓားအိမ်ထဲ
ပြန်ထည့်ရင်း အသက်ပြင်းပြင်းရှူပြီး
ကောင်းကင်ကို မျှော်ကြည့်ကာ
"ကောင်းပြီ။ လောကသုံးပါး၊ ငါယန်ယဲ့
ဒီကိုရောက်လာပြီ။ မကြာခင်
ငါ့ရှေ့မှာ တုန်လှုပ်နေရမယ်"

May Be:

၂၂၄၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၄ - ကြက် ဒါမှမဟုတ် ကြက်ဥက အရင်လာတာလား

ငါယန်ယွဲ့ ရောက်လာပြီ။

လောကသုံးပါး က ငါ့ရှေ့မှာ

တုန်လှုပ်သွားစေရမယ်။

ယန်ယဲ့က နိမ့်ကျသောအဆင့်အတန်းကို

ထိန်းမထားခဲ့ပေ။ သို့သော်

ဤအခြေအနေက

သူဖြစ်စေချင်သည့်အတိုင်းပါပဲ။

လောကသုံးပါးကို

ရောက်လာကတည်းက သူ့ကိုယ်သူ

ဖုံးကွယ်ထားနိုင်တော့မည်မဟုတ်မှန်း

သိနေ၏။

ဆက်ပြီး

ဖုံးကွယ်မထားနိုင်တော့သောကြောင့်

ခွန်အားပြဖို့သာ ကျန်ပါတော့သည်။

ယန်ယဲ့က

အဝါရောင်ဝတ်ရုံအမျိုးသားကို

သတ်ပစ်ပြီးနောက်

ရောက်လာသောအဖွဲ့ကို

စိုက်ကြည့်လိုက်သည်။ ထိုအခါ

ထိုလူများ၏ အမူအရာများက

သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့က

အေးစက်စွာပြောခဲ့သည်

"ပြန်သွားပြီးတော့

လူသားအင်ပါယာအရှင်ကို

သူ့လည်ပင်းကို သန့်စင်ထားဖို့ပြောလိုက်။
ငါယန်ယဲ့က သူ့ခေါင်းကို
မြန်မြန်လာယူမယ်”

ထိုစကားကိုကြားလိုက်သောအခါတွင်
ဤနေရာရှိ လူတိုင်း၏ အမူအရာများက
သိသိသာသာပင်
ပြောင်းလဲသွားခဲ့လေသည်။

လူသားအင်ပါယာအရှင် ကို
သတ်မှာလား။

၎င်းသည် လူသားမျိုးနွယ်တစ်ခုလုံး၏
အထွတ်အမြတ်ခေါင်းဆောင်တစ်ဦးပါ။
အနန္တတန်ခိုးရှင်အများပြား ရှိနေသည့်
လောကသုံးပါး မှာပင်
လူသားအင်ပါယာအရှင်၏
အဆင့်အတန်းက ထိပ်ဆုံးအဆင့်ပင်။
သို့သော်လည်း ယန်ယဲ့က

လှူသားအင်ပါယာအရှင်ကို
လည်ချောင်းရေစေးခိုင်းထားပြီး
အသတ်ခံရဖို့စောင့်နေခိုင်းသည်။

သောက်ကျိုးနည်း။ ဒီလိုအရှူးက....

ဤအချိန်တွင် လှူသားအင်ပါယာအရှင်
စေလွှတ်လိုက်သော ကျင့်ကြံသူများဟာ
ယန်ယဲ့၏အကြည့်ကို
သတိထားမိသည်နှင့်

မျက်နှာပျက်သွားကြသည်။ အားလုံးက ညာဏ်အလင်းသခင်များ ပါ။

အမှန်တော့ အားလုံးက ယန်ယဲ့ကို တိုက်ခိုက်ချင်နေတာ။ သို့သော် မည်သူမျှ ရှေ့မထွက်ရဲကြပေ။

ယန်ယဲ့၏လက်ချက်ဖြင့်

အသတ်ခံလိုက်ရသော

အဝါရောင်ဝတ်ရုံဝတ်လူက

သူတို့အထဲမှာ အသန်မာဆုံးပါ။

သို့သော်လည်း ယန်ယဲ့က

တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်၏။

တကယ့်ကို

ဓားတစ်ချက်တည်းနဲ့သုံးသွားတာပါ။

ဤအချိန်တွင် ယန်ယဲ့က အေးစက်စက်

ပြောလိုက်သည် "ဘာလဲ၊ မင်းတို့

မသွားကြသေးဘူးလား။ ကောင်းပြီ၊

ခဏနေလို့မှထွက်မသွားသေးရင်

ဒီမှာပဲထာဝရနေလိုက်တော့"

ထိုလူစုက ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

တစ်ယောက်က ရုတ်တရက်

ပြောလိုက်သည် "ယန်ယွဲ့၊ ဒါဟာ

လူသားမျိုးနွယ်ကို

သစ္စာဖောက်လိုက်တာပဲ။ မင်း...”

ယန်ယဲ့က တဟားဟားရယ်မောလိုက်ပြီး

"ဒါဆို လူသားအင်ပါယာအရှင်က

ငါ့ကိုသတ်ဖို့ ကြံစည်နေတာဟာ

လူသားမျိုးနွယ်ကို

သစ္စာဖောက်လိုက်တာပဲမဟုတ်ဘူးလား"

ထိုလူက ထပ်ပြောရန် ပြင်နေသေး၏။

ယန်ယဲ့က သူ့ကိုစိုက်ကြည့်ကာ

အေးစက်စက်ပြောလိုက်သည်

"နောက်ထပ် စကားတစ်ခွန်းထပ်ပြောရင်

မင်းတို့လေးယောက်စလုံး ဒီမှာပဲ

ထာဝရနေနိုင်တယ်"

ထိုလူက ယန်ယဲ့ကို စိုက်ကြည့်ကာ

"ကောင်းပြီ။ ယန်ယဲ့၊ မင်း အခုလိုမျိုး

ဘယ်လောက်ကြာကြာအထိ

မောက်မာနေနိုင်လဲဆိုတာ

ကြည့်ရအောင်"

ထို့နောက် ထွက်သွားရန်ပြင်လိုက်သည်။

ဤအချိန်တွင်

ယန်ယဲ့၏ခြေထောက်အောက်မှ

အလင်းတန်းတစ်ခု

လင်းလက်သွားသည်။ ခဏအကြာတွင်ပဲ

ပတ်ဝန်းကျင်မှာ

လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားတစ်ခု

ပေါ်လာသည်။

ဓားနယ်မြေ....

ဓားနယ်မြေ ကို သတိပြုမိသည်နှင့်
လူတိုင်း၏အမူအရာများက
ပြောင်းလဲသွားသည်။
တစ်ချိန်တည်းမှာပင် အလင်းတန်းတစ်ခု
ဖျတ်ခနဲလင်းလက်လာသည်။

ဒုတိယဓားချက်... ။

ထိုလူ၏ခန္ဓာကိုယ်က

တောင့်တင်းလာသည်။

သူ၏နဖူးအလယ်မှ အပေါက်တစ်ပေါက်

ရုတ်တရက်

ပွင့်ထွက်သွားသည်။ထို့နောက်

သူ၏နဖူးမှ သွေးများ

တလဟောပန်းထွက်လာကာ

မျက်နှာတစ်ခုလုံး သွေးများဖြင့်

ဖုံးလွှမ်းသွားသည်။

ဤနေရာမှ လေထုသည် ချက်ချင်းပင်
ပြင်းထန်လာသည်။

ယန်ယဲ့က အနည်းငယ်မျှ
သဘောထားကွဲလွဲရုံဖြင့်
သတ်ပစ်လိုက်သည်မဟုတ်ပါလား။

ဤအချိန်တွင် လူသားအင်ပါယာအရှင်
စေလွှတ်လိုက်သော
ကျန်ညာဏ်အလင်းသခင်အားလုံး

စကားထပ်မပြောဝံ့တော့ဘဲ

ချက်ချင်းလှည့်ထွက်သွားကြသည်။သို့မ

ဟုတ် ထွက်ပြေးသွားသည်ဟု

ပြောရင်တော့ ပိုမှန်သည်။

ညာဏ်အလင်းသခင်များ

ထွက်ပြေးသွားသည်ကို မြင်သောအခါ

ယန်ယဲ့၏အမူအရာက

တည်ငြိမ်သွားသည်။

သူ့စိတ်ထဲ၌လည်း

သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည်

ယုံကြည်မှုအပြည့်ရှိနေသည့်တိုင်

ညဏ်အလင်းသခင် ၄

ယောက်ပေါင်းထားပါက

ကိုင်တွယ်ဖြေရှင်းနိုင်မည်မဟုတ်ပေ။

နောက်ဆုံးတွင် သူက
ကနဦးညဏ်အလင်းသခင်
ပင်မဟုတ်သေးပါ။

ဤအချိန်တွင် အဘိုးကြီးဂူယ က
"လူတိုင်း၊ ငါတို့ အခု လောကသုံးပါးကို
ရောက်နေပေမယ့် တကယ်မလုံခြုံဘူး"

အားလုံးက အဘိုးကြီးဂူယ ကို
စိုက်ကြည့်နေကြသည်။

အဘိုးကြီးဂူယ က "ဒီနေရာကို
ချိတ်ပိတ်စည်းဝင်ပေါက် လို့ ခေါ်တယ်၊
ဒါက လောကသုံးပါးရဲ့ ပင်မနယ်မြေနဲ့
အလှမ်းဝေးတယ်။ ဒီနေရာက
ထွက်သွားမှပဲ ငါတို့က လောကသုံးပါးကို
တကယ်ရောက်နေပြီလို့ ပြောနိုင်မယ်။
ဒါပေမဲ့ ငါထင်တာမမှားရင်
အဲဒီအင်အားစုကြီးတွေရဲ့

ကျင့်ကြံသူတွေက ထွက်ပေါက်မှာ ငါတို့ကို ကြိုစောင့်နေတာပဲ”

ချန်းရှီက ရုတ်တရက် ပြောခဲ့သည် "မင်း ပြောတာကို ငါနားလည်ပါတယ်။ ငါတို့ လက်တွဲဖို့ မင်းမျှော်လင့်တယ် မဟုတ်လား”

အဘိုးကြီးဂူယ က ခေါင်းညိတ်ပြီး "ငါပြောတာကို ယုံစေတယ်။ ငါတို့က သူတို့အတွက် ပြိုင်ဖက် မဟုတ်ဘူး"

ချန်းရှီက အနည်းငယ် ရယ်မောလိုက်ပြီး ပြန်ပြောသည် “ဟုတ်ပါတယ်။ ငါတို့ တတ်နိုင်တယ်လေ။ ဒါပေမဲ့ ငါ့မှာ အကြံတစ်ခုရှိတယ်။ ယန်ယဲ့က ငါတို့နဲ့ လိုက်လာလို့မရဘူး"

အားလုံးက ချန်းရှီကို
စိုက်ကြည့်နေကြသည်။

ယန်ယွဲ့ ကတော့ စကားတစ်ခွန်းမှ
မပြောပေ။

တစ်ချိန်တည်းမှာပဲ ချန်းရှီက
ဆက်ပြောခဲ့သည် "လူတိုင်း၊ ယန်ယွဲ့က
ဘယ်သူ့ကို စော်ကားထားတာလဲဆိုတာ

မင်းတို့သိမှာ သေချာပါတယ်။

လူသားအင်ပါယာအရှင်၊

ဒါ့အပြင် သူက နတ်ဆိုးနည်းစနစ်အပြင်

လူသားမျိုးနွယ်ရဲ့ မဟာရန်သူဖြစ်တဲ့

ရှာမန်မျိုးနွယ်ရဲ့ နည်းစနစ်တွေကို

ကျင့်ကြံထားတယ်။ ဒါဆို

သူနဲ့အတူရှိနေရင် ငါတို့က

ပြဿနာတွေမျိုးစုံနဲ့

သေချာပေါက်ရင်ဆိုင်ရမှာပဲ။ သူ့ကြောင့်

ငါတို့ပါ လူသားမျိုးနွယ်တစ်ခုလုံးရဲ့

ဘုံရန်သူတောင် ဖြစ်သွားနိုင်တယ်”

ချန်းရှီ ပြောသည့် စကားကို

ကြားလိုက်သောအခါ အားလုံး

ငြိမ်ကျသွားကြသည်။

ချန်းရှီ က ယန်ယွဲ့အား

မည်သည့်ကြောင့်ပစ်မှတ်ထားနေမှန်းမ

သိပေ။ သို့သော်လည်း

သူပြောသည့်စကားက အမှန်ပင်။

ယန်ယဲ့က သန်မာသော်လည်း

ဒုက္ခရှာရလွယ်သူပါ။ အကယ်၍ ယန်ယဲ့

သာ သူတို့နှင့်အတူ လိုက်ပါလာလျှင်

မဆုံးနိုင်သော ပြဿနာများ

ဖြစ်လာပေမည်။

အထူးသဖြင့် လူသားအင်ပါယာအရှင် ။

လူသားအင်ပါယာအရှင်က ယန်ယဲ့ကို

ညှာတာပေးမည်မဟုတ်ချေ။ သူတို့ပါ

ယန်ယဲ့အနားမှာရှိနေလျှင်

လူသားအင်ပါယာအရှင် ၏ဒေါသက

ကျရောက်လာမည်မဟုတ်ဟု

အာမမခံနိုင်ပေ။

ဤအချက်ကို တွေးမိသည်နှင့် လူတိုင်း
ဆုံးဖြတ်ချက်တစ်ခု
ချလိုက်ပါတော့သည်။

ဤအချိန်တွင် ယန်ယဲ့က ရုတ်တရက်
ရှေ့သို့ တက်လာပြီး ပြုံးကာ
“နားလည်ပါတယ်။ ကံကောင်းပါစေ"

ထိုစကားပြောပြီးနောက်
ထွက်သွားရန်ပြင်လိုက်၏။

အဘိုးကြီးဂူယ က စာလိပ်တစ်ခုကို ထုတ်ယူကာ ယန်ယဲ့ဆီ ပစ်ပေးရင်း "ဒါက ဒီနေရာရဲ့ မြေပုံပါ။ အဲဒါက သိပ်ပြီးမပြည့်စုံပေမယ့် မင်းအတွက် အထောက်အကူဖြစ်သင့်တယ်”

ယန်ယဲ့က မငြင်းပေ။ မြေပုံစာလိပ်ကို ယူလိုက်သည် "ကျေးဇူးတင်ပါတယ်"

ထို့နောက် အဝေးဆီသို့
လွင့်မျောသွားခဲ့သည်။

ယန်ယဲ့ ထွက်သွားသည်နှင့်
ချန်းရှီ၏မျက်နှာက
အေးစက်စက်အပြုံးပေါ်လာသည်။

ဤအချိန်တွင်
အနီရောင်ဝတ်စုံဝတ်အမျိုးသမီး လည်း

ရုတ်တရက်ဆိုသလိုပင် အဝေးဆီသို့
လျှောက်ထွက်သွားခဲ့သည်။

လူတိုင်းက သူမကို
စိုက်ကြည့်နေကြသည်။

အဘိုးကြီးဂူယ က ရုတ်တရက်
မေးလိုက်၏ "မင်းထွက်သွားမှာလား"

အမျိုးသမီးက ရပ်လိုက်ပြီး လူတိုင်းကို စိုက်ကြည့်ကာ "ဒါဆို ဘယ်လိုလဲ။ ငါတို့က နတ်ဆိုးတွေ ဒါမှမဟုတ် မကောင်းဆိုးဝါးကျင့်ကြံသူဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ထိုစကားပြောပြီးသည်နှင့် အမျိုးသမီး၏ပုံရိပ်က လွင့်မျောသွားသည်။ ထိုခဏလေးမှာပဲ

ကီလိုမီတာ (၁၀,၀၀၀)ကျော်အကွာသို့

ရောက်သွားခဲ့လေသည်။

ရုတ်တရက် "သူမက

မကောင်းဆိုးဝါးကျင့်ကြံသူ ပဲ"

အားလုံးက ချက်ချင်း

နားလည်သွားကြသည်။

အဘိုးကြီးဂူယ က သူ့အတွေးကို ဖယ်လိုက်ပြီး "သွားရအောင်"ဟု ပြောပြီး ဖျတ်ခနဲပျောက်သွားခဲ့သည်။

လူတိုင်း ထွက်သွားပြီး ၁၅ မိနစ်ခန့်အကြာတွင် မြေပြင်က ရုတ်တရက် တုန်ခါသွားကာ ထိုနေရာမှ ပုံရိပ်တစ်ခု ထွက်လာသည်။

"သူတို့ရဲ့ အရည်အသွေးက တော်တော်ကောင်းပါတယ်။ ဟီးဟီး…”

အရိပ်က ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

…

ဤအချိန်တွင် ယန်ယဲ့က မြေပုံကို ထုတ်ကြည့်ကာ ထွက်ပေါက်ကို မှတ်သားပြီးနောက် ဖယ်ထားလိုက်သည်။

ထို့နောက် အဝေးတစ်နေရာသို့

ပျောက်ကွယ်သွားခဲ့သည်။

ထွက်ပေါက် ။....

အဘိုးကြီးဂူယ နှင့်အခြားလူတိုင်းလိုပင်

ဤနေရာက

အမြန်ဆုံးထွက်သွားဖို့ရည်ရွယ်ထားသည်

။ မဟုတ်ပါက

သူ့ကိုဖမ်းဆီးဖို့လွယ်သွားပေမည်။

၁ ရက်ခွဲခန့်အကြာ....

ယန်ယဲ့က

ထွက်ပေါက်ဆီသို့မရောက်သေးပေ။

သူက မြေပုံပေါ်က

လမ်းညွှန်ချက်အတိုင်းသွားနေ၏။

၁ နာရီခန့်အကြာတွင် ယန်ယဲ့က

ရုတ်တရက် ရပ်သွားသည်။

ဘေးပတ်ဝန်းကျင်ကို

ခဏကြည့်လိုက်ပြီးနောက်

သူ၏လက်နှစ်ချောင်းကို ရှေ့သို့

ပုတ်လိုက်သည်။

လက်ချောင်းထိပ်မှ အလင်းတန်းတစ်ခု

လင်းလက်လာသည်။

အုန်း....

၃ ကီလိုမီတာအကွာရှိ အာကာသက
တစ်ချက် တုန်လှုပ်သွားပြီး
ထိုနေရာကနေ အဘိုးကြီးတစ်ယောက်
ထွက်လာလေသည်။

အဘိုးကြီးက ယန်ယဲ့ကို
ခဏကြာစိုက်ကြည့်ကာ ပြုံးပြီး
"စိတ်ဝင်စားဖို့ကောင်းလိုက်တာ"ဟုပြော
လိုက်သည်။

ယန်ယဲ့က အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး "မင်း

တစ်ခုခုလိုသေးလား"

အဘိုးကြီးက ပြုံးပြီး “မင်းရဲ့

ပင်ကိုယ်စွမ်းရည်က မဆိုးပါဘူး။ မင်းကို

ငါ့တပည့်အဖြစ် ခေါ်ယူချင်တယ်"

သူက ခဏရပ်ပြီး "အဲ... ခဏလေး၊

ငါက နတ်တောင်ပံဂိုဏ်းရဲ့

အကြီးအကဲတစ်ယောက်ဖြစ်တဲ့

ဂူချန်းတန်

ဆိုတာမင်းကိုပြောဖို့မေ့သွားတယ်"

"နတ်တောင်ပံဂိုဏ်း လား...." ယန်ယဲ့က

အနည်းငယ် မျက်မှောင်ကြုတ်ကာ

"ဒါမျိုး

မကြားဖူးဘူး"ဟုပြန်ပြောလိုက်သည်။

အဘိုးကြီးက ဒေါသမထွက်သွားဘဲ ရှင်းပြပါသည် “လူသားမျိုးနွယ်မှာ ဂိုဏ်းကြီး ၁၀ ခုရှိတယ်။ နတ်တောင်ပံဂိုဏ်းက နတ်တောင်ပေါ်မှာ တည်ရှိတယ်။ ဒါဟာ ဂိုဏ်းကြီး ၁၀ ခုထဲကတစ်ခုပဲ။ လူငယ်လေး၊ မဟာဂိုဏ်းကြီး ၁၀ ခုထဲက တစ်ခုနဲ့ ပူးပေါင်းရတာဟာ မရေမတွက်နိုင်တဲ့ လူငယ်လေးတွေရဲ့ အိပ်မက်တစ်ခုပါပဲ”

မဟာဂိုဏ်းကြီး ၁၀ ခုထဲက တစ်ခု။

ယန်ယဲ့က ခဏမျှစဉ်းစားပြီး

“လူသားမျိုးနွယ်ထဲမှာ

လူသားအင်ပါယာအရှင် က

ဘယ်လိုတည်ရှိမှုမျိုးလဲ"ဟူသောမေးခွန်း

နှင့်ပြန်ဖြေလိုက်သည်။

"လူသားအင်ပါယာအရှင်... "

အဘိုးကြီးက အနည်းငယ်

ထိတ်လန့်သွားပြီးမှ

“လူသားအင်ပါယာအရှင်က

လူသားမျိုးနွယ်ရဲ့

အမြင့်မြတ်ဆုံးတည်ရှိမှုပဲ။

မဟာဂိုဏ်းကြီး ၁၀ ခုက

လူသားမျိုးနွယ်နဲ့သက်ဆိုင်တယ်” ဟု

ပြောလိုက်သည်။

ယန်ယဲ့က "မဟာဂိုဏ်းကြီး ၁၀ ခုက

လူသားအင်ပါယာအရှင်ရဲ့ အမိန့်တွေကို

လိုက်နာရသလား”ဟု
ထပ်မေးလိုက်သည်။

အဘိုးကြီးက ခဏမျှစဉ်းစားပြီး
“အခြေအနေပေါ်မူတည်တယ်။
ပုံမှန်အားဖြင့်တော့ မဟာဂိုဏ်းကြီး ၁၀
ခုက လူသားအင်ပါယာအရှင်ရဲ့
အာဏာကို နာခံစရာမလိုဘူး။ ဒါပေမဲ့
ငါတို့က ရှာမန်မျိုးနွယ်နဲ့
တိုက်ခိုက်ရင်တော့

လူသားအင်ပါယာအရှင်က

လူသားမျိုးနွယ်တစ်ခုလုံးကို

စုစည်းနိုင်တယ်”

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်

"မင်းတို့က သူ့အမိန့်ကိုမနာခံရင် ဘာဖြစ်

မလဲ"

အဘိုးကြီးက “မဟုတ်ဘူး၊ ငါတို့

ဘယ်လိုမှ မလုပ်နိုင်ဘူး။ ငါတို့က

သူ့အမိန့်ကို မနာခံရင်

လူသားမျိုးနွယ်တစ်ခုလုံး

အန္တရာယ်ကျရောက်လိမ့်မယ်။

ကောင်းပြီ၊ မင်း ငါနဲ့အတူ ဂိုဏ်းဆီ

ပြန်သွားရင် လောကသုံးပါး အကြောင်း

အကုန်သိလိမ့်မယ်"

ယန်ယဲ့က အဘိုးအိုကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး

အောက်စကြဝဠာကလူတွေကို

ခေါ်သွားတဲ့အခါ မှတ်ညဏ်တွေကို ဖျက်ဆီးပြီးထိန်းချုပ်တယ်လို့ ငါကြားတယ်။ ဟုတ်တယ်မလား"

အဘိုးကြီး၏မျက်လုံးထဲမှ အံ့အားသင့်မှု တစ်ချက် ထွက်ပေါ်လာပြီး "မင်း တော်တော်သိတာပဲ"ဟုပြန်ပြောလိုက်သည်။

ယန်ယဲ့က "ဒါအမှန်လား"

အဘိုးကြီးက ခေါင်းညိတ်ကာ
ပြန်ပြောသည် “အဲဒါက အရင်တုန်းကပါ။
အခုတော့ မကောင်းဆိုးဝါးဂိုဏ်းတွေနဲ့
နတ်ဆိုးအင်အားစုတွေအပြင်
တချို့အင်အားစုတွေလောက်ပဲ
ဒီလိုလုပ်ကြတော့တယ်"

ယန်ယွဲ့က "ဘာဖြစ်လို့လဲ"

"အနာဂတ်မှာ

ပြဿနာတွေဖြစ်လာနိုင်ချေရှိလို့"

အဘိုးကြီးက ဆက်ပြောသည်

“အဲဒီလူတွေ တဖြည်းဖြည်း သန်မာတာနဲ့

သူတို့ရဲ့ မှတ်ဉာဏ်တွေ

ပြန်ကောင်းလာတယ်။ သူတို့ရဲ့

မှတ်ဉာဏ်တွေကို အပြည့်အဝ

ပြန်ရပြီဆိုရင်တော့ ပြဿနာတစ်ခု

ဖြစ်လာလိမ့်မယ်။ ဒီတော့ လူတိုင်းက

ငါတို့ရဲ့ လုပ်ပုံကိုင်ပုံနည်းလမ်းတွေကို ပြောင်းလဲလိုက်ကြတယ်။ ငါတို့က သူတို့ဘေးနားကလူတွေနဲ့ ချည်နှောင်ထားလိုက်တယ်"

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်လိုက်သည်။ သူက ခဏမျှစဉ်းစားပြီး "အကြီးအကဲဂူ၊ မင်းရဲ့ကြင်နာမှုကို ငါတန်ဖိုးထားတယ်။ ဒါပေမဲ့ မင်းနဲ့မင်းရဲ့ဂိုဏ်းကို

ထည့်စဉ်းစားပေးလို့ ငါမဝင်တာ
အကောင်းဆုံးလို့ ထင်ပါတယ်"

အဘိုးကြီးက “ဘာလို့လဲ” ဟူ၍
အံ့သြသွားသောလေသံဖြင့်
ပြန်မေးလိုက်သည်။

ယန်ယဲ့က "အချိန်ကျရင် မင်းတို့
ဒုက္ခရောက်မှာ ငါစိုးရိမ်မိတယ်"

အဘိုးကြီးက
စကားမပြောနိုင်လောက်အောင်
ခံစားလိုက်ရသည်။

ယန်ယဲ့က ထပ်မပြောတော့ပေ။
နောက်လှည့်ကာ ထွက်သွားခဲ့သည်။

အဘိုးကြီးက ယန်ယဲ့ရှေ့တွင်
ရုတ်တရက်ပေါ်လာပြန်သည်။ သူက
ယန်ယဲ့ကို စိုက် ကြည့်ပြီး "မင်းက

တကယ်ပဲငြင်းလိုက်တာလား" ဟု
မေးလိုက်ပါသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက ထပ်ပြောပါသည်
“မင်းကြည့်ရတာ မဆိုးပါဘူး၊ ဒါကြောင့်
မင်းကို ငါ့တပည့်အဖြစ် ခေါ်ယူချင်တယ်။
ဒါပေမဲ့ အခုတော့ မင်းတကယ်

ဉာဏ်မမှီသလိုပဲ။ ဒီလိုဖြစ်တာကြောင့် တခြားနည်းကိုသုံးရမယ်ထင်တယ်”

ယန်ယဲ့က ပြုံးပြီး "ငါ့ကို ဖမ်းမလို့မဟုတ်လား။ ပြီးတော့ ငါ့ရဲ့မှတ်ဉာဏ်တွေကို ဖျက်ဆီးပစ်လိုက်မယ်ထင်တယ်"

အဘိုးကြီးက “မင်းကိုယ်တိုင် ဒီလမ်းကို ရွေးခဲ့တာပဲ” ဟု ပြန်ဖြေခဲ့သည်။

ဤအချိန်တွင် အလင်းတန်းတစ်ခုက လင်းလက်လာပြီး ပတ်ဝန်းကျင်မှာ လျှို့ဝှက်ဆန်းကြယ်သောစွမ်းအားတစ်ခု ပေါ်လာသည်။

အဘိုးကြီး၏အမူအရာက သိသိသာသာ ပြောင်းလဲသွားပြီး ထွက်သွားရန် ပြင်သည်။

သို့သော် ဓားတစ်ချောင်းက သူ၏နဖူးကို ဖိကပ်ထားသဖြင့် မလှုပ်ရဲတော့ပေ။

ယန်ယဲ့က အဘိုးကြီးကို စိုက်ကြည့်ကာ "ငါ့မေးခွန်းကို ဖြေပါ။ မင်းရဲ့အဖြေက ငါ့ကိုကျေနပ်စေရင် မင်းအသက်ကို လွှတ်ပေးနိုင်တယ်"

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ကာ

မျက်လုံးထဲ မယုံကြည်နိုင်မှုများ

ပြည့်နှက်နေခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့က ဓားကို

အဘိုးကြီး၏နဖူးပေါ်

အနည်းငယ်ပိုပြင်းပြင်းဖြင့် ဖိလိုက်ပြီး

"ငါ့ကိုပြောပါ။ ကြက်မလား ဒါမှမဟုတ်

ကြက်ဥက အရင်လာတာလား" ဟူ၍

မေးပါတော့သည်။

May Be:

၂၂၄၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါးသို့ တက်ရောက်ခြင်း)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၅ - လူသားကမ္ဘာ၊ ကောင်းကင်ကမ္ဘာ၊ ရှာမန်ကမ္ဘာ

ကြက်လား ကြက်ဥက အရင်လာတာလား

။

အဘိုးကြီးလည်း ယန်ယဲ့က

ထိုမေးခွန်းမေးဖို့ မမျှော်လင့်ထားခဲ့ပေ။

ခဏအကြာတွင် သူက

ယန်ယဲ့၏ဆိုလိုရင်းကို

နားလည်သွားသည်။ သူ၏

ဆန်းကြယ်ချီစွမ်းအင်များ တဟုန်ထိုး

မြင့်တက်လာပါတော့သည်။

ဆူး….

ဤအချိန်တွင် ဓားတစ်ချောင်းက အဘိုးကြီး၏ခေါင်းကိုထိုးဖောက်သွားသည်။ သွေးတစ်စက်စက်စီးကျနေသော ခေါင်းတစ်လုံးက လေထဲသို့ ပျံတက်သွားသည်။

ယန်ယဲ့ က အဘိုးကြီး၏အလောင်းကို တစ်ချက်စိုက်ကြည့်ကာ ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ အဘိုးကြီး၏ သိုလှောင်လက်စွပ်က

သူ့လက်ထဲကိုရောက်လာသည်။

ထို့နောက်

အထဲကိုတစ်ချက်စစ်ဆေးကြည့်လိုက်ရာ

အနည်းငယ်စိတ်ပျက်သွား၏။

အများအပြားရှိနေသော်လည်း

အများစုက သူ့အတွက် အသုံးမဝင်ပေ။

သူ၏စိတ်အာရုံအသိကို

ပြန်သိမ်းခါနီးတွင်တော့

ယန်ယဲ့၏မျက်လုံးထဲမှ အံ့သြမှုတစ်ခု

ရုတ်တရက် ထွက်ပေါ်လာသည်။
ခဏအကြာမှာပဲ သူ့လက်ထဲတွင်
မြေပုံစာလိပ်တစ်ခုပေါ်လာသည်။

ဤနေရာ၏ လမ်းပြမြေပုံပါ။ သို့သော်
သူ့မှာရှိပြီးသားမြေပုံထက်
အချက်အလက် ပို၍ပြည့်စုံခဲ့သည်။

ယန်ယွဲ့က မြေပုံစာလိပ်ကိုဖွင့်လိုက်ရာ
'ချိတ်ပိတ်စည်း' ဝင်ပေါက်က

သူ့ရှေ့မှာပေါ်လာသည်။

တစ်ချိန်တည်းတွင်

အဘိုးကြီးဂူယ၏မြေပုံမှ

အမှတ်အသားများပါရှိသော

ထွက်ပေါက်ဟာ

ထွက်ပေါက်မဟုတ်တာကို

သတိပြုမိခဲ့သည်။ ယန်ယွဲ့က ချက်ချင်း

မျက်မှောင်ကြုတ်လိုက်မိသည် ။

ဝင်ပေါက်တစ်ခုသာ။

သို့မဟုတ် ထောင်ချောက်တစ်ခု ပင်။

ယန်ယဲ့က မြေပုံကို ဖယ်လိုက်ပြီး အဝေးကို လှမ်းကြည့်လိုက်သည်။ သူက အဘိုးကြီးဂူယ ပြထားသော ထွက်ပေါက်တစ်ဖြစ်လည်း ထောင်ချောက်နေရာကို စိုက်ကြည့်နေသည်။

ခဏလေး...

ယန်ယွဲ့က သူ့စိတ်ထဲ တစ်ခုခုကို
တွေးနေပုံရပြီး မျက်နှာပျက်သွားသည်။

ဒီမြေပုံက...

မြေပုံက အဘိုးကြီးဂူယူ
ပေးထားသောကြောင့် သူ့ကို

ဝင်ပေါက်တည့်တည့်

သွားခိုင်းတာမဟုတ်ပါလား။

ဂူယ...

ယန်ယဲ့က ယခင်က ဖြစ်ပျက်ခဲ့သော

အရာအားလုံးကို တွေးတောပြီး

အဘိုးကြီးဂူယ က

သာမန်မဟုတ်ကြောင်း

သတိပြုမိခဲ့သည်။ သို့မဟုတ် အလွတ်ပင်

လျှို့ဝှက်ဆန်းကြယ်သည်ဟု

ပြောရပါမည်။

ဤအချိန်တွင် သူက ချန်းရှီ ကိုပင်

ကျေးဇူးတင်ကြောင်း ပြောသင့်၏။

မဟုတ်လျှင်

အခြားလူတိုင်းနှင့်အတူထောင်ချောက်ထဲ

သို့

တည့်တည့်ကြီးကျရောက်သွားပေမည်။

ကျရောက်သွားနိုင်တယ်။

ယန်ယဲ့က သူ့အတွေးများကို ထိန်းကာ ရှေ့သို့ ဆက်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

သူက

ရောမတောင်တန်းကြီးကို ဖြတ်ကျော်ကာ ချိတ်ပိတ်စည်းဝင်ပေါက်၏ စစ်မှန်သော ထွက်ပေါက်သို့ ရောက်ရှိလာခဲ့သည်။ သို့သော် အခြေအနေက

သူမျှော်လင့်ထားသည့်အတိုင်း
မဟုတ်ပုံပါ။ ထွက်ပေါက်က
ထင်သလောက် မရိုးရှင်းခဲ့ပေ။

ထိုနေရာတွင် အနီရောင်ဝတ်စုံဝတ်
အမျိုးသမီးတစ်ယောက် ရပ်နေခဲ့သည်။

တံလျှပ်တောင်တန်းမှ
ရှေးဟောင်းကျင့်ကြံသူ… ။

ဤအချိန်တွင် အမျိုးသမီးက ယန်ယဲ့ကို လစ်လျူရှုသောအကြည့်မျိုးဖြင့် ကြည့်နေသည်။

ယန်ယဲ့က "မင်းတစ်ခုခုလိုသေးလား"ဟုမေးလိုက်၏။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက သူမ၏ညာဖက်ကို ညွှန်ပြပြီး

"လူသားမျိုးနွယ်မှာ နင့်အတွက်
နေရာမရှိတော့ဘူး"ဟုပြောပါသည်။

ယန်ယဲ့က "ဒါဆိုရင်....."

သူမက “နတ်ဆိုးမဟာမိတ်အဖွဲ့နဲ့
ပူးပေါင်းပါ။ ငါတို့က နင့်ကို
ကာကွယ်ပေးနိုင်တယ်"
ဟု ထပ်ပြောလိုက်သည်။

"နတ်ဆိုးမဟာမိတ်အဖွဲ့..." ယန်ယဲ့က အနည်းငယ် အံ့သြသွားပြီး "အဲဒါဘာလဲ"ဟုမေးလိုက်သည်။

“မကောင်းဆိုးဝါးကျင့်ကြံသူတွေရဲ့ အဖွဲ့အစည်း။ မကောင်းဆိုးဝါးဂိုဏ်းပေါ့။ ငါတို့က လူသားအင်ပါယာအရှင်ကို ဂရုဂရုစိုက်စရာမလိုဘူး"

ယန်ယဲ့ က သူမအနားကို လျှောက်လာပြီး ပြုံးပြီး "မင်းအမြင်မှာ ငါယန်ယဲ့က လူသားအင်ပါယာအရှင်ကို ကြောက်နေတယ်များထင်သလား"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက ယန်ယဲ့ကို ခဏကြာစိုက်ကြည့်နေသည်။ စကားတော့ ဘာမှမပြောခဲ့ပေ။

ယန်ယွဲ့ က ဆက်ပြောလိုက်သည်

“ဓားကျင့်ကြံသူတွေဟာ သူတို့ရဲ့

နှလုံးသားထဲမှာ

ဘာအကြောက်တရားမှမရှိရဘူး။ ငါက

လူသားအင်ပါယာအရှင် ကို

မယှဉ်နိုင်ရင်တောင် သူ့ကို ဘယ်တော့မှ

မကြောက်ဘူး။ ငါသေရင် သေမယ်။

ဒါပေမဲ့ စိတ်ထဲမှာ ကြောက်ရွံ့ပြီး

တခြားသူတွေရဲ့ အကူအညီကို

တောင်းရင် သူ့ဆီက

သနားသလိုအကြည့်မျိုးပဲရလိမ့်မယ်။

ဒါဆို ဓားကွေးတာထက်

ကျိုးတာပဲခံလိုက်မယ်”

ထိုစကားပြောပြီးသည်နှင့်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို

ကျော်ဖြတ်ကာ အဝေးဆီသို့

ပျောက်ကွယ်သွားခဲ့သည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက နေရာတွင် တိတ်ဆိတ်ကျန်နေခဲ့သည်။

ဤအချိန်တွင် အမျိုးသမီးနှင့် မနီးမဝေးမှ အနက်ရောင် အရိပ်တစ်ခု ပေါ်လာသည်။ အရိပ်က ယန်ယဲ့ထွက်သွားရာဖက်သို့ လှမ်းကြည့်လိုက်ပြီး “ဘယ်လောက်တောင် မိုက်မဲလိုက်သလဲ။ ငါသူနဲ့ ရင်ဆိုင်ပါရစေ"

အရိပ်က ယန်ယွဲ့နောက်ကို လိုက်သွားရန် ပြင်နေသည်။ သို့သော်လည်း အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက ရုတ်တရက်ပြောခဲ့သည် “သေချင်ရင် လိုက်သွား”

အရိပ်က ရပ်တန့်သွားပြီး "ဘာကိုဆိုလိုတာလဲ"ဟုမေးလိုက်သည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

လက်ကိုဆန့်ပြီး

နားနောက်ဖက်ကျနေသောဆံပင်ကို

ဖြီးသပ်ရင်း “ဒီအရူးက

မကြာသေးခင်ကပဲ

ညဏ်အလင်းသခင်နှစ်ယောက်ကို

တစ်ချက်တည်းနဲ့သတ်ပစ်လိုက်တယ်”

ဟု လစ်လျူရှုကာ ပြောလိုက်သည်။

အနက်ရောင်အရိပ်က

အချိန်အတော်ကြာထိ

စကားမပြောနိုင်တော့ပေ။

အနီရောင်ဝတ်စုံဝတ် ယန်ယဲ့

ပျောက်ကွယ်သွားသော လမ်းကြောင်းကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့ကို

မကောင်းဆိုးဝါးမဟာမိတ်အဖွဲ့ဆီ

ခေါ်သွားပေး" ဟု ပြောလိုက်ပါသည်။

...

"ကလေး၊ လောကသုံးပါး ကနေ ကြိုဆိုပါတယ်" ယန်ယဲ့၏ စိတ်ထဲမှ ဟိုချင်၏အသံ ရုတ်တရက်ပေါ်လာခဲ့သည်။

ယန်ယဲ့ က အသက်ပြင်းပြင်းရှူလိုက်သည်။ ဤအခိုက်အတန့်တွင် သူက

ချိတ်ပိတ်စည်းထွက်ပေါက်မှ ထွက်လာပြီးနောက် လောကသုံးပါးကို ရောက်နေလေပြီ။

ရှောင်ချိ၊ ဇီအာ နဲ့ ဒုတိယအစ်မ။

ယန်ယွဲ့က “အကြီးအကဲဟို၊ ကောင်းကင်အင်ပါယာအရှင်က ဘယ်မှာလဲ” ဟုရုတ်တရက်

မေးလိုက်သည်။ သူက ရှောင်ချီ ကို

ချက်ချင်းသွားရှာချင်နေတာပါ။

ဟိုချင် က "ငါ့အထင် မင်းအဲဒီကို

မသွားနိုင်ဘူး"ဟူ၍ ပြန်ပြောပါသည်။

ယန်ယဲ့က အံ့သြသွားပြီး

"ဘာလို့လဲ"ဟုမေးလိုက်၏။

ဟိုချင် က "မင်းကြည့်ရတာ

လောကသုံးပါးအကြောင်းကို

သိပ်မသိလောက်ဘူးထင်တယ်။

ကောင်းပြီ၊ မင်းကို ငါရှင်းပြပါရစေ။

လောကသုံးပါး

ဘယ်လောက်ကြီးမားသလဲဆိုတဲ့

အပိုင်းကို ကျော်လိုက်မယ်။

ဘာ့ကြောင့်လဲဆိုတော့ မကြာခင်မှာ

မင်းကိုယ်တိုင် မြင်တွေ့နိုင်တော့မှာပါ။

လောကသုံးပါး မှာ လူသားမျိုးနွယ်၊

နတ်ဆိုးမျိုးနွယ်၊ နတ်မိစ္ဆာမျိုးနွယ်၊

ရှာမန်မျိုးနွယ်၊ ကောင်းကင်မျိုးနွယ်၊

ဝိညာဉ်မျိုးနွယ်... ဆိုပြီး

မျိုးနွယ်စုကြီးတွေ ရှိတယ်။

သူတို့နေထိုင်တဲ့ နေရာတွေကို ကမ္ဘာ

လို့ခေါ်ကြတယ်။ ဥပမာအနေနဲ့

လူသားမျိုးနွယ်က လူသားကမ္ဘာမှာ

နေထိုင်တယ်"

ယန်ယဲ့က မေးလိုက်သည် "ဒါဆို ရှောင်ချီက ကောင်းကင်ကမ္ဘာမှာရှိနေတာလား"

ဟိုချင်က "ဟုတ်တယ်။ သူမက ကောင်းကင်မျိုးနွယ်ရဲ့ တော်ဝင်မင်းသမီးလေ။ ကောင်းကင်ကမ္ဘာကို ရောက်ဖို့ လူသားကမ္ဘာနဲ့ ကောင်းကင်ကမ္ဘာကြားက ချိတ်ပိတ်စည်းကို ဖြတ်ကျော်ရမယ်။

ဒါပေမဲ့ လူသားအင်ပါယာအရှင်ရဲ့

ခွင့်ပြုချက်လိုတယ်။

သူ့ခွင့်ပြုချက်အပြင် မင်းက

ကောင်းကင်အင်ပါယာအရှင်ရဲ့

အတည်ပြုချက်ပါလိုသေးတယ်။

မဟုတ်လို့ ခိုးဝင်ရင် မင်း

အသတ်ခံရလိမ့်မယ်"

ကောင်းကင်ကမ္ဘာ ။

ယန်ယဲ့က ငြိမ်သက်သွားသည်။

ဒါဆို ငါက ကောင်းကင်ကမ္ဘာကို သွားဖို့

လူသားအင်ပါယာအရှင်ရဲ့

ခွင့်ပြုချက်လိုတာလား။

လူသားအင်ပါယာအရှင် က

သဘောတူပါ့မလား။

မှန်သည်။ မဖြစ်နိုင်ပေ၊ ထိုနည်းလမ်းက

ကောင်းကင်ကမ္ဘာကို ရောက်ဖို့

လုံးဝမဖြစ်နိုင်တာပါ။

ဟိုချင်က ရုတ်တရက်မေးလိုက်သည်

"မင်း ငါ့ရှာမန်မျိုးနွယ်ကို

ဘာလို့မသွားရမှာလဲ"

ရှာမန်မျိုးနွယ် ။.... ယန်ယဲ့က

"အကြီးအကဲဟို၊မင်းဘာကိုဆိုလိုတာလဲ"

ဟိုချင်က "ကလေး၊ ငါနဲ့အတူ ရှာမန်ကမ္ဘာကို လိုက်လာပါ။ ငါမင်းကို ကောင်းကင်ကမ္ဘာရောက်အောင် ကူညီပေးနိုင်တယ်"ဟုပြန်ပြောခဲ့သည်။

ယန်ယဲ့က "ငါက ရှာမန်ကမ္ဘာကို သွားဖို့အတွက် လူသားအင်ပါယာအရှင်ရဲ့

ခွင့်ပြုချက်မလိုဘူးလား"

ဟုမေးလိုက်သည်။

ဟိုချင်က "ငါတို့ ခိုးဝင်လို့ရတယ်။

ရှာမန်ကမ္ဘာကို

ဘယ်လိုခိုးဝင်ရမလဲဆိုတာငါသိတယ်။

ဒါ့အပြင်

ကောင်းကင်ကမ္ဘာကိုဘယ်လိုခိုးဝင်ရမလဲ

ဆိုတာပါသိတယ်။ ဒါပေမဲ့

လူသားကမ္ဘာကနေ ကောင်းကင်ကမ္ဘာကို

ဘယ်လိုခိုးဝင်လဲတော့မသိဘူး”

ရှာမန်ကမ္ဘာ ။....

ယန်ယဲ့က တုံ့ဆိုင်းမနေတော့ပေ။

လက်တလောမှာ အရေးကြီးသည်ကား

ရှောင်ချီကို အမြန်ရှာတွေ့ဖို့ပါ။ သူက

ဇီအာအတွက်

အတော်လေးစိတ်ပူနေမိသည်။

ထို့အပြင် သွေးကောရီကို
အသက်ပြန်သွင်းဖို့
အလျင်လိုနေပါသည်။

ယန်ယဲ့က ခဏမျှစဉ်းစားပြီး
"အကြီးအကဲဟို၊ ရှာမန်ကမ္ဘာကို
ငါဘယ်လိုဝင်ရမလဲ"ဟုမေးလိုက်ပါသည်
။

ဟိုချင်က "လူသားကမ္ဘာနဲ့ ရှာမန်ကမ္ဘာ
ကြားက ချိတ်ပိတ်စည်းဖြစ်တဲ့
ကျိုးပျက်ခြင်းတောင်တန်းကို
သွားလိုက်"

ယန်ယဲ့က "ငါ အဲဒီကို
ဘယ်လိုရောက်ရမလဲ"

ဟိုချင် က "ငါမသိဘူး"

ယန်ယဲ့၏မျက်နှာက မည်းမှောင်သွားပြီး "မသိဘူးလား။ မင်းဘာကိုဆိုလိုတာလဲ"

ဟိုချင်က "ကလေး၊ ငါ အာကာသထဲကို ပေါ်တယ်နည်းလမ်းသုံးပြီး ထွက်လာတာ။ ဒါပေမဲ့ မင်းမှာ အဲဒီစွမ်းရည် မရှိဘူး"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

လောလောဆယ်တွင် သူက

လူသားကမ္ဘာ၏ အနေအထားကို

အရင်ဆုံးလေ့လာရပါမည်။

အကြောင်းမူကား....၊

ခဏအကြာတွင်တော့ ယန်ယဲ့ သည်

ရှေ့ဆက်သွားနေရင်း

ရှေးဟောင်းမြို့တစ်မြို့ကို

သတိပြုမိလိုက်သည်။

May Be:

၂၂၄၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၆ - နတ်ဆိုးသမီးပျို

ယန်ယဲ့က အောက်သို့ ဆင်းလာခဲ့သည်။

ထို့နောက် ခဏရပ်ကာ

ရွှံ့များဖြင့်တည်ဆောက်ထားသော

မြို့ဝင်ပေါက်ကို မျှော်ကြည့်လိုက်သည်။

ထိုနေရာမှာ "ငြိမ်းချမ်းသောရွာ"ဟူသော

အနက်ရောင်စကားလုံးသုံးလုံး

ရေးထိုးထား၏။

မြို့ မဟုတ်ဘဲ ရွာတစ်ရွာ ။

ဤအချိန်တွင် ရွာနံ့ရံဖက်မှ
အနက်ရောင်ဘောလုံးလေးတစ်လုံး
ပျံထွက်လာပြီး ယန်ယဲ့၏
ခြေထောက်အောက်နားကို
လှိမ့်ဝင်လာသည်။

ဤအချိန်တွင် ရွာဝင်ပေါက်က
အနည်းငယ်ပွင့်လာသည်။ ထို့နောက်
ခေါင်းသေးသေးလေး
ပြူထွက်လာသည်။

အသက် ၈ နှစ်၊ ၉ နှစ်ဝန်းကျင်ခန့်

ကလေးမလေးတစ်ယောက်ပင်။

ကလေးမလေးက

ဖျင်ကြမ်းဝတ်စုံကိုဝတ်ဆင်ထားပြီး

ခေါင်းထက်၌

ကျစ်ဆံမြီးသေးသေးလေးကျစ်ထားသ

ည်။

ဤအချိန်တွင် သူမလေးက

ဝတ်စုံထောင့်ကို တင်းကျပ်စွာ

ဆုပ်ကိုင်ထားရင်း ယန်ယဲ့ကို မဝံ့မရဲ

စိုက်ကြည့်နေသည်။

အချိန်တော်တော်ကြာပြီးနောက်မှ

မဝံ့မရဲပြောရဲအသံလေးဖြင့် ယန်ယဲ့ကို

ခေါ်လိုက်လေသည် "အစ်ကိုကြီး...

အစ်ကိုကြီး... ငါ့ကို ပြန်ပေးနိုင်မလား"

ယန်ယဲ့က ကလေးမလေးကို

စိုက်ကြည့်ပြီးနောက် သူ့ခြေရင်းက

ဘောလုံးကို ငုံ့ကြည့်နေသည်။ သူက

ခေါင်းယမ်းပြီး ပြုံးလိုက်သည်။

ထို့နောက် သူ့ခြေဖျားနှင့် ခပ်ပါးပါး

ပုတ်လိုက်ရာ ဘောလုံးက

ကလေးမလေးဆီသို့

ပြန်ရောက်သွားသည်။ သို့သော်လည်း

သေးငယ်သောဘောလုံးလေးအပြင်

ယန်ယဲ့ကိုယ်တိုင်ပါ

ကလေးမလေးရှေ့ကိုရောက်လာပါသည်။

ယန်ယဲ့က ကလေးမလေး၏ခေါင်းကို

ပွတ်သပ်ပြီး ပြုံးလိုက်သည် "ကလေး၊ ငါ

ဝင်လို့ရမလား"

ကလေးမလေးက အတော်လေး

စိတ်လှုပ်ရှားနေပုံပါ။ ဤအချိန်တွင်

နှင်းပွင့်လေးက ယန်ယဲ့၏ရင်ဘတ်ထဲမှ

ခေါင်းပြူထွက်လာသည်။ နှင်းပွင့်ကို

မြင်သောအခါ

သူမ၏မျက်လုံးလေးများက

ချစ်ခြင်းမေတ္တာအရိပ်အယောင်များ

ပေါ်လာခဲ့သည်။

နှင်းပွင့်က ကလေးမလေး၏ခြေရင်းမှ

အနက်ရောင်ဘောလုံးလေးကို

ညွှန်ပြပြီးနောက်

သူမ၏ခြေသည်းများကို
စတင်ဝှေ့ယမ်းလိုက်သည်။

ကလေးမလေးက နှင်းပွင့်လေး
ပြောတာကို
နားမလည်ပေ။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
"ဒါဘာလဲလို့မေးနေတာ"ဟုပြောပါသည်။

ကလေးမလေးက ခဏတုံ့ဆိုင်းသွားပြီး "ဘောလုံး၊ ခြေထောက်နဲ့ကန်နိုင်တဲ့ဘောလုံး" ဟူ၍ အသံတိုးတိုးဖြင့်ပြန်ဖြေသည်။

ထို့နောက် သူမက ဘောလုံးကို ခြေဖျားလေးဖြင့် ပေါ့ပေါ့ပါးပါးပုတ်ကာ စတင်ခုန်ပါတော့သည်။ သူမက ပုံစံအမျိုးမျိုးကခုန်နေသည်။ ဤမြင်ကွင်းက

နှင်းပွင့်၏မျက်လုံးလေးများကို
ပြူးကျယ်သွားစေသည်။

စိတ်လှုပ်ရှားနေတာပါ။

ကလေးမလေးက နှင်းပွင့်ကို
စိုက်ကြည့်ကာ "ကစားချင်တာလား" ဟု
မေးလိုက်သည်။

နှင်းပွင့်က ခပ်မြန်မြန်
ခေါင်းညိတ်လိုက်သည်။

ကလေးမလေးက ပြုံးကာ ဘောလုံးကို
လက်နှစ်ဖက်ဖြင့်ကိုင်ပြီး
နှင်းပွင့်လေးဆီပေးလိုက်သည်။
သို့သော်လည်း သူမက နှင်းပွင့်လေး၏
ခြေထောက်များ တိုလွန်းသည်ကို
သဘောပေါက်သွားခဲ့သည်။

ထို့နောက် အနည်းငယ် ခေါင်းညိတ်ပြပြီး
"ဒါလည်း သုံးလို့ရတယ်"

စကားပြောပြီးနောက် ဘောလုံးကို
သူမ၏ခေါင်းပေါ်မှာ တင်လိုက်ပြီး
အနည်းငယ် ပုတ်လိုက်သည် ။

နှင်းပွင့်က အတော်လေးကို
ဝမ်းသာသွားပုံပါ။
အနက်ရောင်ဘောလုံးကို

သူမ၏ခေါင်းဘေးပေါ်သို့ ကမန်းကတန်း

တင်ကာ စပြီးပုတ်ပါတော့သည်။

ထို့နောက်တွင်တော့

ကလေးမလေးနှင့်အတူ

ခုန်ပေါက်ကစားပါတော့သည်။

ခဏအကြာတွင်

ကစားတာရပ်လိုက်ကြသည်။

ကလေးမလေးက ယန်ယဲ့အား ရွာထဲကို

ခေါ်သွားခဲ့သည် ။ ရွာထဲကို

ဝင်လိုက်လာသည်နှင့် ယန်ယဲ့က

တရွာလုံး သာမန်လူများသာ

ပြည့်နေသည်ကို သတိထားမိခဲ့သည်။

ကျင့်ကြံသူတစ်ယောက်မှကို မရှိခဲ့ပေ။

ကလေးမလေးက ယန်ယဲ့နှင့်

နှင်းပွင့်လေးကို သူမ နေထိုင်သော

အိမ်ဆီသို့ ခေါ်သွားခဲ့သည် ။

သူမ၏အိမ်သို့ ရောက်သွားသောအခါ

အဖိုးဖြစ်သူနှင့်သာ

နေထိုင်ကြောင်းသိလိုက်ရသည်။

ကလေးမလေး၏အဖိုးက သေခါနီးဆဲဆဲ

သာမန်အဘိုးကြီးတစ်ဦးပါ။

"မင်းက သာမန်လူမဟုတ်ဘူးထင်တယ်"

ယန်ယဲ့ကို မြင်လိုက်သည်နှင့်

အဘိုးကြီးက

ပထမဆုံးပြောလိုက်သည့်စကားပါ။

ယန်ယဲ့က ပြုံးပြီး “ငါ

လမ်းကြုံလို့ဝင်လာတာပါ။ ငါ မကြာခင်

ထွက်သွားမယ်”

အဘိုးကြီးက ခဏတုံ့ဆိုင်းသွားပြီး

“မင်းက ဒဏ္ဍာရီထဲက

မသေနိုင်တဲ့သူလား”

ဟုထပ်မေးလိုက်သည်။

ယန်ယဲ့က အံ့သြသွားပြီး

“မသေနိုင်ဘူးလား”

အဘိုးကြီးက “ပင်လယ်ကို

အငွေ့ပျံအောင်လုပ်နိုင်တယ်။

တောင်တန်းတွေကို မှောက်လှန်နိုင်တဲ့

လူတွေ” ဟုထပ်ပြောပါသည်။

ယန်ယဲ့က သူ၏နှာခေါင်းကို ပွတ်သပ်ပြီး
"ဒီလိုပါပဲ"

အဘိုးကြီးက ရုတ်တရက်
သက်ပြင်းချကာ ကောင်မလေးကို
စူးစိုက်ကြည့်ပြီး "သူမရဲ့နာမည်က
ကျိအာ ပါ။ သူ့မိဘတွေက
လွန်ခဲ့တဲ့ငါးနှစ်လောက်က ထားခဲ့တယ်။
ကျင့်ကြံဖို့သွားတယ်လို့ ပြောကြပေမယ့်

သူတို့ဆီက သတင်းမကြားရတာ ၅ နှစ်ရှိပြီ။ ညနေတိုင်း ရွာအပြင်ဖက် ကျောက်တုံးပေါ်မှာ ထွက်ထိုင်တယ်”

ယန်ယဲ့က ကလေးမလေးကို ငုံ့ကြည့်ကာ ငြိမ်သွားသည်။

ဤအတောအတွင်းမှာပဲ အဘိုးကြီးက ဆက်ပြောပါသည် “ဒါဟာ နှစ်ပေါင်းများစွာအတွင်းမှာ

သူအရမ်းပျော်တာ ဒါပထမဆုံးပဲ။

နောက်ပြီး တစ်ယောက်ယောက်နဲ့

စကားပြောဝံ့တာကို

ပထမဆုံးမြင်ဖူးတာပါပဲ...”

ဤအချိန်တွင် ယန်ယဲ့က

လူသားတစ်ယောက်လို ပြုံးမူနေသော

နှင်းပွင့်လေးကို

တစ်ချက်ကြည့်လိုက်သည်။

သူမကို လူသားတစ်ယောက်လို
ယူဆနိုင်မလား။

ဤအခိုက်အတန့်တွင်
ယန်ယဲ့၏အမူအရာက ရုတ်တရက်
ပြောင်းလဲသွားကာ “နှင်းခဲလေး၊
ဒီကိုအမြန်ပြန်လာတော့"ဟုအော်ပြောလို
က်တော့သည်။

နှင်းပွင့်က ကျိအာနှင့်

ကစားချင်နေသေးပုံပါ။သို့သော်လည်း

ယန်ယဲ့၏စကားကိုနားထောင်ပါသည်။

သူ့ပခုံးပေါ်သို့

ချက်ချင်းခုန်တက်လာသည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်မိန်းမလှတစ်ဦး

က နှင်းပွင့်လေး

ဆော့ကစားနေသောနေရာမှာ ရုတ်တရက်

ပေါ်လာသည်။

အမျိုးသမီး၏ဘယ်ဖက်လက်က

အနည်းငယ်ငေးကြောင်နေသော

ကျိအာလေးကို ဖမ်းကိုင်ထားသည်။

ထို့နောက် ယန်ယဲ့ကို

တစ်ချက်စိုက်ကြည့်ကာ

ကျိအာ၏လက်မောင်းတစ်ဖက်ကို

ဆတ်ခနဲ ဆွဲချိုးလိုက်လေသည်။

ကျိအာလေးက ထိတ်လန့်မှုနှင့်

နာကျင်မှုကြောင့်

အသံပင်မထွက်နိုင်တော့ဘဲ

ချက်ချင်းမေ့မျောသွားခဲ့သည်။

အမျိုးသမီးက တစ်ခစ်ခစ်ရယ်မောရင်း

ယန်ယဲ့ကို ကြည့်ကာ "အခု ဘယ်လိုလဲ။

လူတိုင်းကို

ပုရွက်ဆိတ်တွေလိုသဘောထားနေတဲ့လူ

တစ်ယောက်ကပြေိမ်ချက်သားကောင်းလှ

ချည်လား"

ယန်ယဲ့က ပြန်မပြောသေးပေ။

မျက်မှောင်ကြုတ်နေခဲ့သည်။ သူက

ထိုအမျိုးသမီးကို မသိလို့ပါ။

သို့ရာတွင်အမျိုးသမီးက

သူ့အတွက်ရောက်လာပုံရသည်။ သို့သော်

မည်သည့်အကြောင့် ကျိအာကို

နှိပ်စက်နေရသနည်း။ ခဏအကြာတွင်

ယန်ယဲ့က တစ်ခုခုကို

ရုတ်တရက်နားလည်လိုက်သည်။

ဤအချိန်တွင် ကျိအာလေး၏အဖိုးက

ရုတ်တရက် ထရပ်ကာ အမျိုးသမီးကို

ဒေါသတကြီး အော်ဟစ်လိုက်သည်

“မင်း... မင်းက သူ့ကို ရန်ငြိုးရှိလို့

ငါ့ကျိအာကို နှိပ်စက်လိုက်တာလား။

ဘာမှမသိနားမလည်တဲ့

ကလေးမလေးကို ဘာလို့

ဒီလိုဆက်ဆံတာလဲ။ အားနည်းတဲ့သူကို အနိုင်ကျင့်တာက မင်းကို ပျော်ရွှင်စေတာလား”

"ဒါပေါ့" အမျိုးသမီးက အဘိုးကြီးကို ကြည့်ပြီး ပြုံးကာ "ဘာလို့ ကျင့်ကြံတာလဲ။ သန်မာလာဖို့ပဲမဟုတ်လား။ ဒါပေမဲ့ ဘာကြောင့် သန်မာလာချင်တာလဲ။ အဲဒါက သဘာဝအတိုင်း

စိတ်ကြိုက်လုပ်လို့ရတယ်။ အဘိုးကြီး၊

ဒါကို မြင်လား။ ငါ ကြိုက်သလို

လုပ်လို့ရပေမယ့် နင်ကြည့်လို့ရတယ်။

အဲဒါ ငါတို့ကြားက ခြားနားချက်ပဲ။

ပုရွက်ဆိတ်တစ်ကောင်ဟာ အမြဲတမ်း

ပုရွက်ဆိတ်တစ်ကောင်ပဲဖြစ်နေတာ”

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ကာ

“ဘယ်လိုလဲ။

ငါပြောတာမှန်တယ်မဟုတ်လား”

အော်....၊

ငါတစ်ခုကိုပြောဖို့မေ့သွားတယ်။ ငါ့ကို မိတ်ဆက်ခွင့်ပြုပါ။ ငါက လူသားအင်ပါယာအရှင်ရဲ့ လက်အောက်ငယ်သားတစ်ဦးပေါ့။ ငါက လူသားအင်ပါယာအရှင်ရဲ့ လက်အောက်က နတ်ဆိုးသမီးမျိုး ၃ ဦးထဲက တစ်ယောက်လို့ပြောပါရစေ"

ဆူး...

စကားပြောနေရင်းဖြင့် အမျိုးသမီးက သတိမေ့နေသော ကျိအာ၏လက်မောင်းတစ်ဖက်ကို ဆွဲဖြုတ်ပစ်လိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က ဓားနှစ်ချောင်း ကိုင်လျက် ယန်ယွဲ့၏ပခုံးထက်မှာ ပေါ်လာသည်။

သူမ၏လက်သည်းလေးတစ်ဖက်စီက

ရွှေစားတစ်ချောင်းနှင့်

အားချင်ကိုကိုင်ထားလေသည်။

ဤအခိုက်အတန့်မှာ

သူမ၏မျက်နှာသေးသေးလေးက

ဒေါသရိပ်များဖုံးလွှမ်းထားသည်။

"ချစ်ဖို့ကောင်းလိုက်တာ အကောင်လေး"

တစ်ချိန်တည်းမှာပင် အမျိုးသမီးက

ရုတ်တရက် ရယ်မောလိုက်ပြီး
“ပြုတ်လိုက်ရင် အရသာရှိမှာ
သေချာပါတယ်။ မဟုတ်ဘူး၊ ကင်စားရင်
ပိုကောင်းမယ်"

ငါ့နှင်းပွင့်ကိုလား ။

ယန်ယဲ့က
ဒေါသထောင်းခနဲထွက်သွားသော်လည်း
အခုအချိန်ထိ စကားမပြောသေးပေ။

သို့သော် နှင်းပွင့်က
ဒေါသတကြီးဖြစ်သွားသည်။
သူမ၏လက်သည်းများကြားရှိ
ဓားနှစ်ချောင်းကို ဝှေ့ယမ်းကာ
အမျိုးသမီးအားတိုက်ခိုက်ရန်ပြင်လေသ
ည်။ ယန်ယွဲ့ကနှင်းပွင့်၏ခေါင်းလေးကို
ပွတ်သပ်ကာတားလိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က ရွှေဓားကို

ယန်ယဲ့၏လက်ထဲထည့်ပေးကာ

မျက်တောင်ခတ်လိုက်သည်။

သေချာသည်မှာ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

သတ်ခိုင်းနေတာပါ။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို

ညင်သာစွာ ပွတ်လိုက်ပြီး

အနက်ဝတ်အမျိုးသမီးကို စိုက်ကြည့်ကာ

"ငါသိပါတယ်... သန်မာသူတွေက

ကိုယ့်မာနနဲ့ကိုယ် ရှိသင့်တယ်လို့ ငါ

အမြဲထင်ခဲ့တယ်။

ရိုးရိုးသားသားပြောရရင်

မင်းကျေနပ်သလို မင်း ထက်

သန်မာတဲ့သူတွေကို နှိပ်စက်ခဲ့ရင် ငါ

ယုံလိမ့်မယ် ။ ဒါပေမဲ့

ကိုယ့်ကိုယ်ကိုပြန်ကြည့်ပါ။

အားနည်းတဲ့သူတွေကို

ညှဉ်းပန်းနှိပ်စက်တာအပြင်
မင်းကတခြားဘာလုပ်နိုင်သေးလဲ။
ငါ့အမြင်အရတော့ မင်းလိုလူတွေက
အားနည်းတဲ့သူတွေကိုကျအနိုင်ကျင့်တ
ယ်။ သန်မာတဲ့သူတွေတွေ့ရင်တော့
ခွေးတစ်ကောင်လို
အမြီးနှံ့ပြီးဖားနေလိမ့်မယ်”

ထိုစကားပြောပြီးနောက် သူ့လက်ကို
ရုတ်တရက်ဝှေ့ယမ်းလိုက်ပြီး "လာပါ။

ငါ့ကိုရိုက်နှက်ပါ။ ငါ့ကို ညှဉ်းပန်းနှိပ်စက်ဖို့ တောင်းဆိုပါရစေ”

အမျိုးသမီးက ရယ်မောပြီး လက်ထဲက ကျိအာကို ဘေးသို့ လှဲခဲ့လိုက်သည်။ ထို့နောက် ယန်ယွဲ့ဆီကို စတင်လျှောက်လာကာ "နင်က အရမ်းယုံကြည်မှုရှိနေတဲ့ပုံပဲ။ နင်...”

ယန်ယဲ့က နေရာမှာပင်
ဖျတ်ခနဲပျောက်သွားခဲ့သည်။ သို့သော်
အနက်ဝတ်အမျိုးသမီးကို မတိုက်ခိုက်ဘဲ
ကျိအာအနားတွင် ပေါ်လာခဲ့သည်။ သူက
ကျိအာကို လက်နှစ်ဖက်ဖြင့်
ပွေ့ချီလိုက်သည်။ တစ်ဆက်တည်း
သူ့လက်ကိုဆန့်ကာ
ကျိအာ၏ရင်ဘတ်ပေါ်ဖိလိုက်သည်။

ခဏအကြာတွင် ယန်ယဲ့က
သက်ပြင်းချလိုက်သည်။

ကျိအာက
အသက်စွမ်းအင်ပျောက်ကွယ်မသွား
သေးပါ။ တစ်နည်းဆိုရသော် သူမကို
ကယ်တင်နိုင်သေး၏။

ထို့နောက်တွင် ယန်ယဲ့ က ကျိအာကို
မူလစေတီထဲ ထည့်လိုက်သည်။

ယန်ယဲ့က အမျိုးသမီးကို လစ်လျူရှုပြီး အဘိုးကြီးအား စိုက်ကြည့်ရင်း "စိတ်မပူပါနဲ့၊ သူက အရမ်းလုံခြုံနေပြီ"ဟုပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့် အမျိုးသမီးကို တစ်ချက်ကြည့်လိုက်ပြီး “လာ...”

ယန်ယဲ့က

အလင်းတန်းတစ်ခုအသွင်ပြောင်းကာ

ကောင်းကင်ထက်သို့

လွင့်မျောသွားသည်။

ငြိမ်းချမ်းသောရွာလေးက

သာမန်ရွာသာဖြစ်သဖြင့် ရွာအလယ်မှာ

မတိုက်ခိုက်လိုပေ။

တစ်ချက်တိုက်ခိုက်ရုံဖြင့် ရွာတစ်ခုလုံး

ပျောက်ကွယ်သွားနိုင်၏။

အမျိုးသမီး၏ ပါးစပ်ထောင့်မှ
အပြုံးတစ်ခု ပေါ်လာပြီးနောက်
နေရာတွင်ပင် ပျောက်သွားခဲ့သည်။

အဘိုးကြီးက ကောင်းကင်ကို
မော့ကြည့်လိုက်သည်။ သို့သော်
ဘာမှမမြင်နိုင်ခဲ့ပေ။ သူက
ကောင်းကင်ကို မော့ကြည့်လိုက်ပြီး

“အားနည်းတဲ့သူတွေဟာ
နင်းချေခံရနိုင်တယ်…”

ကောင်းကင်အမြင့်တစ်နေရာ…

ယန်ယဲ့ ရပ်လိုက်သည်နှင့် အမျိုးသမီးက
သူ့ရှေ့တွင် ပေါ်လာသည်။

အမျိုးသမီးက စကားပြောရန်
ပြင်လိုက်သည်။ သို့သော်လည်း

ယန်ယဲ့က ဘာမပြောညာမပြောနှင့်

ရွှေဓားကို ဆတ်ခနဲဆွဲထုတ်ကာ

ပိုင်းချလိုက်တော့သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား....

ယခင်နှင့် မတူတော့ပေ။

အကန့်အသတ်မဲ့အဖျက်စွမ်းအားကို

သယ်ဆောင်လာသည်။

အုန်း....

ဓားပိုင်းချက် ဆင်းသက်လာသည်နှင့်
တပြိုင်နက် ရောမပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။ မရေမတွက်နိုင်သော
မီးပွားများနှင့် အလင်းတန်းများ
ပတ်ဝန်းကျင်အနှံ့ ဖြာထွက်သွားသည်။

သို့သော်လည်း ခဏကြာတွင်
အမျိုးသမီးအသံက

ရုတ်တရက်ထွက်ပေါ်လာသည် “နင့်မှာ ဒါအကုန်ပဲလား”

ယန်ယဲ့က သူ့ရှေ့ကို
လှမ်းကြည့်လိုက်သည်။
မီးတောက်များနှင့်
အလင်းတန်းများကြားမှ
အမျိုးသမီးတစ်ဦး ထွက်လာခဲ့သည်။
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး ပါ။
သို့ရာတွင် ဘာမှအထိအခိုက်မရှိခဲ့ပေ။

ဤအချိန်တွင် ယန်ယဲ့က
အမျိုးသမီးဝတ်ဆင်ထားသည့်
အနီရောင်ပခုံးအကာများကို
စိုက်ကြည့်နေသည်။
ထိုပုခုံးအကာနှစ်ခုက သူ၏ဓားချက်ကို
ခုခံလိုက်တာပါ။

"နင့်မှာရှိတာ ဒါပဲလား" အမျိုးသမီးက
ရုတ်တရက် ရယ်မောလိုက်ပြီး

“ရိုးရိုးသားသား ပြောရရင် ငါ

အရမ်းစိတ်ပျက်တယ်၊

အရမ်းစိတ်ပျက်တယ်။

ဘာလို့လဲဆိုတော့ ဒီမစ်ရှင်ကို

လက်ခံလိုက်တာက

ပျော်စရာကောင်းမယ်လို့ ထင်ခဲ့တာ။

ဒါပေမဲ့ နင်က မျှော်လင့်ထားတာထက်

အများကြီး အားနည်းလိမ့်မယ်လို့

ငါမမျှော်လင့်ထားဘူး။

ပျင်းစရာကောင်းလိုက်တာ…”

ယန်ယဲ့က စကားမပြောဘဲ ရှေ့တစ်

လှမ်းတိုးလိုက်သည်။

ဓားနယ်မြေ….

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့်

ယန်ယဲ့၏အသွင်အပြင်က လုံးဝ

ကွဲပြားသွားပါတော့သည်။

May Be:

၂၂၄၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၇ -

ရက်စက်ကြမ်းကြုတ်သော

ယန်ယဲ့၏ခြေထောက်အောက်မှ

အလင်းတန်းတစ်ခု တောက်ပလာပြီး

ဖျတ်ခနဲဆိုသလိုပင် ပျောက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့က

အမျိုးသမီးရှေ့သို့ ရောက်နေခဲ့သည်။

ထို့နောက် ဓားကိုမြှောက်ကာ

ပိုင်းချလိုက်တော့သည်။

ဓားပိုင်းချက်မှစွမ်းအားကို

ခံစားမိသောအခါ အမျိုးသမီး၏

မျက်နှာပေါ်ရှိ အပြုံးက ချက်ချင်း
အေးခဲသွားသည်။ ယခင်အတိုင်း
ဓားချက်တစ်ချက်သာ ဖြစ်သော်လည်း
စွမ်းအားကတော့ လုံးဝကွဲပြားပါသည်။

အမျိုးသမီးက ပေါ့ပေါ့ဆဆ
မလုပ်ရဲတော့ပေ။ သူမ၏ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များ
တဟုန်ထိုးမြင့်တက်လာပါတော့သည်။
တစ်ချိန်တည်းမှာပင် သူမ၏

ပခုံးနှစ်ဖက်အကာများက မီးတောက်များ

ရုတ်တရက် ထွက်ပေါ်လာသည်။

သို့သော်လည်း အမျိုးသမီးက ယန်ယဲ့ကို

လှော့တွက်ထားမိခဲ့ပြန်သည်။

အကြောင်းမှာ ယန်ယဲ့က

ခွန်အားအပြည့်သုံးထားလို့ပါ။

အုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
အနက်ရောင်ဝတ်အမျိုးသမီးက
လွင့်ထွက်သွားခဲ့သည်။
ဓားပိုင်းချက်ကြောင့်
အနီရောင်ပခုံးအကာနှစ်ဖက်ပင်
အပိုင်းပိုင်းပြတ်တောက်သွားခဲ့သည်။

ယန်ယဲ့က မရပ်တန့်ခဲ့ပေ။
သူ၏ခြေထောက်အောက်မှ

အလင်းတန်းတစ်ခု လင်းလက်လာကာ

ရှေ့သို့ ပြေးထွက်သွားသည်။

ယန်ယဲ့ တိုက်ခိုက်လာသည်ကို

မြင်သောအခါ

အမျိုးသမီး၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ သူမ၏

ဒဏ်ရာများကို အာရုံမစိုက်နိုင်တော့ဘဲ

လက်နှစ်ဖက်ကိုဆန့်ကာ

ထူးဆန်းသောတံဆိပ်တစ်ခုကို

အမြန်ဖန်တီးလိုက်လေသည်။

ထိုခဏလေးမှာပင်

ပတ်ဝန်းကျင်အာကာသပြင်က

ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

ထို့နောက်တွင်တော့

အမျိုးသမီး၏ပတ်ဝန်းကျင်

အာကာသထဲကနေ

မီးတောက်အလင်းတန်းများစွာ

ထွက်လာပါတော့သည်။

မီးတောက်တွေလား ။

ယန်ယဲ့က ဓားကို အားထည့်၍
ဖျက်ဆီးရန် ပြင်လိုက်ပြီးမှ
တစ်စုံတစ်ခုကို
ရုတ်တရက်တွေးလိုက်မိသည်။
ခဏအကြာမှာပဲ ယန်ယဲ့၏ခန္ဓာကိုယ်မှ
မီးတောက်များ ထွက်လာသည်။
မီးတောက်က တဖြည်းဖြည်းပြန့်လာကာ
ယန်ယဲ့၏ခန္ဓာကိုယ်ကို

ဖုံးလွှမ်းသွားသည်။ ဤအချိန်တွင်
အမျိုးသမီး၏ မီးတောက်များက
နောက်ပြန်တွန့်နေခဲ့သည်။
ဤမြင်ကွင်းကြောင့်
အနက်ရောင်ဝတ်အမျိုးသမီးဟာ
အကြီးအကျယ်ထိတ်လန့်သွားခဲ့သည်။

ဒါက ဘယ်လိုမီးတောက်မျိုးလဲ။

အနက်ရောင်ဝတ်အမျိုးသမီး၏

မီးတောက်က

အမှန်ပင်အစွမ်းထက်လှသည်။

သို့ရာတွင်

ယန်ယွဲ့၏နတ်ယင်မီးတောက်ကိုယှဉ်နိုင်မ

ည်လော။ မီးတောက်နှစ်ခုကြားရှိ

ကွာဟချက်ကာ ကြီးမားလွန်းလှသည်။

နတ်ယင်မီးတောက် ပေါ်လာသည်နှင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး၏

မီးတောက်များအားလုံး အလိုလို

နောက်ပြန်တွန့်သွားကြသည်။

ဤအချိန်တွင် ယန်ယဲ့က သူမရှေ့တွင်

ပေါ်လာပြီး ရွှေဓားဖြင့်

ထပ်မံထိုးသွင်းလိုက်သည်။

သူ့တိုက်ခိုက်မှုက

သာမန်ဓားချက်တစ်ချက်သာ။

မည်သည့်နည်းစနစ်၊

ထူးဆန်းသောလှုပ်ရှားမှုပင်မရှိခဲ့ပေ။

သာမန်ရိုးရှင်းသောတိုက်ခိုက်မှုတစ်ခု ။

အုန်း...

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီးနောက်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

ထပ်မံ လွင့်ထွက်သွားခဲ့သည်။ ဒီအချိန်မှာ

သူမ၏ပါးစပ်ထဲမှ သွေးများ

အဆက်မပြတ် စီးကျလာပါတော့သည်။

အမျိုးသမီးက ထပ်ပြီးမတိုက်ခိုက်ဘဲ

ယန်ယဲ့ကို တစ်ချက်ကြည့်ကာ

ကောင်းကင်ထက်သို့ ရုတ်တရက်

လွင့်မျောသွားသည်။

ထွက်ပြေးမယ် ။

အမှန်တော့ သူမ၏ ဝှက်ဖဲက

ထိုမီးတောက်များသာ။ သို့သော်

ယန်ယဲ့၏မီးတောက်များက

ပို၍ပင်ဆန်းကြယ်လှသည်။

တစ်နည်းအားဖြင့် သူမက ယန်ယဲ့ကို

ရင်ဆိုင်နိုင်စွမ်းမရှိတော့ပေ။

နောက်ဆုံးတွင် ထွက်ပြေးဖို့သာ

ပြတ်ပြတ်သားသား

ရွေးချယ်လိုက်သည်။

သို့ရာတွင် ယန်ယဲ့က

လွတ်မြောက်ခွင့်ပြုမည်လား။

ယန်ယဲ့၏ခြေထောက်အောက်မှ

အလင်းတန်းတစ်ခု လင်းလက်လာသည်။

ထိုခဏလေးမှာပဲ သူက

အမျိုးသမီးရှေ့တွင် ပေါ်လာကာ ဓားကို

ဆတ်ခနဲခုတ်ချလိုက်သည်။

အုန်း....

အနက်ရောင်ဝတ်အမျိုးသမီးက ထပ်မံ
လွင့်ထွက်သွားပြန်သည်။

တစ်ချိန်တည်းမှာပင် ဤနေရာတွင်
လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားတစ်ခု
ပေါ်လာသည်။

ဓားနယ်မြေ....

ဓားနယ်မြေ ပေါ်လာသည်
နှင့်တစ်ပြိုင်နက် အလင်းတန်းတစ်ခု
ရုတ်တရက်လင်းလက်လာသည်။

ထို့နောက် ဓားတစ်ချောင်းက
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး၏
နဖူးအလယ်သို့ ဖိကပ်ထားလိုက်သည်။

ငါရှုံးသွားပြီလား။

အမျိုးသမီးက မျက်နှာပျက်သွားသည်။

ယန်ယဲ့ကို မော့ကြည့်ကာ

စကားပြောရန်ပြင်လိုက်သည်။

သို့သော်လည်း

လက်ဝါးတစ်ဖက်မြောက်တက်လာတာ

ကို မြင်လိုက်ရသည်နှင့်

တစ်ချိန်တည်းမှာပဲ

သူမ၏ခေါင်းတစ်ခုလုံး

ပြုတ်ထွက်သွားမတတ်ခံစားလိုက်ရလေသည်။

ဖြောင်း....

ယန်ယွဲ့၏ညာဖက်လက်ဝါးက အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး၏ ပါးကိုတည့်တည့်ရိုက်ချလိုက်သည်။

သူမ၏ညာဖက်ပါးမှာ
လက်ဝါးရာတစ်ခုပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
ရုတ်တရက်ပြောခဲ့သည် “ဒါက မြင်ရတာ
သိပ်ပြီးအဆင်မပြေဘူး…”

စကားစမြည်ပြောရင်း
သူ့လက်ကိုမြှောက်ကာ

အမျိုးသမီး၏ဘယ်ဖက်ပါးကို

ထပ်ရိုက်ချလိုက်လေသည်။

ဖြောင်း

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး၏

ပါးတစ်ဖက်စီမှာ လက်ဝါးရာတစ်ခုစီ

ရှိနေသည်။

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း အေးစက်စက်ပြောလိုက်သည် "ယန်ယဲ့၊ နင် ငါ့ကို သတ်နိုင်ပေမယ့် လုပ်ရဲသလား..."

ယန်ယဲ့က စကားမပြောဘဲ အမျိုးသမီးကို လည်ပင်းကနေဆွဲမလျက် အောက်မြေပြင်နှင့် ကိုင်ရိုက်ချလိုက်လေသည်။

အုန်း....

မြေပြင်က အက်ကွဲသွား၏။

သို့သော်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

အထိအခိုက်မရှိခဲ့ပေ။

အစွမ်းထက်ကျင့်ကြံသူ ဖြစ်နေလေရော

မြေပြင်က သဘာဝအတိုင်း သူမ၏

ခေါင်းလောက် မမာပါ။

သို့တိုင် ယန်ယဲ့၏လုပ်ရပ်က
အမျိုးသမီးကို အရှက်ရစေသည်။

အေးစက်စက်အကြည့်ဖြင့် ယန်ယဲ့ကို
စိုက်ကြည့်နေသည်။ ဤအချိန်တွင်
ယန်ယဲ့၏ခြေထောက်တစ်ဖက်က
မြောက်လာကာ
အမျိုးသမီး၏မျက်နှာပေါ်ကိုနင်းချလိုက်
လေသည်။ ထို့နောက် ဖြည်းဖြည်းချင်း

ဖိချလိုက်ပြီး “မင်း ကျေနပ်သလို

လုပ်ပါဦးလား။ မင်း ကျေနပ်သလို

ပြုမူတယ်လို့

မင်းပြောခဲ့တာမဟုတ်ဘူးလား။ အခု

ဘယ်လိုဖြစ်နေလဲ သိပြီလား"

ထိုစကားပြောပြီးနောက် ယန်ယဲ့က

အမျိုးသမီး၏မျက်နှာကို

ကန်ထုတ်လိုက်သည်။

ဘုန်း....

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက ၃ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။ ဤအချိန်တွင် ယန်ယဲ့က အမျိုးသမီးရှေ့မှာ ထပ်ပေါ်လာကာ သူမ၏ခေါင်းပေါ် တက်နင်းလိုက်သည်။

ယန်ယဲ့က သူ၏ညာခြေကို
ပေါ့ပေါ့တန်တန် ဖိနင်းလိုက်ပြီး
"အစတုန်းက မင်းကို ချက်ချင်းသတ်ဖို့
ငါစီစဉ်ထားတာပဲ။ ဒါပေမဲ့ အဲဒါက
မင်းကို လွယ်လွယ်နဲ့ လွတ်သွားလိမ့်မယ်"
ဟု အေးစက်စက်ပြောပါသည်။

ထို့နောက် သူ၏လက်ညိုးကို အောက်သို့
ညွှန်လိုက်ရာ ဓားစွမ်းအင်တစ်စင်းက
အမျိုးသမီး၏ဝမ်းဗိုက်ကို ထိုး

ဖောက်သွားသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

မျက်လုံးများ ချက်ချင်းပင်

ပြူးကျယ်သွားသည်။

သူမ၏ မူလဒန်တျန်

ဖျက်ဆီးခံလိုက်ရပြီ။

သို့သော်လည်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး ကဲ့သို့

အဆင့်ရောက်နေသောကျင့်ကြံသူများ

ဟာ မူလဒန်တျန်ကို

ပြန်ပြီးတည်ဆောက်ဖို့ သိပ်မခက်ခဲပါ။

သို့ရာတွင် ယန်ယဲ့က အသက်ရှင်လျက်

လွှတ်ပေးမည်ဟုတ်မဟုတ်အပေါ်

မူတည်ပါသည်။

လက်ရှိအခြေအနေအရတော့

မဖြစ်နိုင်မှန်းသိသာပါသည်။

ဤအချိန်တွင် ယန်ယဲ့က အမျိုးသမီးကို တစ်ချက်ငုံ့ကြည့်ကာ သူ၏ညာလက်ကိုအနည်းငယ်လှုပ်လိုက်သည်။ အလင်း ၄ ခုလင်းလက်လာပြီးနောက် ဓား ၄ ချောင်းက အမျိုးသမီး၏ ခြေ၊ လက် နှစ်ဖက်စလုံးကို မြေပြင်ပေါ် ထိုးစိုက်သွားခဲ့သည်။

...May Be:

၂၂၄၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၈ - ကံကြမ္မာ၊ ကံတရား

ယန်ယဲ့က အမျိုးသမီးကို မြေပြင်မှာ ကပ်ရိုက်ထားလိုက်ပြီးနောက် မူလစေတီထဲကို ဝင်သွားလိုက်သည်။ သူက ကျိအာ၏အခြေအနေကို

သွားကြည့်တာပါ ။ဤအချိန်တွင်

ကျိအာက အခြေအနေ

ပိုကောင်းလာပုံရသည်။ သူမက

သတိမေ့နေရာမှ ပြန်နိုးနေခဲ့သည်။

ထို့အပြင် နှင်းပွင့် ၊ယွဲ့အာ၊ ပေါင်အာ နှင့်

လဲ့လင် တို့က ကျိအာ၏နံဘေးမှာ

ဝိုင်းရံအားပေးနေကြသည်။

ယန်ယွဲ့ကို မြင်သောအခါ အားလုံးက

သူ့ကို စိုက်ကြည့်နေကြသည်။

နှင်းပွင့်လေးက ယန်ယဲ့၏ပခုံးပေါ်သို့
ပျံတက်လာပါသည်။ ထို့နောက်
ကျိအာ၏ ပုခုံးများကို ညွှန်ပြသည်။
သူမ၏ ပခုံးနှစ်ဖက်က
ဗလာဖြစ်နေလို့ပါ။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို
ပွတ်သပ်လိုက်ပြီး ကျိအာ ဆီသို့
လျှောက်သွားလိုက်သည်။ ကျိအာက

ယန်ယဲ့ကို မော့ကြည့်ကာ “အစ်ကိုကြီး…

အစ်ကိုကြီး… အဖိုး အဆင်ပြေရဲ့လား”

ယန်ယဲ့က သူ့မ၏ခေါင်းကို ပွတ်သပ်ရင်း

“သူအဆင်ပြေပါတယ်”

ထိုစကားကိုကြားမှသာ

ကျိအာလေး၏မျက်နှာက

သိသိသာသာပြေလျော့သွားသည်။

ထို့နောက် ခဏတာ တုံ့ဆိုင်းသွားပြီး

“အစ်ကိုကြီး၊ သူတို့... ငါ့လက်တွေကို ပြန်ပေါက်ဖို့ ကူညီပေးနိုင်တယ်လို့ ပြောတယ်။ ဒါအမှန်လား"

စကားပြောနေရင်းဖြင့် မျက်လုံးလေးများက မျှော်လင့်ချက်အပြည့်ပါ။

ယန်ယဲ့က ပြုံးပြီး သူ့ညာလက်ကို ဆန့်ကာကျိအာ၏ပုခုံးပေါ် လက်တင်လိုက်ရင်း "ဒါပေါ့"

ထိုခဏလေးမှာပဲ သူ့လက်မှ

မူလခရမ်းရောင်စွမ်းအင်များ

ထွက်လာကာ

ကျိအာ၏ပခုံးထဲကိုစီးဝင်သွားသည်။

သိပ်မကြာလိုက်ပေ၊

ကျိအာ၏ပခုံးနှစ်ဖက်မှ လက်နှစ်ဖက်

အကောင်းတိုင်းပြန်ပေါက်လာပါတော့သ

ည်။

လက်နှစ်ဖက်အသစ် ပြန်ရလာသဖြင့်

ကျိုအာက ဝမ်းသာသွားပုံပါ။

သူမ၏မျက်နှာသေးသေးလေးက

မျက်ရည်များ စီးကျလာပါတော့သည်။

ဤအတောအတွင်း နှင်းပွင့်က

ကျိုအာဆီသို့ ပျံသန်းလာပြီး ယန်ယဲ့ကို

လက်ညှိုးထိုးပြကာ လက်သည်းများကို

စတင်ဝှေ့ယမ်းလိုက်သည်။

နှင်းပွင့်က

"ငါနင့်ကိုမလိမ်ဘူး"လို့ပြောနေတာပါ။

ကျိအာက နှင်းပွင့်ကို စိုက်ကြည့်ရင်း

"ကျေးဇူးတင်ပါတယ်...

ကျေးဇူးတင်ပါတယ်..." ဟု

ပြောပြီးနောက် ဟိုချင်ကို

လှည့်ကြည့်လိုက်မိသည်။ ဟိုချင်က

ခေါင်းသာရှိသောကြောင့် သူမက

တော်တော်ကြောက်နေပုံပါ။

သို့သော် ဟိုချင် ထံသို့ လျှောက်သွားပြီး ဒူးထောက်ချကာ "အဖိုး၊ ကျေးဇူးတင်ပါတယ်... ငါ့ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောပါသည်။

ထိုစကားပြောပြီးသည်နှင့် ယန်ယွဲ့ဖက်ကို ပြန်လှည့်ကာ “အစ်ကိုကြီး၊ နင်လည်းပါတယ်” ဟု ဆက်ပြောသည်။

ယန်ယဲ့က ကျိအာကို ပခုံးနှစ်ဖက်မကာ ဆွဲထူပေးလိုက်သည်။ ထို့နောက် သူက "ကလေး၊ နောင်မှာ ဘယ်သူ့ကိုမှ လွယ်လွယ်နဲ့ ဒူးထောက်မနေနဲ့"ဟုပြောလိုက်သည်။

ကျိအာက မျက်နှာပေါ်တွင် ချစ်စဖွယ်ပြုံးပါတော့သည်။

"လာ၊ တစ်ယောက်ယောက်ကို သွားကြည့်ရအောင်"

စကားပြောပြီးနောက် ယန်ယဲ့က ကျိအာကို လက်တစ်ဖက်ကဆွဲကာ မူလစေတီထဲမှ ထွက်သွားခဲ့သည်။ အပြင်ပြန်ရောက်သည်နှင့် ကျိအာကို အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးရှေ့သို့ ခေါ်သွားလိုက်သည်။ အမျိုးသမီးကို မြင်သည်နှင့် ကျိအာက

အလွန်ကြောက်သွားပုံပါ။

ယန်ယဲ့၏နောက်မှာ

ကမန်းကတန်းပုန်းနေလိုက်သည်။

ယန်ယဲ့က ပြုံးပြီး "အဆင်ပြေပါတယ်"

ထို့နောက် သူ့လက်ဝါးကိုလှန်ကာ

ကျိအာရှေ့တွင် ဓားတစ်ချောင်း

ပေါ်လာသည်။ တစ်ဆက်တည်း "ကျိအာ၊

သူ့ကိုသတ်ပစ်လိုက်"

သူမကို သတ်လိုက်ရမလား။

ကျိအာ၏မျက်လုံးသေးသေးလေးများက အံ့ဩသွားပုံပါ။

ယန်ယဲ့က "မင်းကိုယ်တိုင် လက်စားချေချင်တာလား"

ကျိအာက အနက်ရောင်ဝတ်အမျိုးသမီးကို

တစ်လှည့် ယန်ယဲ့၏လက်ထဲမှ ဓားကို
တစ်လှည့် စိုက်ကြည့်နေသည်။
ခဏအကြာတွင် သူမ၏ခေါင်းလေးကို
ခါယမ်းလိုက်ပါတော့သည်။

ယန်ယဲ့က "ဘာလဲ"ဟုမေးပါသည်။

ကျိအာက "အစ်ကိုကြီး၊ အခု သူမကို
သတ်လိုက်တာက အဓိပ္ပါယ်မဲ့တယ်။
ဘာ့ကြောင့်လဲဆိုတော့ ကျိအာက

အားနည်းနေသေးလို့ပါ။ အနာဂတ်မှာ
တခြားသူတွေက ငါ့ကို
သူတို့နှစ်သက်သလို
အနိုင်ကျင့်နိုင်တုန်းပဲ”

ယန်ယဲ့က ကျိအာကို ခဏမျှ
စိုက်ကြည့်ရင်း “ထက်မြက်တဲ့
သမီးလေးပဲ” ဟုပြောလိုက်သည်။

သူက ကျိအာ၏ ဆိုလိုရင်း

သဘာဝကျကျ နားလည်လို့ပါ။

ဤအချိန်တွင် ကျိအာက ရုတ်တရက်

ဒူးထောက်ကာ "ခွင့်လွှတ်ပါ..အစ်ကိုကြီး"

ဟုပြောပါသည်။

ထိုစကားပြောလိုက်ခြင်းက သူမအတွက်

အခြားသောရည်ရွယ်ချက်တစ်ခု

ရှိနေကြောင်း သိသာပါသည်။ အမှန်တော့

သူမလေးက စကားကို

အလိမ်မာသုံးပြီးပြောလိုက်တာပါ။

ယန်ယဲ့က ခေါင်းခါပြီး “မင်းက

ကျင့်ကြံချင်တာလား"ဟုမေးလိုက်၏။

ကျိအာက ခဏမျှတုံ့ဆိုင်းသွားပြီး

ခေါင်းညိတ်ပြသည်။

"ဘာဖြစ်လို့လဲ" ယန်ယဲ့က
ထပ်မေးပါသည်။

ကျိအာက “အစ်ကိုကြီးလိုပဲလေ။ ငါ
သန်မာတယ်ဆိုရင် ငါ့မိဘတွေကို
သွားရှာနိုင်တယ်” ဟု
တိုးတိုးလေးပြန်ဖြေခဲ့သည်။

ထိုစကားကိုကြားသောအခါ ယန်ယဲ့က
အနည်းငယ်

မျက်မှောင်ကြုတ်သွားပါသည်။ သူက လှည့်ကွက်များကိုသဘောမကျသော်လ ည်း ကျိအာက ကလေးလေးသာရှိနေသေး၏။ ထို့အပြင် သူမလေးက မိဘနှစ်ပါးကို လိုက်ရှာချင်သောကြောင့်သာ သန်မာချင်ခဲ့သည်။

ဤအချိန်တွင် ဟိုချင်က ရုတ်တရက် ပြောခဲ့သည် "အဲဒီအကြောင်းကြောင့်

ဘာမှပြောလို့မရပါဘူး။ သူမမှာ

ကြင်နာတတ်တဲ့နှလုံးသားရှိတယ်။

ဒါပေမဲ့ သူမကြုံဖူးတဲ့လူက

သူ့ကံကြမ္မာကို

ပြောင်းလဲပေးနိုင်တယ်ဆိုတာကို

သိလိုက်လို့

နည်းနည်းလေးဉာဏ်သုံးလိုက်တာ။

ဒါကအရမ်းပုံမှန်ပါပဲ”

ယန်ယဲ့က ပြုံးပြီး "အကြီးအကဲဟို၊

မင်းက ဒီကလေးမ အပေါ်တော်တော်

အထင်ကြီးတာပဲ"

ဟိုချင်က “သူမရဲ့ စရိုက်က

မင်းနဲ့မတူဘူး။

မင်းသတိမထားမိဘူးလား။

အဲဒီအမျိုးသမီးကို စိုက်ကြည့်နေတုန်းက

သူ့မျက်လုံးထဲမှာ အမုန်းတစ်ရားမရှိဘူး။

ဒီလောကမှာ

အရမ်းကြောက်စရာကောင်းတဲ့

လူနှစ်မျိုးရှိတယ်။ ပထမက

မင်းလိုလူတွေ။

လုံးဝကိုအစွန်းရောက်သွားတဲ့အထိ

လက်စားချေတတ်သူတွေ”

ယန်ယွဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

သောက်ကျိုးနည်း။ ငါက

ဘယ်လိုပါလာပြန်တာတုန်း ။

ဤအတောအတွင်း ဟိုချင်က

ဆက်ပြောခဲ့သည်

“နောက်တစ်မျိုးကတော့ ဒီကလေးမလို

လူအမျိုးအစားပဲ"

ယန်ယွဲ့က "သူတို့လည်း

ကြောက်စရာကောင်းသလား"

"ဒါအမှန်ပါပဲ" ဟိုချင်က “ကလေး၊ တကယ်ကြင်နာတတ်တဲ့သူတွေက ကြင်နာမှုနဲ့ ကံကောင်းခြင်းတွေနဲ့ သေချာပေါက် ပြန်ဆပ်လိမ့်မယ်။ သူမက ကြင်နာတတ်တယ်၊ မကောင်းတဲ့ ရည်ရွယ်ချက်ဆိုတာမရှိဘူး။ ဒီတော့ မင်းရဲ့နှင်းပွင့်လေးတောင် သူမကိုသဘောကျနေတယ်။ ဒါ့ပြင် သူမက

အန္တရာယ်ကျရောက်နေတဲ့အချိန်မှာ မင်းကိုတွေ့ခဲ့တာလေ။ မင်းပိုင်ဆိုင်တဲ့ မူလခရမ်းရောင်စွမ်းအင် တောင်မှ နည်းနည်းပြောင်းလဲသွားတယ်လေ။ ဒါဟာ သူမရဲ့ ကံကြမ္မာပဲမဟုတ်ဘူးလား”

ယန်ယဲ့က မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာတစ်ခု ရှိနေသည်။ အမှန်တော့ သူက

အကြောင်းအရာတော်တော်များများကို

သိပ်ပြီးမစဉ်းစားတတ်ပေ။

ဤအချိန်တွင် ဟိုချင်က “ကလေး၊

မင်းကို တစ်ခုလောက်မေးပါရစေ။

သူမက မင်းရဲ့ဓားကိုယူပြီး

အဲဒီအမျိုးသမီးကိုသတ်လိုက်ရင်

မင်းဘာဆက်လုပ်မှာလဲ"

ယန်ယဲ့က ခဏမျှစဉ်းစားပြီး

"သူမအတွက်

နေစရာနေရာတစ်ခုရှာပေးမယ်။

ပြီးကျရင် ငြိမ်းချမ်းတဲ့ဘဝတစ်ခု

ပေးလိုက်မယ်"ဟု ပြန်ဖြေလိုက်သည်။

ဟိုချင်က ထပ်မေးသည် "အခုကော

ဘယ်လိုလဲ"

ယန်ယဲ့က ငြိမ်သွားသည်။

ဟိုချင်က ဆက်ပြောခဲ့သည် “ကံကြမ္မာနဲ့

ကံတရားကို မမြင်နိုင်သလို

ထိလို့ကိုင်လို့လည်းမရဘူး။ ဒါပေမဲ့

အဲဒါတွေတကယ်ရှိတယ်။ ကံကြမ္မာက

မင်းကို သူမနဲ့

ပေါင်းစည်းပေးခဲ့တာဆိုတော့ သူ့ကို

ကူညီပါ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "သူ့ကို ငါနဲ့အတူ ဘယ်လိုခေါ်သွားနိုင်မှာလဲ"

ဟိုချင်က "မဟုတ်ဘူး၊ မင်း သူ့ကို ကူညီဖို့ ရည်ရွယ်ချက်ရှိသရွေ့တော့ ကောင်းပါတယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကျိအာကို စိုက်ကြည့်လိုက်သည်။ သူက

ခဏာမျှတုံ့ဆိုင်းသွားပြီး “အဲဒီမိန်းမကို ငါတို့ ဘာလုပ်သင့်လဲ” ဟု မေးပါသည်။

သူက ကျိုအာ၏ စရိုက်ကို စမ်းသပ်ကြည့်တာပါ။

ကျိုအာက အမျိုးသမီးကို တစ်ချက်ကြည့်ကာ တုံ့ဆိုင်းနေပြီးမှ "မေးလိုက်ပါ... ပြီးတော့

တောင်းပန်ခိုင်းမယ်။ ငါတို့ သူ့ကို

လွှတ်လိုက်မယ်။ အဆင်ပြေလား"

"တောင်းပန်ခိုင်းမှာတဲ့လား" ယန်ယဲ့က

ရယ်မောလိုက်ပြီး သူ့ခေါင်းကို

ပွတ်သပ်ရင်း "နှင်းပွင့်လေးက မင်းနဲ့

ကစားဖို့ ဆန္ဒရှိနေတာ အံ့သြစရာ

မရှိပါဘူး။ ဒါပေမဲ့ ငါတို့က

သူမကိုလွှတ်လို့မရဘူး။ မဟုတ်ရင်

တခြားလူတစ်ယောက်ကို

လိုက်သတ်နေမှာပါ”

ကျိအာက "အစ်ကိုကြီး၊ ဒါဆို နင်ပဲ

ဆုံးဖြတ်လိုက်ပါ"

ယန်ယဲ့က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးထံသို့

လျှောက်လာပြီး "တောင်းပန်ပါတယ်။ ငါ

မင်းကို

မြန်မြန်သေခိုင်းမှာပါ"ဟုပြောလိုက်သည်

။

အမျိုးသမီးက တိတ်ဆိတ်စွာပင်

ယန်ယဲ့ကို စိုက်ကြည့်နေခဲ့သည်။

ယန်ယဲ့က သူမကို လက်မထောင်ပြပြီး

"ငါယန်ယဲ့က

အလျှော့မပေးတတ်တဲ့လူတွေကို

အရမ်းသဘောကျတယ်"

ဟုပြောပါသည်။ ထို့နောက် သူမကို

စေ့စပ်ကြည့်လိုက်ပြီး “တစ်ခါတုန်းက

ငါကိုယ်တိုင် လူတစ်ယောက်ကို အပိုင်း

(၁၀,၀၀၀) ကျော်လောက်

လှီးဖြတ်ခဲ့ဖူးတယ်။ သူ့ခေါင်းကို အချပ်

၁၀၀၀ ကျော်အောင်

အခွံခွာပေးလိုက်တာပါ။

ဒီလိုမျိုးမလုပ်တာကြာပေမယ့်

စိတ်ပူစရာမလိုပါဘူး။ ငါ မင်းကို သေသေချာချာလေးလုပ်ပေးမှာပါ"

စကားပြောပြီးသည်နှင့် သူ့လက်ထဲတွင် ဓားတစ်ချောင်း ပေါ်လာသည်။

သို့သော် တစ်ခုခုကိုတွေးမိပြီး ကျိအာကို လှည့်ကြည့်ကာ မူလစေတီထဲသို့ ပြန်ပို့လိုက်သည်။

ဤအတောအတွင်း

အပြင်ကမ္ဘာမှာတော့....

ယန်ယဲ့က

သူ့လက်ကိုအဆက်မပြတ်လှုပ်နေခဲ့သည်

။ လက်တစ်ချက် လှုပ်လိုက်တိုင်း

ပအသားတစ်စ လေထဲသို့

ပျံတက်သွားသည်။ ဤအချိန်တွင်

အမျိုးသမီး၏ တစ်ကိုယ်လုံး
သွေးအတိဖြစ်နေခဲ့သည်။

သို့ရာတွင် အမျိုးသမီးက
အသံတစ်ချက်ပင် ထွက်မလာပေ။

အချိန်သိပ်မကြာလိုက်ပါ၊
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက
လှုပ်ရှုပ်ပင်မပေါ်တော့ပေ။

ခဏအကြာတွင်

မူလဝိညာဉ်သာကျန်ရှိတော့သည်။

အမျိုးသမီး၏မူလဝိညာဉ်က ယန်ယဲ့ကို

စူးစိုက်ကြည့်ကာ “နောက်ထပ်

ဘာလုပ်နိုင်မလဲ။ အားမနာနဲ့

စမ်းသုံးကြည့်"

ယန်ယဲ့က ပြုံးပြီး “စိတ်မပူပါနဲ့။

ဒါဟာအစပဲရှိသေးတယ်"

သူ့လက်ချောင်းကို ဆုပ်လိုက်သည်နှင့်
လက်ဝါးအလယ်တွင် မီးတောက်တစ်ခု
ပေါ်လာသည်။

နတ်ယင်မီးတောက် ပါ။

မီးတောက် ပေါ်လာသည်နှင့် တပြိုင်နက်
အပူချိန်ဟာ
တဟုန်ထိုးမြင့်တက်လာပါတော့သည်။

နတ်ယင်မီးတောက်ကို မြင်သောအခါ အမျိုးသမီးက ထိတ်လန့်သွားသည် “နင် ဘာတွေ ကြံစည်နေတာလဲ”

ယန်ယဲ့က ပြုံးပြီး "ဘာမှမဟုတ်ပါဘူး"

ထိုစကားပြောပြီးသည်နှင့် မီးတောက်ကို ရှေ့သို့ ညွှန်လိုက်ရာ

အမျိုးသမီး၏မူလဝိညာဉ်ကို

ဖုံးလွှမ်းသွားသည်။

"အာ့း" ထို့နောက်တွင်တော့

တုန်လှုပ်ချောက်ချားနေသော အော်သံ

ထွက်ပေါ်လာသည်။

"ငါ...တောင်းပန်မယ်"

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး က

ကမန်းကတန်းအော်ပြောခဲ့သည်။

တောင်းပန်ချင်တာလား။

ယန်ယဲ့က သူမကို
တစ်ချက်ကြည့်လိုက်ပြီး "မဟုတ်ဘူး၊
အဲဒါကို နောက်မှပြောရအောင်"

"ယန်ယဲ့" အမျိုးသမီးက ဒေါသတကြီး
အော်လိုက်သည်။

May Be:

၂၂၄၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၄၉ - ရေတာအိုဂိုဏ်း၊

ရေပေါ်လျှောက်လမ်း

ဤအခိုက်အတန့်တွင် ယန်ယဲ့က

သူ၏မျက်လုံးကိုမှိတ်ထားခဲ့သည်။ သူက

တစ်စုံတစ်ခုကို

သဘောပေါက်သွားတာပါ။

လူသားအင်ပါယာအရှင် နှင့်

အခြားအနန္တတန်ခိုးရှင်များက သူ့အား

မည်သည့်ကြောင့် သတ်ချင်နေရသည့်

အကြောင်းအရင်းကို

နောက်ဆုံးတွင်နားလည်လိုက်သည်။

အဓိကကတော့ အင်အားကြီးသူများ

သို့မဟုတ် သန်မာသူများ၏

သဘာဝအရပါ။

ရှေးခေတ်ဦးကတည်းက

သန်မာသူများဟာ

နှစ်သက်သည့်အတိုင်း

လုပ်ဆောင်ကြသည်။ အားနည်းသူများ

ကတော့ ၎င်းတို့၏ကံကြမ္မာအတွက်

ဆုတောင်းရုံကလွဲ၍

အခြားရွေးချယ်စရာမရှိပေ။

မပြောင်းလဲနိုင်သော

ထာဝရအမှန်တရားပင်။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့က မျက်လုံးပြန်ဖွင့်လိုက်သည်။

သူက ကောင်းကင်ကို မော့ကြည့်လိုက်ပြီး

"နွေဦးလေပြည်တွေ တိုက်ခတ်နေတယ်၊

စစ်ဗုံသံတွေ မြည်ဟီးနေတယ်။ ဒါပေမဲ့

ငါယန်ယဲ့က ဘယ်တုန်းကမှ

မကြောက်တတ်ဘူး” ဟု

ပြောလိုက်ပါသည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး၏

မူလဝိညာဉ်က လုံးလုံးလျားလျား

ပျောက်ကွယ်သွားခဲ့သည်။

နတ်ယင်မီးတောက် က

သူမ၏မူလဝိညာဉ်ကို

ပြာပင်မကျန်အောင်

လောင်ကျွမ်းပစ်ခဲ့သည်။

ယန်ယဲ့က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

တောင်းပန်ခွင့်တောင်မပေးခဲ့ဘဲ

သေသည်အထိ နှိပ်စက်ခဲ့သည်။

သာမန်အားဖြင့်တော့ သူက ရန်သူများကို

ညှဥ်းပန်းနှိပ်စက်ခြင်းမျိုး

မနှစ်သက်သောကြောင့်

ထိုသို့မလုပ်တတ်ပေ။သို့သော်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

ချက်ချင်းသတ်လိုက်လျှင်

ညှာတာရာကျသည်ဟု ခံစားမိလို့ပါ။

ယန်ယဲ့က သူ့အတွေးများကို ထိန်းကာ

ကျိအာကို သူမ၏အဖိုးဖြစ်သူဆီ

ခေါ်သွားလိုက်သည်။

ယန်ယဲ့က ကျိအာ၏ခေါင်းလေးကို
ပွတ်သပ်ရင်း အဘိုးကြီးအား
စိုက်ကြည့်ကာ "ငါ သူမကို ခေါ်သွားပြီး
ကူညီပေးချင်တယ်"ဟုပြောလိုက်သည်။

ယန်ယဲ့ ပြောလိုက်သည့်စကားကို
ကြားသောအခါ အဘိုးကြီးက
ချက်ချင်းပင် ဒူးထောက်ချလိုက်သည်
"ကျေးဇူးတင်ပါတယ်...
ကျေးဇူးတင်ပါတယ်၊

အင်မော်တယ်ကြီးကို
ကျေးဇူးတင်ပါတယ်"

အဘိုးကြီးက သဘာဝအတိုင်း
ငြင်းပယ်မည်မဟုတ်ချေ။
ယန်ယဲ့ပြောလိုက်သည့်စကားက
ဘာကိုဆိုလိုမှန်း
ကောင်းကောင်းသိနေလို့ပါ။ ထိုစကားက
ကျိအာ၏ကံကြမ္မာကို
ပြောင်းလဲပေးမည်ဟု ဆိုလိုတာပါ။

ကံကြမ္မာနှင့်ကံတရား ။

သူ့အမြင်အရတော့ ယန်ယဲ့ နှင့်အတူ

လိုက်ပါသွားတာက

ကျိုအာ၏ကံကြမ္မာနှင့်

ကံကောင်းခြင်းပါ။

ဤအတောအတွင်း

လေလှိုင်းတစ်ခုပေါ်လာပြီး အဘိုးကြီးကို

မတ်တပ်ပြန်ရပ်သွားစေသည်။ ယန်ယဲ့က

"ကျိုအာရဲ့ မိဘတွေကကျင့်ကြံဖို့
ထွက်သွားတယ်လို့ပြောခဲ့တာထင်တယ်။
သူတို့ဘယ်မှာလဲ သိလား"

အဘိုးကြီးက “ရေတာအိုဂိုဏ်း
လို့တော့ပြောတာပဲ” ဟု ပြန်ဖြေသည်။

ယန်ယွဲ့က "သူတို့က ကျင့်ကြံဖို့အတွက်နဲ့
သမီးကို
စွန့်ပစ်ခဲ့တာလား"ဟုထပ်မေးလိုက်သည်။

ယန်ယဲ့၏စကားကိုကြားသောအခါ

ကျိအာက

ဝမ်းနည်းနေသောအမူအရာဖြင့်

ခေါင်းလေးကို

အနည်းငယ်ညိတ်လိုက်သည်။

အဘိုးကြီးက အကူအညီမဲ့စွာ

ရယ်မောရင်း "တစ်နေ့မှာ

အင်မော်တယ်တွေက သူတို့ကို

မြင်သွားတယ်။ ပြီးတော့

အဲဒီအင်မော်တယ်တွေက သူတို့ရဲ့

ခန္ဓာကိုယ်တွေဟာ မဆိုးဘူးလို့

ပြောသေးတယ်။ တစ်သက်မှာ တစ်ခါပဲ

အခွင့်အရေးဆိုတာ သူတို့သိတယ်။

ဒီတော့ သူတို့က ကမ်းလှမ်းလာတာကို

သဘောတူလိုက်တာပဲ။ ဒါပေမဲ့

ကျိုအာက အသက်ငယ်သေးတော့

သူမကို တစ်ခါတည်းခေါ်သွားလို့မရဘူး။

အင်မော်တယ်က ကျိအာကို ခေါ်သွားဖို့ ငြင်းတယ်။ ဒါဆို…”

ယန်ယဲ့က ကျိအာကို စိုက်ကြည့်ရင်း ခေါင်းကို ပွတ်သပ်ကာ “ကံကြမ္မာက ငါတို့ကို ပေါင်းစည်းစေခဲ့တယ်။ သူတို့ကို တွေ့ဖို့
ခေါ်သွားလိုက်မယ်"ဟုပြောပါသည်။

သူ့အမြင်အရတော့

အချိန်အနည်းငယ်ပေးရုံလောက်သာ။

ကျိအာကို ချစ်မြတ်နိုးသည့်အပြင်

အခြားအကြောင်းတစ်ခုကြောင့်

ကူညီပေးခဲ့တာပါ။ အစောပိုင်းက ကျိအာ

နှင့်ပတ်သက်ပြီး သူခံစားမိလိုက်လို့ပါ။

သူက ကျိအာကို

ချစ်ခင်မြတ်နိုးတာအပြင်

အပြစ်ရှိသလိုခံစားရလို့ပါ။

ယန်ယွဲ့က စွမ်းအင်ပုလဲ ၁၀ လုံးကို
အဘိုးကြီးအား ပစ်ပေးလိုက်ပြီး "ဒါက
မင်းရဲ့သက်တမ်းကို ရှည်စေနိုင်ပါတယ်။
ဂရုစိုက်ပါ"

အဘိုးကြီးက စွမ်းအင်ပုလဲများကို
စိုက်ကြည့်ကာ ကျိအာကို
စိုက်ကြည့်နေသည်။ ကျိအာက

တိုးတိုးလေးပြောလိုက်သည် “အဖိုး၊ ငါပြန်လာမယ်။ စောင့်နေပါ"

အဘိုးကြီးက ပြုံးပြီး “ကောင်းပြီ။ အဖိုးက ကျိအာလေးပြန်လာမှာကို စောင့်နေမယ်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး ကျိအာကို လက်ဆွဲကာ ကောင်းကင်ထက်သို့ ပျောက်သွားခဲ့သည်။

အဘိုးကြီးက ကောင်းကင်ယံအထက်မှ
အလင်းတန်းများကို အနည်းငယ်
လွှတ်လွှတ်လပ်လပ် ငေးကြည့်ရင်း
“အဖိုးက ကျိအာလေး
ပြန်လာချိန်တဲ့အထိ စောင့်နိုင်မှာ
မဟုတ်ဘူး…”ဟုပြောလိုက်ပါတော့သည်။

…

ငြိမ်းချမ်းသောရွာ မှ

ပြန်ထွက်လာသည်နှင့် ယန်ယဲ့က အချိန် ၂

နာရီနီးပါးကြာ ပျံသန်းနေခဲ့သည်။ အချိန်

သိပ်မကြာလိုက်ဘဲ မြို့တစ်မြို့ကို

ရောက်လာခဲ့သည်။

မြို့ထဲသို့ဝင်သွားပြီးနောက် အတော်ကြာ

လှည့်ပတ်မေးလိုက်သည်။

နောက်ဆုံးတွင် ယန်ယဲ့က

ရေတာအိုတောင်

ရှိရာကိုသိလိုက်ရသည်။ ထို့နောက်

မြို့ထဲတွင် ကြာကြာမနေဘဲ

ရေတာအိုဂိုဏ်း သို့ဦးတည်လိုက်သည်။

ယန်ယဲ့က ရေတာအိုဂိုဏ်း ကို ရောက်ဖို့

သိပ်မကြာနိုင်ဟုထင်ထားသော်လည်း

သူ့အထင်ကမှားသွားခဲ့သည်။

လူသားကမ္ဘာ၏ အကျယ်အဝန်းက

သူထင်ထားသည်ထက်ကို

ကျော်လွှန်နေခဲ့သည်။ သူက နေ့ရောညပါ ဆက်တိုက်ပျံသန်းနေခဲ့သည်။

နောက်ဆုံးတွင် အချိန် ၁ ရက်ကြာသွားပြီးနောက် ရေတာအိုဂိုဏ်း သို့ရောက်လာခဲ့သည်။

ရေတာအိုဂိုဏ်း ။

လူသားကမ္ဘာ၏ မဟာဂိုဏ်းကြီး ၁၀ ခုအနက်မှ တစ်ခုပင်။

ရေတာအိုတောင်တစ်လုံးတည်းသာမဟုတ်ဘဲ တောင် ၃၆ လုံးရှိခဲ့သည်။ တောင်အားလုံးက ကောင်းကင်ယံအထက်၌လွင့်မျောနေခဲ့သည် ။ တောင်တန်းများတစ်ဝိုက်ကား တိမ်တိုက်များနှင့် မြူခိုးများရစ်သိုင်းနေသည်။ ရံဖန်ရံခါ

လျှို့ဝှက်ဆန်းကြယ်သော

ကြိုးကြာဖြူများက

တောင်များကိုပတ်၍ပျံသန်းနေကြသည်။

စစ်မှန်သော

အင်မော်တယ်တောင်တန်းများကဲ့သို့ပင်

ထင်ရလေသည်။

ရေတာအိုဂိုဏ်း....။

ဂိုဏ်းက ရေတာအိုတောင်ထိပ်ပေါ်၌

တည်ရှိခဲ့သည်။

.....

ယန်ယဲ့က ဆက်ပြီးမပျံသန်းတော့ပေ။

အောက်သို့ ဆင်းလာလိုက်သည်။ သူက

လူမိုက်မဟုတ်ပါ။ ရေတာအိုဂိုဏ်း ထဲသို့

တိုက်ရိုက်ပျံသန်းသွားလျှင်

သေချာပေါက်ဒုက္ခရောက်သွားပေမည်။

အရေးကြီးဆုံးကတော့ လက်ရှိသူက မဟာဂိုဏ်းကြီးများကို ထိပ်တိုက်တွေ့ဖို့ခွန်အားမရှိလို့ပါ။

ရေတာအိုဂိုဏ်း က အောက်စကြာဝဠာ၏ အင်အားစုများနှင့် နှိုင်းယှဉ်လို့မရပေ။ ၎င်းက စစ်မှန်သောလူသားအင်အားစုကြီးတစ်ခု ပင်။ လူသားအင်ပါယာအရှင် ပင်လျှင် မဟာဂိုဏ်းကြီး ၁၀ ခုထဲမှ

တစ်ခုနှင့်ရင်ဆိုင်ရလျှင်ပင်
နှစ်ခါပြန်စဉ်းစားသွားရပေမည်။

တောင်ခြေတွင် မြို့တစ်မြို့ရှိနေခဲ့သည်။
မြို့နာမည်က ရေတာအိုဂိုဏ်းကို
ဂုဏ်ပြုသောအားဖြင့်
ရေပေါ်မြို့တော်ဟုခေါ်ဆိုခဲ့သည်။

ရေတာအိုဂိုဏ်းက
သီးခြားတည်ရှိခဲ့သည်။ သို့သော်လည်း

လူသားကမ္ဘာနှင့် လုံးဝခွဲခြားလို့မရပေ။

အကြောင်းမှာ

တပည့်များရွေးချယ်ရာတွင်

သေမျိုးကမ္ဘာကိုဆင်းလာပြီးရွေးချယ်ရလို့ပါ။

ထို့အပြင် လူတိုင်း ရေတာအိုဂိုဏ်းသို့

လာရောက်လည်ပတ်နိုင်၏။

ရောက်လာသူတိုင်းက ရေပေါ်မြို့တွင်

တည်းခိုနိုင်ပါသည်။ အထူးခြားဆုံးက ရေပေါ်မြို့နှင့် ရေတာအိုတောင်ခြေတွင် လမ်းကြောင်းတစ်ခုရှိနေတာပါ။ ရေပေါ်လျှောက်လမ်း ဟုခေါ်ဆိုကြသည်။

ရေပေါ်လျှောက်လမ်းက စမ်းသပ်မှုတစ်ခုပါ။

ဖြတ်သန်းနိုင်သူ မည်သူမဆို ရေတာအိုဂိုဏ်းတွင် ပါဝင်နိုင်၏။

အပြင်စည်းတပည့်များ

ဖြစ်လာနိုင်ကြသည်။

ရေပေါ်လှော်ကာလမ်း

နှင့်ပတ်သက်၍တော့

ဘာမှ ထူးထူးခြားခြား မရှိပေ။

အနည်းဆုံးတော့

သာမန်လှော်ကာလမ်းတစ်ခုလိုသာထင်ရ

လေသည်။

ဤအချိန်တွင် ယန်ယဲ့က

ရေပေါ်လျှောက်လမ်းကို

စိုက်ကြည့်သည်။ သူ့စိတ်ထဲ

တစ်ခုခုတော့ထူးခြားနေကြောင်းခံစားလို

က်ရသည်။

လူတိုင်းက ဒီလမ်းကို

တကယ်လျှောက်ရမှာလား။ လမ်းမရှိရင်

ရေတာအိုတောင်ထိပ်ကို

ဘယ်လိုသွားမလဲ။

ယန်ယဲ့က ခိုးဝင်ရန် ကြံစည်လိုက်၏။
သို့သော်လည်း ဟိုချင်က သူ့ကို
တားဆီးခဲ့သည်။

ရေတာအိုဂိုဏ်း က
မဟာဂိုဏ်းကြီးတစ်ခုဖြစ်လေရာ
လျှို့ဝှက်ဆန်းကြယ်သောအစီအရင်များ
အပြင် အဆင့်မြင့်ကျင့်ကြံသူ
အများအပြား ရှိနေလို့ပါ။

ယန်ယဲ့က ခဏကမျှတို့ဆိုင်းသွားပြီး ရေပေါ်လျှောက်လမ်းကို စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သူက ကျိအာ၏ မိဘနှစ်ပါးကိုရှာဖွေရန်အတွက်သာ ရေတာအိုဂိုဏ်း သို့ရောက်နေတာပါ။ ပြဿနာရှာဖို့မဟုတ်ချေ။ ခိုးဝင်ဖို့ မလိုအပ်ပါ။

"ရေပေါ်လျှောက်လမ်းကို

စမ်းကြည့်မှာလား" ဤအချိန်တွင်

ယန်ယဲ့၏ညာဖက်မှကြည်လင်ငြိမ့်ညော

င်းသော အသံတစ်သံ

ထွက်ပေါ်လာသည်။ ယန်ယဲ့က

လှည့်ကြည့်လိုက်ရာ

အစိမ်းရောင်ဝတ်စုံဝတ်လူတစ်ဦးကို

မြင်လိုက်ရသည်။

ထိုလူက သာမန်ရိုးရှင်းလွန်းလှသည်။ ၎င်းက အနီရောင်နှုတ်ခမ်းပါးများ၊ သွားဖြူများ၊ မိုးမခသစ်ရွက်ပုံသဏ္ဍာန် မျက်ခုံးကြီးများ၊ မျက်လုံးရွဲကြီးများနှင့် သွယ်လျသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ထား၏။ အမျိုးသမီးများပင်လျှင် ထိုလူ့ရှေ့မှာ ဘာမှမဟုတ်တော့ပေ။

သို့သော်လည်း ယန်ယဲ့က ထိုလူကို တစ်ချက်ကြည့်လိုက်ပြီးမှ အမျိုးသား

မဟုတ်မှန်း

ချက်ချင်းသဘောပေါက်လိုက်သည်။အ

မျိုးသားကဲ့သို့ ဝတ်စားထားသော

မိန်းမလှလေးတစ်ယောက်ပါ။ ထို့အပြင်

ထိုအမျိုးသမီးက ဖုံးကွယ်ထားဖို့

မကြိုးစားကြောင်း သိသာပါသည်။

ယန်ယဲ့က

ခဏအကြာစိုက်ကြည့်နေပြီးနောက်

သူ့အကြည့်ကို ဆုတ်လိုက်ပြီး ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးက ပြုံးပြီး “အစ်ကို၊ ရေပေါ်လျှောက်လမ်းက ဘာအတွက်လဲ သိလား”ဟုမေးလိုက်သည်။

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

အစိမ်းရောင်ဝတ်အမျိုးသမီးက

"ရေပေါ်လျှောက်လမ်းက

ရေတာအိုဂိုဏ်းရဲ့ တည်ထောင်သူ

ဖန်တီးခဲ့တာပါ။ သူ့ရည်ရွယ်ချက်က

ရေတာအိုဂိုဏ်းရဲ့တပည့်ရွေးချယ်တဲ့အ

ခါ ထူးခြားတဲ့ဉာဏ်ကြီးရှင်တွေ

ထွက်ပေါ်လာအောင် ကူညီပေးဖို့ပဲ။

တကယ်တော့

ဒီလိုမျိုးစမ်းသပ်တာတွေက

ရေတာအိုဂိုဏ်း တစ်ခုတည်း

မဟုတ်ပါဘူး၊ တခြား

မဟာဂိုဏ်းကြီးတွေမှာ

သက်ဆိုင်ရာအလိုက်

စမ်းသပ်မှုတွေရှိတယ်”

ယန်ယဲ့က အမျိုးသမီးကို

လှည့်ကြည့်လိုက်ပြီး

"မင်းဘာပြောနေတာလဲ"ဟုမေးလိုက်ပါ

သည်။

အမျိုးသမီးက

ခေါက်ယပ်တောင်တစ်ချောင်းကို

ထုတ်ကာ တဖျပ်ဖျပ်ခတ်ရင်း

အနည်းငယ်ပြုံးကာ

တိတ်ဆိတ်နေလိုက်သည်။

ယန်ယဲ့က ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် ယန်ယဲ့က

ရှေ့လှမ်းကြည့်လိုက်ရာ သူတို့ရှေ့တွင်

အပြာရောင်ဝတ်ရုံအဘိုးကြီးတစ်ယောက်

ရုတ်တရက်ပေါ်လာသည်ကို

မြင်လိုက်ရသည်။

ဒီအဘိုးကြီးက အရမ်းသန်မာတယ် ။

ယန်ယဲ့၏အမူအရာက အတော်လေးကို

လေးနက်လာသည်။ အဘိုးကြီးထံမှ

အငွေ့အသက်က ဟောင်ထျန်း ကဲ့သို့ပင်။

နားမလည်နိုင်သောခံစားချက်တစ်ခုပါ။

ဟိုချင်က သူ့အား

တမင်ညာပြောခဲ့တာမဟုတ်ပေ။

ရေတာအိုဂိုဏ်း က

တကယ့်ကိုသာမန်မဟုတ်ပါ။

အဘိုးကြီးက ယန်ယဲ့ကို

လစ်လျူရှုထားပြီး အမျိုးသမီးကို

စူးစိုက်ကြည့်ကာ "ငါထင်တာမမှားရင်

မင်းက မဟာဂိုဏ်းကြီး ၉ ခုရဲ

စမ်းသပ်မှုတွေကို

လိုက်ပြီးဖြတ်ကျော်နေတဲ့ နန်စီယင်

မဟုတ်လား"

အမျိုးသမီးက ပြုံးပြီး "ငါပါပဲ"

အဘိုးကြီးက ခဏမျှ လေးလေးနက်နက် စဉ်းစားပြီး “မင်း ငါ့ရေတာအိုဂိုဏ်းရဲ့ ရေပေါ်လျှောက်လမ်းကို ဖြတ်ကျော်ဖို့ ရောက်လာတာလား”ဟုထပ်မေးလိုက်သည်။

နန်စီယင် က သူမရှေ့က ရေပေါ်လျှောက်လမ်းကို ညွှန်ပြပြီး “ဒါက နောက်ဆုံးတစ်ခုပဲ” ဟု ပြောပါသည်။

အဘိုးကြီးက

“နည်းနည်းရှိင်းတယ်တော့မထင်ပါနဲ့။

တစ်ခုလောက်မေးချင်တယ်။

မင်းဘာလို့ဒီလိုလုပ်နေတာလဲ။ မင်းရဲ့

ပင်ကိုယ်စွမ်းရည်တွေကို လူသားကမ္ဘာကို

သက်သေပြဖို့ ကြိုးစားနေတာများလား"

"ကိစ္စမရှိပါဘူး" နန်စီယင် က ပြုံးပြီး

“ဘယ်သူ့ကိုမှ သက်သေပြစရာ

မလိုပါဘူး။ မိတ်ဆွေတစ်ယောက်နဲ့

လောင်းကြေးထပ်ထားလို့

ဒီလိုလုပ်တာပါ။ ငါ့မိတ်ဆွေက ငါသာ

မဟာဂိုဏ်းကြီး ၁၀ ခုရဲ့

စမ်းသပ်မှုတွေကို ဖြတ်ကျော်ပြီး

အဲဒီ့ကစံချိန်တွေပါ ချိုးဖျက်နိုင်ခဲ့ရင် ၃

နှစ်တိတိငါ့အစေခံလုပ်မယ်လို့ပြောတယ်

။ ဆန့်ကျင်ဖက်အနေနဲ့ ငါရှုံးခဲ့ရင် ၃

နှစ်တိတိ သူ့ရဲ့အစေခံလုပ်ရမယ်။ အခု ငါ

အဲဒါနဲ့ပတ်သက်လို့ စမ်းသပ်မှု တစ်ခုပဲ
ကျန်တော့တယ်”

အဘိုးကြီးက နန်စီယင် ကို
လှမ်းကြည့်ကာ “မင်းက ဘယ်သူလဲ” ဟု
မေးလိုက်သည်။

"ငါဒါကိုမပြောနိုင်ဘူး" နန်စီယင် က
ပြုံးပြီး "နင်ငါ့ကို မတားဘူး မဟုတ်လား"

အဘိုးကြီးက “ငါ ဘာလုပ်ရင်ကောင်းမလဲ” ဟု မေးလိုက်သည်။

နန်စီယင်က ပြုံးပြီး ကျောက်စိမ်းတစ်တုံးကို ထုတ်ယူလိုက်သည်။ အဘိုးကြီး၏အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။ သူက နန်စီယင် ကို လေးလေးနက်နက်နဲ့ အကြာကြီး

တစ်ချက်ကြည့်လိုက်ပြီး “ဒါဆို မင်းဟာ အဲဒီကနေ...” ဟု ပြောလိုက်သည်။

နန်စီယင်က ပခုံးတွန့်လိုက်ပြီး "အခုစလို့ရမလား"

အဘိုးကြီးက ခေါင်းညိတ်ပြသည် “ကောင်းပြီ”

နန်စီယင် က ရေပေါ်လျှောက်လမ်းကို ခြေချခါနီးတွင် တစ်ခုခုကို ရုတ်တရက်တွေးနေပုံရပြီး "အကောင်းဆုံးစံချိန်က ဘာလဲ" ဟု မေးလိုက်သည်။

အဘိုးကြီးက "အသက်ရှူချိန် ၂၇ ရှိုက်စာ"ဟုဖြေသည်။

အသက်ရှူ ၂၇ ရှိုက်စာလား။

နန်စီယင်က ရေပေါ်လျှောက်လမ်းကို လှမ်းကြည့်လိုက်သည်။ လမ်းကြောင်းက သိပ်တော့မရှည်ပေ။ ရှေ့သို့ ၃ ကီလိုမီတာလောက်အထိသာ။ သာမာန်လမ်းကြောင်းတစ်ခုလိုပင်ထင်ရလေသည်။ သို့သော် ထိုလမ်းကြောင်းပေါ်တွင် အရှိန်ထိန်းရန်ခက်ခဲပုံရသည်။

နန်စီယင် က ရုတ်တရက် ပြုံးလိုက်ပြီး
"အသက်ရှူ ၂၀၊ ၂၀ ရှိုက်စာလောက်က
လုံလောက်ပြီ!"

အဘိုးကြီး၏ မျက်ခွံများ
လှုပ်ယမ်းသွားသည်။

သို့သော် ဘာမှမပြောဘဲ နန်စီယင် ကို
တစ်ချက်စိုက်ကြည့်ကာ
ငြိမ်နေလိုက်သည်။

ဤအတောအတွင်း နန်စီယင် က ယန်ယွဲ့ကိုလှည့်ကြည့်ကာ "ကောင်လေး၊ နင် ငါဖြတ်ကျော်နေတာကို ကြည့်ချင်တာ သေချာလား"

ယန်ယွဲ့က စကားမပြောပေ။ သို့သော် အံ့သြသောအမူအရာဖြင့် နန်စီယင်ကို စိုက်ကြည့်နေသည်။

နန်စီယင် က ပြုံးပြီး

“ဘာမှမဟုတ်ပါဘူး။နင့်ရဲ့ ယုံကြည်မှုကို

ထိခိုက်သွားမှာကို ငါစိုးရိမ်မိတယ်”

ယန်ယဲ့၏မျက်နှာပေါ်တွင်

ထူးဆန်းသောအမူအရာတစ်ခုပေါ်လာသ

ည်။

ဤအတောအတွင်း အဘိုးကြီးက ရုတ်တရက် ပြောခဲ့သည် “ဒီညီငယ်က သာမန်မဟုတ်ဘူး”

ငါသိတယ်။.... နန်စီယင် က ခေါင်းညိတ်လိုက်သည်။

May Be:

၂၂၅၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၂၅၀ - ငါ့အစေခံလုပ်ပါ

နန်စီယင်က ပြုံးပြီး "သူသာ အရည်အချင်းမရှိရင် ငါ့အချိန်ဖြုန်းနေမှာမဟုတ်ဘူး" ထို့နောက် သူမက စကားခဏရပ်ပြီး “အစ်ကို၊ ငါတို့ ကစားပွဲတစ်ခုလောက် ကစားရင် ဘယ်လိုလဲ။ တကယ်ကို ပျော်စရာကောင်းမှာပါ”

ယန်ယဲ့က  "မင်းကို အသက် ရှူချိန် ၂၀ ရှိုက်စာကနေ စပြီးအရင်လုပ်ခွင့်ပေးမယ်။ ပြီးရင် ငါ မင်းနောက်ကို စလိုက်မယ်"

"ငါအနိုင်ရရင် နင့်ဆီကတစ်ခုခုလိုချင်တယ်" နန်စီယင်က ရုတ်တရက် ပြောလိုက်သည်။

"တစ်ခုခုလိုချင်လို့လား" ယန်ယဲ့က
မျက်မှောင်ကြုတ်ပြီး "ဘာလဲ"

နန်စီယင် က ယန်ယဲ့၏လက်ထဲမှ ဓားကို
ညွှန်ပြပြီး "အဲဒါ..."

ငါ့ဓားကို လိုချင်တာလား။

လောကသုံးပါးကို
ရောက်လာပြီးကတည်းက ယန်ယဲ့ဟာ

သဘာဝအတိုင်း

သတိလက်လွှတ်မနေရဲတော့ပေ။ ဓားက

သူ့လက်ထဲမှာ

အမြဲလိုလိုကိုင်ထားခဲ့သည်။

သို့သော် ရှေးဟောင်းနတ်ဓားက

သူ၏အသိစိတ်ပင်လယ်ထဲမှာရှိနေသော

ကြောင့် လောလောဆယ်မသုံးနိုင်ပေ။

လက်ရှိ သူကိုင်ထားသည်မှာ

ရွေးပောင်းနတ်ဓား မဟုတ်သလို

မြင့်မြတ်သောဓားလည်းမဟုတ်ပေ။

လောကသုံးပါးတွင် မြင့်မြတ်သောဓား

ကိုထုတ်သုံးပါက

ချက်ချင်းအသတ်ခံရနိုင်ချေများလို့ပါ။

ဤအချိန်တစ်လျှောက်လုံးက ယန်ယဲ့က

အားချင်

(အနှောင်အဖွဲ့ကင်းမဲ့သူ၏ဓား)ကို
ကိုင်ဆောင်ထားခဲ့သည်။

သူက ဓားပိုင်ရှင်မဟုတ်သော်လည်း
အသုံးပြုနိုင်၏။ အားချင် က
ညာဏ်ရည်အတော်လေးမြင့်မားပုံပါ။
သူ့ကို အသုံးပြုခွင့်ပြုထား၏။

ယန်ယဲ့က သူ့အကြည့်ကို ဖယ်လိုက်ပြီး နန်စီယင် ကို စိုက်ကြည့်ရင်း "မင်းရှုံးရင် ဘာဖြစ်မလဲ"

"ငါရှုံးရင် ဘာဖြစ်လဲ" နန်စီယင် က အနည်းငယ် ထိတ်လန့်သွားပုံပါ။ သို့သော် သူမက ပြုံးကာ “ဒါက ဖြစ်နိုင်ပါ့မလား”

ယန်ယဲ့က "ဘာလို့မဖြစ်စရာလဲ"

နန်စီယင် က ပြုံးပြီး "ဒါဆို နင်က ဘာလိုချင်လဲ"

ယန်ယဲ့က ခဏမျှစဉ်းစားပြီး "တကယ်တော့ ငါလည်း အစေခံတစ်ယောက်လိုနေတာ။ မင်းရှုံးရင် ငါ့အစေခံလုပ်မလား ”

ယန်ယဲ့ ပြောသည့်စကားကို ကြားသောအခါ

အဘိုးကြီး၏အမူအရာက
ချက်ချင်းပြောင်းသွားသည်။ ယန်ယဲ့ကို
စိုက်ကြည့်ကာ သူ့ကိုယ်သူ
ကြားရုံလောက်သာပြောပြီး
ခေါင်းခါယမ်းလိုက်ပါတော့သည်။

နန်စီယင် ပင်လျှင် မျက်လုံးများ
ပြူးကျယ်သွားသည်။ ထို့နောက်
တခစ်ခစ်ရယ်မောနေလေသည်။
အချိန်တော်တော်ကြာမှ

အ်ရယ်ရပ်သွားပြီး ယန်ယဲ့ကို ကြည့်ကာ

“ကောင်းတယ်။ သိပ်ကိုကောင်းတယ်။

နင့်ရဲ့အစေခံလား။ အရမ်းကောင်းတယ်၊

ဒါကိုပြိုင်ပွဲပြီးမှဆုံးဖြတ်တာပေါ့။

ငါရှုံးရင် နင့်ရဲ့အစေခံဖြစ်မယ်။

ကတိတစ်ခုထားမှာပါ။ လာ၊ ဆက်သွား။

ငါ မလျှောက်ခင် နင့်ကိုအသက်ရှူချိန် ၂၀

ရှိုက်စာလောက် အရင်ပေးထားမယ်"

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က နန်စီယင်

ဆီကို ဖြည်းညှင်းစွာ လျှောက်လာပြီး

“ငါက အရမ်းသန်မာတယ်၊ ဒါပေမဲ့

ဘယ်တော့မှ ထုတ်မပြတတ်ဘူး။

စောင့်ကြည့်နေ၊ ငါ မင်းကို

ဘယ်လိုမျိုးနှိမ့်ချနေရမလဲဆိုတာ

သင်ပေးမယ်”ဟုပြောလိုက်သည်။

စကားပြောပြီးသည်နှင့် ရေပေါ်လျှောက်

လမ်းဆီသို့ ခြေချလိုက်တော့သည်။

အမှန်တော့ ရေပေါ်လျှောက်လမ်းက
လွယ်မယောင်ထင်ရသော်လည်း
လက်တွေ့တွင်မူ ဖြတ်လျှောက်ရ
ခက်ခဲလှသည်။

ရေတာအိုဂိုဏ်း၏
တည်ထောင်သူဘိုးဘေးက
ဖန်တီးထားသော

စမ်းသပ်မှုဖြစ်သောကြောင့်

သာမန်လမ်းကြောင်းဖြစ်နိုင်မည်လော။

လုံးဝကိုမဖြစ်နိုင်ပါ။

ရေပေါ်လျှောက်လမ်းက လူတစ်ဦး၏

စိတ်စွမ်းအား၊ စိတ်ဆန္ဒနှင့် အရှိန်ကို

စမ်းသပ်တာပါ။

ယန်ယဲ့က လမ်းကြောင်းပေါ်ကို

ခြေချလိုက်ချိန်တွင် သူ့ရှေ့ရှိမြင်ကွင်းက

ချက်ချင်းပြောင်းသွားမှန်း
သတိထားမိလိုက်၏။

ရေပေါ်လျှောက်လမ်းက
ပုံရိပ်ယောင်အစီအရင်တစ်ခုဖြစ်နေပုံပါ။

သို့သော် ထိုကဲ့သို့
ပုံရိပ်ယောင်စမ်းသပ်မှုဟာ
ယန်ယွဲ့အတွက်တော့ အသုံးမဝင်ပေ။

သူ၏စိတ်ဝိညာဉ်အခြေအနေ၊

စိတ်ဆန္ဒနှင့်အရှိန်က

ညဏ်အလင်းသခင်နှင့်အဆင့်တူဖြစ်နေ

ပါပြီ။ ထို့အပြင် အဓိကကတော့

ယန်ယဲ့က ညဏ်အလင်းရဓားနှလုံးသား

ပိုင်ဆိုင်ထားသော

ဓားကျင့်ကြံသူတစ်ယောက်ပါ။

ဤအချိန်တွင် နောက်မှလိုက်လာနေသော

နန်စီယင်နှင့် အဘိုးကြီးလည်း

သူတို့ရှေ့က မြင်ကွင်းကြောင့်
အံ့အားသင့်သွားကြသည်။

အကြောင်းမှာ ယန်ယွဲ့၏အရှိန်က
အလင်းထက်ပင်မြန်ဆန်နေလို့ပါ ။
သိပ်ပြီးမကြာလိုက်ဘဲ ယန်ယွဲ့၏ပုံရိပ်က
အဆုံးသတ်ကိုရောက်သွားပါတော့သည်။

အသက်ရှူချိန် ၉ ရှိုက်စာသာကြာခဲ့၏။

ပတ်ဝန်းကျင်သည် သေမင်းတမန်အလား တိတ်ဆိတ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က နောက်ပြန်လှည့်လာပြီး နန်စီယင် ကို စိုက်ကြည့်ကာ "တောင်းပန်ပါတယ်။ ငါ မတော်တဆ အရမ်းမြန်သွားတယ်။ မှန်တယ်၊ ဆက်သွားပါ။ မင်းအလှည့်ရောက်ပြီ"

နန်စီယင်က ညာဖက်လက်သီးကို

တင်းတင်းဆုပ်ထားသည်။

ဘာစကားမှပြန်မပြောဘဲ

ယန်ယဲ့ကိုသာစိုက်ကြည့်နေ၏။

သူမ၏အကြည့်က ယန်ယဲ့ကို

ထွင်းဖောက်မြင်နေရသလိုပါ။

ယန်ယဲ့က နန်စီယင် အနားကို

လျှောက်လာပြီး ပြုံးလိုက်သည် "ဘာလဲ။

မင်းက ငါ့အစေခံအဖြစ် လက်ခံမှာလား"

"ကြည့်ရတာ မင်းကို အထင်မှားသွားပုံပဲ"

အဘိုးကြီးက ရုတ်တရက်ပြောပါသည်

“ညီငယ်၊ မင်းငါ့ဂိုဏ်းကို

ဘာကြောင့်လာတယ်ဆိုတာ

ငါသိနိုင်မလား”

ယန်ယဲ့က အဘိုးကြီးကို လှည့်ကြည့်ပြီး ပြုံးကာ "ငါက လူနှစ်ယောက်ကို တွေ့ဖို့ ရောက်လာတာပါ"

အဘိုးကြီးက “မင်းက ငါ့ဂိုဏ်းထဲက တစ်ယောက်ယောက်ကို ရှာနေတာလား” ဟုထပ်မေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဟုတ်တယ်။ သူတို့နာမည် ကျိုးလင်နဲ့ ကျိုးရှန် လို့ခေါ်တယ်"

ထိုနှစ်ယောက်က ကျိအာ၏ မိဘနှစ်ပါးအမည်ပါ။

အဘိုးကြီးက “ဘာလို့ ရှာနေတာလဲ ငါသိခွင့်ရှိမလား” ဟု မေးလိုက်၏။

ယန်ယဲ့က ပြုံးပြီး "စိတ်မပူပါနဲ့။ ငါက သူတို့နဲ့
ပြဿနာရှာဖို့လာတာမဟုတ်ပါဘူး။အကြောင်းတစ်ခုရှိလို့ သူတို့နဲ့
ခဏတွေ့ချင်တယ်။ သူတို့ ငါ့ကိုလာတွေ့ဖို့ မင်းကူညီပေးနိုင်မလား သိပါရစေ"

အဘိုးကြီးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်သည်။ သူက ခဏလောက်စဉ်းစားပြီးနောက်

ခေါင်းညိတ်ကာ

“ခဏစောင့်ပါ။တစ်ယောက်ယောက်ကို

စစ်ဆေးခိုင်းလိုက်မယ်။

ငါ့ဂိုဏ်းထဲမှာရှိရင် မင်းကိုလာတွေ့ဖို့

ငါပြောလိုက်မယ်"

ယန်ယဲ့က လက်သီးနှစ်ဖက်စုကာ

"ဒီလိုဆိုရင်

ကျေးဇူးတင်ပါတယ်"ဟုပြောလိုက်သည်

။

အဘိုးကြီးက စကားမပြောဘဲ

ခေါင်းညိတ်ပြသည်။

ဤအချိန်တွင် ယန်ယဲ့က နန်စီယင်ကို

စိုက်ကြည့်ကာ “ဒါဆိုရင်.... ဒါကို

ရှုံးနိမ့်တဲ့အတွက် ဝန်ခံတာလို့

သတ်မှတ်နိုင်မလား"

နန်စီယင်က ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ရင်း ရုတ်တရက် ပြုံးပြလိုက်သည်။ ထို့နောက် "လူတစ်ယောက်ကို အထင်မှားမိဖို့ ကိုယ့်ကိုယ်ကို မမျှော်လင့်ထားဘူး။ အသက်ရှူချိန် ၉ ရှိုက်စာ။ ဝန်ခံပါတယ်၊ ငါဒါကိုတကယ်မလုပ်နိုင်ဘူး။ ဒါပေမဲ့ တကယ်ပဲ ငါ့ကို နင့်ရဲ့အစေခံဖြစ်ချင်တာလား"

ယန်ယွဲ့က "ဘာလဲ။ မရဘူးလား"

နန်စီယင် က ပြုံးပြီး

“ဘာမှမဖြစ်ပါဘူး။နောင်မှာ နင်က

လမ်းပေါ်မှာပဲ

အသတ်ခံရမှာစိုးရိမ်မိတယ် ”

ယန်ယွဲ့၏မျက်နှာက တဖြည်းဖြည်း

အေးစက်လာသည်။

ငါ့ကိုခြိမ်းခြောက်နေတာလား။

ယန်ယဲ့က ခေါင်းယမ်းပြီး ပြုံးလိုက်သည်

"ဘာလဲ။

မင်းကအရှုံးကိုလက်မခံနိုင်ဘူးလား။

ဒါ့ကြောင့် မင်းငါ့ကို ခြိမ်းခြောက်ဖို့

ကြိုးစားနေတာထင်ပါတယ်"

နန်စီယင်က ခေါင်းခါလိုက်သည် “ဒါက ခြိမ်းခြောက်တာ မဟုတ်ဘူး။ ငါအမှန်ကို ပြောနေတာပဲ"

ဤအတောအတွင်း အဘိုးကြီးက ရုတ်တရက် ပြောခဲ့သည် “ညီငယ်၊ သူမ လိမ်ညာနေတာမဟုတ်ဘူး။ မင်းသာ ဒီကလေးမကို အစေခံလုပ်ခိုင်းလိုက်ရင် မင်းတကယ်အသတ်ခံရမှာကို ငါစိုးရိမ်မိတယ်။ ဒါဟာ ငါတို့ကြားက

ခင်မင်တဲ့အနေနဲ့ သတိပေးတာပါ။ ငါ့မှာ တခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး”

နန်စီယင်က စကားထပ်မပြောတော့ဘဲ ပြုံးရုံသာပြုံးလိုက်သည်။

ဤအတောအတွင်း ယန်ယဲ့က နန်စီယင်ကို တည့်တည့်စိုက်ကြည့်ကာ "တကယ်တော့ ငါက ဟာသလုပ်နေတာပဲ။ မင်းကို

ငါ့အစေခံဖြစ်အောင်လုပ်ဖို့ ရည်ရွယ်ချက်မရှိဘူး။ ဒါပေမဲ့ အခုတော့ ငါစိတ်ပြောင်းသွားပြီ။ မင်းကို ငါ့အစေခံဖြစ်စေချင်တယ်"ဟုပြောလိုက်ပါသည်။

နန်စီယင်၏မျက်နှာပေါ်ရှိ အပြုံးလှလှလေးက အေးခဲသွားသည်

"သေချာလား"

ယန်ယွဲ့က ပြုံးပြီး "ငါသေချာပါတယ်၊

မင်းကတိအတိုင်းပြန်သွားဖို့စီစဉ်ထားရင်

ငါဘာမှလုပ်လို့မရဘူး။ နောက်ဆုံးတော့

ငါမင်းကို

အတင်းအကြပ်မလုပ်နိုင်ဘူးလေ"

နန်စီယင်က ယန်ယွဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်နေသည်။

ခဏကြာမှခေါင်းညိတ်ကာ "ကောင်းပြီ။

ငါ့ကတိအတိုင်း နင့်ရဲ့အစေခံလုပ်မယ်။

ဒါပေမဲ့ ငါပြောတာကို ယုံပါ။

ငါ့စကားကိုပြန်မပြင်ဘူးဆိုပေမယ့်

နင့်အတွက်တော့ မနက်ဖြန်အထိ

မင်းအသက်ရှင်နိုင်မှာ မဟုတ်ဘူး”

ယန်ယဲ့က ပြုံးပြီး "ဒါဆို

စောင့်ကြည့်ရအောင်"ဟုသာပြောလိုက်

၏။

နန်စီယင် က တခစ်ခစ်ရယ်မောကာ
ကျောက်စိမ်းတုံးတစ်တုံးကို
ထုတ်ယူလိုက်သည်။ ထို့နောက်
အသံတိုးတိုးဖြင့်
“တစ်ယောက်ယောက်က ငါ့ကို
သူ့အစေခံဖြစ်စေချင်တယ်။ ငါ အခု
ရေတာအိုဂိုဏ်းမှာရောက်နေတယ်"

အချိန်ခဏကြာပြီးနောက်
ကျောက်စိမ်းတုံးထဲမှ

အသံတစ်သံထွက်လာသည် " ၄

နာရီအတွင်း ငါရောက်လာမယ်"

နန်စီယင်က ကျောက်စိမ်းတုံးကို

သိမ်းလိုက်ပြီး ယန်ယဲ့ကို စိုက်ကြည့်ရင်း

“၄ နာရီ။

နင် အခုထွက်ပြေးရင်

လွတ်မြောက်နိုင်သေးတယ်”

ယန်ယဲ့က "ငါအခုရေငတ်နေတယ်၊ လက်ဖက်ရည်သောက်ချင်တယ်"ဟုသာ ပြန်ပြောသည်။

နန်စီယင်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ ထို့အပြင် လူသတ်လိုစိတ်ပါ ဖျော့ခနဲ တောက်ပသွားသည်။

ဤအတောအတွင်း ယန်ယဲ့က

ပြုံးလိုက်ပြီး "ဘာလဲ။ မင်းရဲ့အရှုံးကို

လက်မခံနိုင်ဘူးလား"ဟုမေးလိုက်သည်။

နန်စီယင် က ယန်ယဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်ပြီးနောက် တစ်ချက်

ပြုံးလိုက်ပြီး "ဒါပေါ့။

ငါလက်ခံပါတယ်"ဟု ပြောကာ

နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

အသက်ရှူချိန် ၂ ရှိုက်စာအကြာတွင် ယန်ယဲ့ရှေ့မှာ လက်ဖက်ရည်တစ်ခွက် ပေါ်လာသည်။

သို့သော်လည်း ယန်ယဲ့က လက်ဖက်ရည်ကို လစ်လျူရှုကာ အဘိုးကြီးကို စိုက်ကြည့်နေသည်။ ဤအချိန်တွင် အဘိုးကြီး၏နံဘေး၌ သက်လတ်ပိုင်းအမျိုးသားတစ်ယောက် ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

အဘိုးကြီးကို တစ်ချက်ဦးညွှတ်ပြီး

“အစ်ကိုကြီး၊ အခုက ဂိုဏ်းထဲမှာ

မရှိသေးဘူး။ ဒါပေမဲ့ သူတို့ကို

တတ်နိုင်သမျှ အမြန်ဆုံး ပြန်လာဖို့

အမိန့်ပေးထားပါတယ်”

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။ ယန်ယဲ့က အနည်းငယ် ပြုံးပြီး "ငါစောင့်နိုင်ပါတယ်"

အဘိုးကြီးက “မင်းဟာ သူတို့နဲ့ ပြဿနာရှာဖို့ ဒီကိုလာတာမဟုတ်နိုင်ဘူး”ဟုပြောခဲ့သည်။

ယန်ယဲ့က

"မှန်တယ်၊ငါသူတို့နဲ့ပြဿနာရှာဖို့မဟုတ်

ဘူး"

အဘိုးကြီးက ခေါင်းညိတ်ပြီး

ငြိမ်သွားသည်။

၁၀ မိနစ်ခန့်အကြာတွင်တော့

ကောင်းကင်ယံမှ အလင်းတန်းနှစ်ခု

ပေါ်လာပြီး သူတို့ရပ်နေသည့်နေရာကို ဆင်းလာကြသည်။

အလင်းတန်းပြန့်ကျဲသွားသည့်အခါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးပေါ်လာသည်။ နှစ်ယောက်စလုံးက ယန်ယွဲ့နှင့် အသက်အတူတူလောက်ပင်ရှိနေကြသေး၏။ ဤအချိန်တွင် နှစ်ယောက်သား အဘိုးကြီးအနားရှိ

သက်လတ်ပိုင်းအဘိုးအိုအား ဦးညွှတ်ကာ
“အကြီးအကဲမို၊ ဂိုဏ်းက ငါတို့ကို
ဘာလို့ရှာနေတာလဲဆိုတာ သိနိုင်မလား”

သက်လတ်ပိုင်းအဘိုးအိုက အဘိုးကြီးကို
စိုက်ကြည့်နေသည်။ အဘိုးကြီးက
ယန်ယွဲ့ကိုစိုက်ကြည့်လိုက်၏။

ယန်ယဲ့က သူတို့ဆီ လျှောက်လာပြီး "မင်းတို့မှာ ကျိအော လို့ခေါ်တဲ့ သမီးလေး ရှိလား"ဟု မမေးလိုက်သည်။

ယန်ယဲ့ပြောသည့် စကားကို ကြားလိုက်သောအခါ နှစ်ယောက်စလုံး၏ မျက်လုံးထဲမှ အံ့အားသင့်မှုများပေါ်လာကြသည်။ အမျိုးသားက “မင်းဘယ်လိုသိလဲ” ဟု မေးလိုက်သည်။

ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ

မိန်းမငယ်လေးတစ်ယောက်

ပေါ်လာခဲ့သည်။

ကျိအာ...

ဤအချိန်တွင် သူမက

အမျိုးသားနှင့်အမျိုးသမီးကို

မော့ကြည့်ကာ အနည်းငယ်

ကြောက်လန့်နေလေသည်။

May Be:

၂၂၅၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၅၁ -

မြောက်ပိုင်းကောင်းကင်စီရင်စု

သက်လတ်ပိုင်းစုံတွဲလည်း ကျိအာကို စိုက်ကြည့်နေကြသည်။ အမျိုးသားက ကျိအာကို ခဏကြာစိုက်ကြည့်ကာ "မင်း... မင်းက ကျိအာ လား"

ကလေးမလေးက အလျင်အမြန်ခေါင်းညိတ်ပြသည်။

သက်လတ်ပိုင်းအမျိုးသားက “မင်း အရမ်းမြန်မြန် ကြီးပြင်းလာပြီ”ဟု ပြောပါသည်။

ကျိအာ က သက်လတ်ပိုင်းစုံတွဲကို စိုက်ကြည့်ကာ စကားပြောရန် တွန့်ဆုတ်နေ၏။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က ရုတ်တရက် မေးလိုက်လေသည် "သူက မင်းတို့နှစ်ယောက်ရဲ့ သမီးလား"

စုံတွဲက အကြည့်ချင်းဖလှယ်သည်။ အဆုံးတွင် သက်လတ်ပိုင်းအမျိုးသားက ခဏမျှ တုံ့ဆိုင်းသွားပြီး "တစ်ယောက်ပါ..."

ယန်ယဲ့က ချက်ချင်း

မျက်မှောင်ကြုတ်လိုက်ပြီး

"မင်းဘာကိုဆိုလိုတာလဲ"ဟုပြန်မေးလိုက်

သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းဘယ်သူလဲဆိုတာ ငါသိနိုင်မလား"

ယန်ယဲ့က မျက်နှာပျက်သွားပြီး
အေးစက်စက်လေသံဖြင့်
"ငါမေးတာပဲဖြေပါ"ဟုထပ်ပြောသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့က
တော်တော်လေးကို
စိတ်မချမ်းမသာဖြစ်သွားသည်။
သမီးဖြစ်သူကို စွန့်ပစ်ခဲ့သော
သက်လတ်ပိုင်းစုံတွဲကို နဂိုကတည်းကမှ
အထင်ကြီးတာမဟုတ်ပေ။

ဤအချိန်တွင်

သူတို့နှစ်ယောက်စလုံး၏အပြုအမူများ

က ယန်ယဲ့အား

ပို၍ပင်ဒေါသထွက်သွားစေသည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့၏

ဒေါသကိုသတိပြုမိသည့်အလား

စူးစိုက်ကြည့်ကာ “ဒါဟာ

ရေတာအိုဂိုဏ်းရဲ့ နယ်မြေပါ။ ပြီးတော့

ငါက ရေတာအိုဂိုဏ်းရဲ့

အတွင်းစည်းတပည့်တစ်ယောက်ပဲ။

မင်း…”

ဤအချိန်တွင် အဘိုးကြီး၏ အမူအရာက

သိသိသာသာ ပြောင်းလဲသွားသည်။

အေးစက်စက်အလင်းတန်းတစ်ခု

လင်းလက်လာသည့်အချိန်မှာပဲ

သူ့လက်ချောင်းကို ရှေ့သို့

ပုတ်လိုက်သည်။

သို့သော်လည်း ပတ်ဝန်းကျင်သည်
ရုတ်တရက် တိတ်ဆိတ်သွား၏။

ဤအချိန်တွင် ဓားတစ်ချောင်းက
သက်လတ်ပိုင်းအမျိုးသား၏နဖူးကိုဖိက
ပ်ထားလေသည်။

အားလုံးက ယန်ယွဲ့ကို
စိုက်ကြည့်နေကြသည်။ အထူးသဖြင့်
အဘိုးကြီးပင်။ သူ့မျက်လုံးထဲ၌

ပထမဆုံးအကြိမ်အဖြစ်

လေးနက်သောအမူအရာတစ်ခု

ပေါ်လာသည်။ အကြောင်းကတော့ သူက

ယန်ယဲ့ကို မတားဆီးနိုင်ခဲ့လို့ပါ။ သူသည်

ယန်ယဲ့ထက် အားမနည်းသော်လည်း

သူ့အရှိန်က

သိသာသာပင်နိမ့်ကျလှသည်။

သက်လတ်ပိုင်းစုံတွဲ ဟာ

အံ့သြသွားကြသည်။ အထူးသဖြင့်

သက်လတ်ပိုင်းအမျိုးသား ပါ။ ယန်ယဲ့က

သူနှင့် အသက်တူတူလောက်သာ

ရှိနေသေး၏။ သို့ရာတွင်

ထိုမျှကြောက်စရာကောင်းသောခွန်အားရှိ

နေသည်လား။

နန်စီယင် ပင်လျှင် ယန်ယဲ့ကို

အံ့ဩနေသောအကြည့်ဖြင့်

စိုက်ကြည့်နေသည်။ သေချာသည်မှာ

ယန်ယဲ့၏ ယခွန်အားကြောင့်
အံ့အားသင့်သွားတာပါ။

ဤအတောအတွင်း အဘိုးကြီးက
ရုတ်တရက် ပြောလိုက်သည် "ညီငယ်၊
မင်းရဲ့ ခွန်အားကို ကောင်းကောင်း
ဖုံးကွယ်ထားတာပဲ။ ဒါပေမဲ့ ဒီနေရာဟာ
ရေတာအိုဂိုဏ်း ဆိုတာ ညီငယ်က
မေ့သွားတာထင်တယ်။ မင်းက

ငါ့ရေတာအိုဂိုဏ်းကို

ခွန်အားပြဖို့ရောက်လာတာများလား"

ယန်ယဲ့က

သူ့လက်ကိုအနည်းငယ်လှုပ်လိုက်ရာ

ဓားက ချက်ချင်းပင်

ပျောက်ကွယ်သွားသည်။

ထို့နောက် အဘိုးကြီးကို စိုက်ကြည့်ရင်း

"တောင်းပန်ပါတယ်။ တကယ်တော့

ငါ့လက်တွေ

နည်းနည်းလေးယားယံနေတာ"ဟုပြောလို

က်၏။

အဘိုးကြီးက သူ့အား

ကူညီပေးနေသောကြောင့်

သဘာဝအတိုင်း သူ့လုပ်ရပ်ကို

လွှန်လွှန်ကဲကဲမနေပေ။

အဘိုးကြီးက ယန်ယွဲ့ကို ငုံ့ကြည့်ကာ
"ဒါမျိုးထပ်မလုပ်ပါနဲ့" ဟုပြောခဲ့သည်။
ထို့နောက် သက်လတ်ပိုင်းအမျိုးသားကို
စိုက်ကြည့်ကာ “သူ့မေးတာတွေ
အကုန်ဖြေလိုက်”

သက်လတ်ပိုင်းအမျိုးသားက
အလျင်စလို ဦးညွတ်ကာ “နားလည်ပြီ”

သူက ယန်ယဲ့ကို ချက်ချင်း

စိုက်ကြည့်လာသည်။ ဤတစ်ခါတော့

သူ့မျက်နှာက လေးစားမှုအပြည့်နှင့်

“တကယ်တော့… တကယ်တော့ သူမက

ငါတို့ရဲ့

သွေးသားရင်းချာမဟုတ်ပါဘူး”ဟုပြော

ပါသည်။

ထိုစကားကို ကြားသောအခါ ကျိအာ၏

ခန္ဓာကိုယ်လေးက

တောင့်တင်းသွားသည်။

သူမ၏မျက်လုံးလေးထဲ၌လည်း

မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည် ။

ယန်ယဲ့ လည်း

မျက်မှောင်ကြုတ်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက

အမှန်ပြောနေသည်လား။ အကြောင်းမှာ

သူက လိမ်ညာနေပုံမပေါ်လို့ပါ။

ဤအချိန်တွင် လူငယ်က

ဆက်ပြောခဲ့သည်

“ဆောင်းရာသီရောက်လာတဲ့တစ်နေ့မှာ။

ငါဒါကိုကောင်းကောင်းမှတ်မိတယ်။

ကျယ်လောင်တဲ့ငိုသံကြားလို့

အပြင်ထွက်ကြည့်လိုက်တာ၊ ငါ့ရှေ့မှာ

ကလေးတစ်ယောက်ရှိနေတယ်”

ထိုစကားပြောပြီးသည်နှင့်

လက်ဝါးအရှယ် ကျောက်စိမ်းဆွဲပြား

ထုတ်ယူလိုက်သည်။

ကျောက်စိမ်းဆွဲပြားက

အတော်လေးထူးဆန်းသည်။

မျက်နှာပြင်ပေါ်၌

ကြောက်မက်ဖွယ်ရာသားရဲတစ်ကောင်ကို

ရေးထိုးထားခဲ့သည်။

သားရဲကိုမြင်သောအခါ ယန်ယဲ့က

မျက်မှောင်ကြုတ်လာသည်။ မသိသော

အကြောင်းတစ်ခုခုကြောင့်

သူ၏နှလုံးသားက အနည်းငယ်

တုန်လှုပ်သွားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက

ဆက်ပြောပါသည် “သူ နဲ့

အတူပါလာတယ်၊ ဒါက သူမရဲ့ မျိုးရိုးနဲ့

ပတ်သက် ရမယ် ” ထို့နောက်
ယန်ယဲ့ဆီကို ပစ်ပေးလိုက်သည်။

ယန်ယဲ့က ကျောက်စိမ်းဆွဲပြားကို ယူကာ
မူလစေတီထဲသို့ ပစ်ထည့်လိုက်၏။

သို့သော်လည်း သူ၏အမူအရာက
ချက်ချင်း ပြောင်းသွားခဲ့သည်။
ကျောက်စိမ်းဆွဲပြားက သူ့လက်ထဲကို
ပြန်ရောက်လာလို့ပါ။

မူလစေတီက ဒါကို ဝင်ခွင့်မပေးဘူးလား။

ယန်ယဲ့က ကျောက်စိမ်းဆွဲပြားကို စိုက်ကြည့်နေသည်။

ဒါဘာလဲ။ မူလစေတီက တကယ်ဝင်ခွင့်မပေးဘူးလား။ ...

ယန်ယဲ့၏စိတ်ထဲ၌ မေးခွန်းများနှင့်

ပြည့်နှက်သွားသည်။

ဤအချိန်တွင် ကျိအာ က

သက်လတ်ပိုင်းစုံတွဲ ရှေ့မှာ  ရုတ်တရက်

ဒူးထောက်ကာ "ဘာပဲဖြစ်ဖြစ်

ငါ့အသက်ကို ကယ်ပေးလို့

ကျေးဇူးတင်ပါတယ်"ဟုပြောလိုက်သည်

။

သက်လတ်ပိုင်းအမျိုးသားက

ကျိအာကိုစိုက်ကြည့်နေသည်။

သူ၏မျက်လုံးများက

အနည်းငယ်ရှုပ်ထွေးသော

ခံစားချက်အချို့ရှိနေ၏။

ကျိအာ က မတ်တပ်ထရပ်ပြီး

ယန်ယဲ့ကိုလှည့်ကြည့်သည်။ ထို့နောက်

ယန်ယဲ့က ပြုံးပြီးပြောလိုက်သည်

“အဆင်ပြေပါတယ်။ ငါတို့က

တိတိကျကျသိရတဲ့အထိ
ဖြည်းဖြည်းချင်းရှာရမယ်။ မင်းကို
ငါကတိပေးတယ်။ အဆင်ပြေလား"

ကျိအာ က အနည်းငယ် ပြုံးလိုက်ပြီး
"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

စကားပြောပြီးနောက် ယန်ယဲ့က
ကျိအာကို မူလစေတီထဲသို့
ပြန်ပို့လိုက်သည်။

ထို့နောက် အဘိုးအိုကြီးကို

စိုက်ကြည့်လိုက်သည်။

စကားပြောရန်ပြင်လိုက်စဉ်မှာ

ကောင်းကင်ယံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ရုတ်ချည်း

ဆင်းသက်လာသည်။

ဤအတောအတွင်း နန်စီယင်က
ယန်ယဲ့ကိုစိုက်ကြည့်ကာ
ဖြည်းညှင်းစွာလျှောက်လာပါသည်။
တစ်ချိန်တည်းမှာပင် သူမက
ပေါ့ပေါ့ပါးပါး ပြုံးကာ “တောင်းပန်ပါ။
နင်ငါ့ကိုတောင်းပန်ရမယ်ထင်တယ်"ဟု
ပြောခဲ့သည်။

နန်စီယင်၏မျက်နှာက အပြုံးဖြင့်
ဖုံးလွှမ်းသွားသည်။

ယုံကြည်မှုအပြည့်ရှိသော အပြုံးတစ်ခုပင်။ သူမက အရာအားလုံးကို ထိန်းချုပ်ထားသလို ခံစားမိပုံပါ။

သို့ရာတွင် ယန်ယဲ့က သဘာဝအတိုင်း အာရုံမခံပေ။

သူက အပေးအယူလုပ်ရသည်ကို သဘောကျသူမဟုတ်ချေ။

ထိုအခြေအနေက အနာဂတ်ပြဿနာများ

ပို၍ဖြစ်လာစေနိုင်သည်။

ဤအချိန်တွင်

ပြင်းထန်သောအရှိန်အဝါများက

သူတို့ရှေ့ကို ရောက်လာခဲ့သည်။

ယန်ယဲ့က လှမ်းကြည့်လိုက်ရာ

လူငယ်တစ်ယောက်ပါ။

ထိုလူငယ်က အသက် ၂၇ နှစ် သို့မဟုတ် ၂၈ နှစ်ဝန်းကျင်ရှိပုံရ၏။ မြင့်မြတ်သောဝတ်စုံကို ဝတ်ဆင်ထားသည်။ သူက ချွန်ထက်သော မျက်ခုံးများ၊ မိန်းကလေးသဖွယ်လှပဝိုင်းစက်သော မျက်လုံးများနှင့်ပါ။ အတော်ကို ချောမောလှပသည်။

သို့သော် ငင်းက အဓိကမဟုတ်ပေ။
အဓိကကတော့ လူငယ်က
အစွမ်းထက်ကျင့်ကြံသူတစ်ယောက်
ဖြစ်နေတာပါ။

ဉာဏ်အလင်းသခင် ။

လူငယ်က စစ်မှန်သော
ဉာဏ်အလင်းသခင် ပါ။ ထို့အပြင်
သူ့ထံမှ ထွက်ပေါ်နေသော

အငွေ့အသက်ဟာ

ပင်လယ်သမုဒ္ဒရာတစ်ခုလို

နက်နဲပါသည်။

ဤအချိန်တွင် လူငယ်၏အကြည့်က

နန်စီယင်ပေါ်သို့

ချက်ချင်းရောက်သွားသည်။

သူ၏အမူအရာက

နူးညံ့သိမ်မွေ့လာပြီးမျက်နှာပေါ်တွင်

အပြုံးများပေါ်လာကာ "စီယင်၊

အစကတည်းက မင်းဒီကိုလာမယ်လို့
ပြောသင့်တယ်"ဟုပြောလိုက်သည်။

နန်စီယင် က မျက်မှောင်ကြုတ်ကာ
"ကုန်းကျင်း၊ နင်က ဒီမှာ
ဘာလုပ်နေတာလဲ။ ဩော်၊ မေ့လို့
ငါ့အစ်ကိုက နင့်ကို
လာခိုင်းလိုက်တာထင်တယ်။ဟုတ်တယ်
မလား"

ထိုလူငယ်က

တော်တော်လေးရှက်ရွံ့သွားသည်။

သို့သော် အရေထူသည့်အလား

ပြုံးလိုက်ပြီးနောက်

ယန်ယဲ့ကိုစိုက်ကြည့်နေသည်။ သို့ရာတွင်

သူ၏အပြုံးက အေးခဲနေသည်။

သူက "မင်းက သူမကို

အစေခံလုပ်စေချင်တာလား"

ယန်ယွဲ့က ထိုလူငယ်ကို

လစ်လျူရှုလိုက်ပြီး နန်စီယင်ကို

စိုက်ကြည့်ကာ

“ဘာလဲ…”ဟုမေးလိုက်သည်။

နန်စီယင်က ပခုံးတွန့်ကာ ယန်ယွဲ့ကို

ပြန်ပြောပါသည် "ငါ့စကားကို

ပြန်မပြင်တော့ဘူး။ ငါက နင့်ရဲ့အစေခံပဲ။

ဟုတ်တယ်၊ နင်သေရင် ဒါမှမဟုတ်

တစ်ခုခုဖြစ်သွားရင် ငါ့အပြစ်မဟုတ်ဘူး

မဟုတ်လား။နင်...”

ယန်ယဲ့က နေရာမှာပင်

ဖျတ်ခနဲပျောက်သွားသဖြင့်

နန်စီယင်၏အမူအရာကချက်ချင်းပြော

င်းသွားသည်။ သူမ၏လက်နှစ်ဖက်ကို

ရှေ့ဆန့်ကာ လက်ခုပ်တီးလိုက်သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့က

သူမရှေ့တွင်ရောက်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့လက်တစ်ဖက်က နန်စီယင်၏လည်ချောင်းကို ဖမ်းဆုပ်ထားလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့၏နောက်ကျောဖက်မှ ရွှေလှံတစ်ချောင်း ထိုးသွင်းလာသည်။ကုန်းကျင် က တိုက်ခိုက်လိုက်တာပါ။

သို့သော် ယန်ယဲ့က ထိုလူငယ်ကို လစ်လျူရှုထားလိုက်သည်။ သူ့လက်ကိုအနည်းငယ် အားထည့်ညှစ်လိုက်ပြီး နန်စီယင်ကို ဆွဲမြှောက်ကာ “ငါ့ကိုခြိမ်းခြောက်တာမျိုး မကြိုက်ဘူး။ နားလည်လား"

နန်စီယင်က ယန်ယဲ့ကို စိုက်ကြည့်ကာ တိတ်ဆိတ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က လက်ကိုထပ်ပြီးအားထည့်လိုက်ရာ နန်စီယင်၏မျက်နှာလေးက ခရမ်းရောင် သန်းသွားသည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ကုန်းကျင်း က ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည် "သူမ ဘယ်သူလဲဆိုတာ မင်းသိလား။ မင်း

သူမရဲ့ဆံပင်တစ်ချောင်းကို ထိရင်တောင်

မင်းနဲ့ပတ်သက်တဲ့လူတွေအားလုံး

အသတ်ခံရလိမ့်မယ်”

ယန်ယဲ့က ကုန်းကျင်းကို ရုတ်တရက်

ကြည့်ပြီး

"ငါဒါကိုအရမ်းကြောက်တယ်"ဟုသာပြန်

ပြောခဲ့သည်။

ထို့နောက် နန်စီယင်ကို

ထပ်ပြီးဆွဲမြှောက်ထားလိုက်သည်။

ကုန်းကျင်း၏မျက်နှာက ဒေါသကြောင့်

ကြောက်စရာကောင်းလောက်အောင်

မှိုင်းညို့သွားသော်လည်း ဘာမှ

မလုပ်ရဲပေ။

ယန်ယဲ့က နန်စီယင်ကို စိုက်ကြည့်ရင်း "ငါပြောတာကို မင်းနားလည်လား"ဟုထပ်မေးပါသည်။

နန်စီယင်က စကားပြန်မပြောပေ။ ယန်ယဲ့ကိုသာ စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့က သူ့လက်ကို ပိုပြီးအားထည့်လိုက်သည်။

နန်စီယင် ချက်ချင်းပင်

အသက်ရှူကြပ်သွားသည် ။

ဤအချိန်တွင် ကုန်းကျင်း၏

မျက်လုံးထဲမှ ထိတ်လန့်နေသော

အမူအရာများ ပေါ်လာသည်။ နန်စီယင်

သာ သေဆုံးသွားခဲ့လျှင်

သေချာပေါက်ကို

ကြီးမားသောပြဿနာတစ်ခုဖြစ်လာနိုင်

လို့ပါ။ မဟုတ်ပေ၊ သူကိုယ်တိုင်ပင် ဒုက္ခရောက်သွားပေမည်။

အဘိုးကြီးလည်း မျက်မှောင်ကြုတ်သွားသည်။ အကြောင်းကတော့ နန်စီယင် အသတ်ခံလိုက်ရပါက ရေတာအိုဂိုဏ်း ပင် ဒုက္ခများနိုင်လို့ပါ။ သူက ခဏတုံ့ဆိုင်းသွားပြီး "ညီငယ်လေး၊ စိတ်မဆိုးပါနဲ့။

မင်းတို့နှစ်ယောက်ကြားမှာ မပြေနိုင်တဲ့

ရန်ငြိုးရန်စတွေ မရှိဘူး၊ ဒါကြောင့်

ဒီလိုမျိုးဝေးဝေးသွားဖို့

မလိုအပ်ပါဘူး”ဟုပြောလိုက်သည်။

ယန်ယဲ့က ပြုံးပြီး “အကြီးအကဲ၊

မင်းပြောတာမှန်တယ်။

ကိစ္စသေးသေးလေးပါ။

ကံမကောင်းစွာပဲ၊ တချို့လူတွေက

မောက်မာနေတာပဲ။ ငါဒီလိုမျိုး

အရမ်းမုန်းတယ်။ လူတချို့အတွက်
သူတို့ရဲ့ အဆင့်အတန်းက
ထူးခြားတယ်လို့ ထင်နေတော့
တခြားလူတွေကို
လိုသလိုအနိုင်ကျင့်လို့ရတယ်ထင်နေတ
ယ်”

ထိုစကားပြောပြီးနောက် နန်စီယင်ကို
စိုက်ကြည့်ကာ “မင်းကို နောက်ဆုံးတစ်ခု
မေးမယ်။ မင်းငါ့စကားကိုကြားလား

မကြားဘူးလား။ မင်းမကြားရင်တော့
ငါပြောတာကိုယုံ။ မင်းရဲ့ခေါင်းက
ခန္ဓာကိုယ်နဲ့ကွဲကွာသွားလိမ့်မယ်"

သူက နန်စီယင်နှင့်
ပြဿနာတက်ဖို့မစဉ်းစားထားပေ။
သို့ရာတွင် ထိုအမျိုးသမီးက သူ့အား
ခြိမ်းခြောက်နေခဲ့၏။

ခြိမ်းခြောက်တယ်။.... ယန်ယဲ့
အမုန်းဆုံးအရာပင်။

နန်စီယင်က ယန်ယဲ့ကို
စိုက်ကြည့်နေသည်။ဤအချိန်တွင်
သူမရှေ့ရှိလူက
လိမ်ညာနေတာမဟုတ်မှန်းသိလိုက်သည်
။ ထိုလူက ပြောသည့်အတိုင်း
သေချာပေါက်လုပ်ဆောင်တတ်တာပါ။

သူမကို သတ်ရဲတယ်။

ဤအချိန်တွင် ယန်ယဲ့၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းလာပြီး သူ့လက်ကို အားထည့်ညှစ်လိုက်သည်။

နန်စီယင်က ရုတ်တရက် ပြောလိုက်သည် "ငါနင်ပြောတာကိုကြားလိုက်တယ်"

ထိုစကားကြားသောအခါ ကုန်းကျင်း နှင့် အဘိုးကြီးလည်း သိသိသာသာ သက်သာရာရသွားပုံရသည်။ နန်စီယင်က အဆုံးထိတိုင်အောင် အလျှော့မပေးဘဲ တင်းခံနေရင်တော့ အခြေအနေက မှန်းဆလို့ပင်မရနိုင်ပေ။

ယန်ယဲ့က နန်စီယင်ကို လွှတ်ပေးလိုက်ပြီး မျက်နှာကို တစ်ချက်ပုတ်ကာ "မင်းဟာ ငါ့အစေခံဖြစ်နေလို့

အစေခံတစ်ယောက်လို ပြုမူရမှာကို

သတိရပါ"

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏နောက်ကျောဖက်မှ

ရွှေရောင်အလင်းတန်းတစ်ခု

တိုးဝင်လာသည်။

ကုန်းကျင်း က ရုတ်တရက်

တိုက်ခိုက်လာတာပါ။

သို့သော်လည်း ယန်ယွဲ့ သည်
နေရာမှာပင်ပျောက်သွားကာ
ကုန်းကျင်း၏နောက်မှာပြန်ပေါ်လာခဲ့သ
ည်။ တစ်ဆက်တည်း ဓားတစ်ချောင်းက
ကုန်းကျင်း၏လည်ကုပ်ပေါ်
ပိုင်းချလိုက်သည်။

ကုန်းကျင်း၏ အမူအရာက ချက်ချင်း
ပြောင်းသွားသည်။ သို့သော်လည်း

သူ၏တုံ့ပြန်မှုက

နှေးကွေးခြင်းမရှိပေ။ဆတ်ခနဲ

နောက်လှည့်ကာ

သူ၏ရှေ့လုံ့ကိုမြှောက်ထိုးထိုးလိုက်သည်

။ တစ်ချိန်တည်းမှာပင်

သူ၏ဘယ်လက်သီးကို ဆုပ်ကာ

ယန်ယွဲ့ကို

တန်ပြန်တိုက်ခိုက်လိုက်လေသည်။

သို့သော်...

အုန်း...

ကုန်းကျင်းက ဘာဖြစ်သွားမှန်းပင်မသိလိုက်ပေ။ ၁၀ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင် နန်စီယင်က ယန်ယဲ့ကို မယုံကြည်နိုင်စွာ စိုက်ကြည့်နေသည်။

ထိုလူက ကုန်းကျင်းကို

တစ်ချက်တည်းဖြင့် အနိုင်ယူသွားဖို့

မမျှော်လင့်ထားပေ။

အခြားတစ်ဖက်တွင်လည်း

ယန်ယွဲ့၏ခွန်အားက

ထင်ထားသည်ထက်ပင်

ကျော်လွန်နေသဖြင့်

အဘိုးကြီး၏မျက်လုံးထဲမှာ

အံ့အားသင့်မှုအနည်းငယ်ပေါ်လာခဲ့သည်

။

ဤအတောအတွင်း ကုန်းကျင်းက

မတ်တပ်ထရပ်လာသည်။ သူ၏ရှေ့လုံကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ ရှေ့လုံက

အက်ကွဲနေခဲ့သည်။ ထို့အပြင်

သူ့လက်တစ်ဖက်လုံးလည်း

ကွဲထွက်သွားသည်။

ခဏအကြာတွင်တော့ သူ့ရင်ထဲက

တုန်လှုပ်ချောက်ချားမှုကို ထိန်းကာ

ယန်ယဲ့ကို မော့ကြည့်ရင်း "မင်းက

ဘယ်သူလဲ"ဟုမေးလိုက်သဘ်။

ယန်ယဲ့က ကုန်းကျင်းကို

လစ်လျူရှုထားလိုက်သည်။

ရေတာဂိုဏ်းမှ အဘိုးကြီးကို

လှည့်ကြည့်လိုက်ပြီး "အကြီးအကဲ၊

မင်းရဲ့အကူအညီအတွက်

ကျေးဇူးတင်ပါတယ်။ ငါ့မှာ
တခြားကိစ္စရှိလို့ ငါ နှုတ်ဆက်ပါတယ်"
ဟု ပြောလိုက်၏။

အဘိုးကြီးက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“နှုတ်ဆက်ပါတယ်”

ယန်ယဲ့က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ ထို့နောက်

ကျိအာ၏ မွေးစားမိဘများကို

စိုက်ကြည့်နေသည်။ သူက ခဏ

တုံ့ဆိုင်းသွားပြီးမှ “မင်းတို့ရဲ့ ကြင်နာမှုကို

ကြင်နာမှုနဲ့ပဲ ပြန်ဆပ်ရမယ်” ဟု

ပြောလိုက်သည်။ ထို့နောက်

သက်လတ်ပိုင်းစုံတွဲ ထံ

သို့လျှောင်လက်စွပ်တစ်ကွင်း

ပစ်ပေးလိုင်သည်။ အထဲမှာ

အဖိုးတန်ရတနာများ၊ အရင်းအမြစ်များ
အများအပြားရှိနေ၏။

သက်လတ်ပိုင်းအမျိုးသားက
မျက်လုံးထဲ၌
စိတ်လှုပ်ရှားမှု အရိပ်အယောင်များဖြင့်
ယန်ယွဲ့ကို လက်သီးဆုပ်ကာ “အစ်ကို၊
ကျေးဇူးတင်ပါတယ်”ဟုပြောပါသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

နန်စီယင်ကို စိုက်ကြည့်ရင်း “မင်း အခု

လွတ်သွားပြီ”

ဟုပြောပြီးနောက် ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

နန်စီယင်က ခဏမျှငြိမ်သက်သွားသည်။

ထို့နောက် ယန်ယဲ့

ပျောက်ကွယ်သွားသည့်ဖက်ကို

ရုတ်တရက် မျှော်ကြည့်ကာ "နင်

လွှတ်မြောက်နိုင်မယ်လို့

ထင်လား။ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ထိုစကားပြောကားပြီးသည်

နှင့်တစ်ပြိုင်နက်

သူမ၏ခြေဖဝါးအောက်မှ

ရောင်စုံအလင်းတန်းတစ်ခုပေါ်လာသည်။

ထိုခဏလေးမှာပဲ သက်တံတစ်စင်းက

ကောင်းကင်ယံ၌ပေါ်လာသည်။

"စီယင်" ကုန်းကျင်းက ထိတ်လန့်သွားပြီး အမြန်ပြေးလိုက်ဖို့ ပြင်လိုက်သည်။

သို့သော်လည်း အဘိုးကြီးက

ရုတ်တရက်တားကာ ပြောလိုက်သည်

“မင်း သူ့ကို ကယ်ချင်ရင် သူ့မိသားစုကို

အကြောင်းကြားတာအကောင်းဆုံးပဲ”

ကုန်းကျင်က အဘိုးကြီးကို

စိုက်ကြည့်လိုက်သည်။ အဘိုးကြီးက

"သူ့အသက်အရွယ်မှာ ဒီလိုမျိုး ခွန်အားနဲ့

သတ္တိတွေ ပိုင်ဆိုင်ထားတာကြောင့်

သူဟာ သာမန်မဟုတ်တာတော့

သေချာပါတယ်။ သူတို့နောက်ကို

လိုက်သွားတယ်ပဲထား၊ အဲဒါက သူ့ကို

ဒေါသထွက်အောင်လုပ်သလိုဖြစ်ရင်

မင်းကိုသတ်ပစ်နိုင်တယ်"

ကုန်းကျင်း၏အမှုအရာက အနည်းငယ်

ပြောင်းသွားသည်။ နောက်ဆုံးတွင် သူက

ဆက်လိုက်သွားဖို့

မစဉ်းစားတော့ဘဲကျောက်စိမ်းတုံးတစ်

တုံးကို ထုတ်ယူလိုက်သည်။

အဘိုးကြီးက သူ့အကြည့်ကို

ဆုတ်လိုက်ပြီး  ကျိအာ၏

မွေးစားမိဘများကို ကြည့်ကာ

"အခုချိန်ကစလို့ မင်းတို့နှစ်ယောက်က အတွင်းစည်းတပည့်တွေ မဟုတ်တော့ဘူး"

နှစ်ယောက်စလုံး တုန်လှုပ်သွားကြသည်။

ဂျိအတောအတွင်း အဘိုးကြီးက “အခုချိန်ကစလို့ နှစ်ယောက်စလုံးက အဓိကတပည့်တွေပဲ”ဟုပြောခဲ့သည်။

သက်လတ်ပိုင်းစုံတွဲ လည်း

ခဏကြာသည်ထိ ထိတ်လန့်သွားသည်။

ထို့နောက်တွင် နှစ်ယောက်စလုံး

ဝမ်းသာအားရဖြစ်သွားကြတော့သည်။

...

ဤအခိုက်အတန့်တွင် ယန်ယဲ့က

ဓားပျံကို အရှိန်မြှင့်ကာ

ပျံသန်းနေခဲ့သည်။

ခဏအကြာတွင် သူက ရုတ်တရက်

ရပ်လိုက်ပြီး လှည့်ကြည့်လိုက်သည်။

နန်စီယင်က သူ့နောက်ကို

လိုက်လာနေကြောင်းတွေ့လိုက်ရသည်။

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး "ဘာလဲ"

နန်စီယင်က  ပြုံးပြီး "ငါက နင့်ရဲ့အစေခံ

ဆိုတာ မမေ့နဲ့"ဟု ပြန်ပြောခဲ့သည်။

ယန်ယွဲ့က "မင်းက သေဖို့
အရမ်းစိတ်အားထက်သန်နေတာလား"

နန်စီယောင်က ယန်ယွဲ့ဆီကို
လျှောက်လာပြီး “လူတွေက သူတို့ရဲ့
စကားကို အမြဲတမ်း လိုက်နာရမယ်။
ငါနန်စီယင်က နင်နဲ့
လောင်းကြေးထပ်ထားမှတော့ ငါ့ကတိကို

သဘာဝအတိုင်း လိုက်နာပါ့မယ်။ ဒါဆို ငါက နင့်ရဲ့အစေခံပဲ”

ယန်ယဲ့က ဂရုမစိုက်ဘဲ "ကျိုးပျက်ခြင်းတောင်တန်းက ဘယ်မှာရှိတာလဲ" ဟု ရုတ်တရက်မေးလိုက်သည်။ ဤအချိန်တွင် သူက ဘယ်ရောက်နေမှန်း မသိကြောင်း ပြန်တွေးမိလိုက်သည်။

“ကျိုးပျက်ခြင်းတောင်တန်း လား”

နန်စီယင်က အနည်းငယ်

အံ့အားသင့်သွားသည်။ ထို့နောက် သူမ၏

မျက်လုံးများက တောက်ပလာကာ

"နင်က ရှာမန်ကမ္ဘာကို

သွားမလို့လား"ဟုမေးလိုက်သည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ

"မင်းရဲ့ကိုယ်ပိုင်အဆင့်အတန်းကို

သတိရပါ"

နန်စီယင်က ပြုံးပြီး “ကောင်းပြီ။ ဒါပေမဲ့ နင်က ကျိုးပျက်ခြင်းတောင်တန်းကို သွားနေတာလား။ ဟုတ်တယ်... ငါလည်း အဲဒီကို သွားနေတာ။ အတူတူသွားရအောင်။ ငါလမ်းပြနိုင်တယ်"

ယန်ယဲ့က သဘာဝအတိုင်း နန်စီယင်ကို သူနှင့်အတူ

လိုက်လာခွင့်မပြုချင်ပေ။အကြောင်းမှာ

ထိုအမျိုးသမီး၏နောက်ခံက

သာမန်မဟုတ်လို့ပါ။ သူနှင့်

အတူရှိနေလျှင် အဆုံးမရှိသော

ဒုက္ခများဖြစ်လာနိုင်၏။ သူက

ကြောက်နေတာတော့မဟုတ်ပေ။

နောက်ထပ်

ပြဿနာများထပ်မဖြစ်ချင်တော့လို့ပါ။

လက်တလော သူ့အတွက်

အရေးကြီးဆုံးမှာ ကောင်းကင်ကမ္ဘာသို့

သွားဖို့သာ။

ဤအချိန်တွင် နန်စီယင်က

ရုတ်တရက်ပြောခဲ့သည်

"ကျိုးပျက်ခြင်းတောင်တန်းကို

ရောက်ဖို့ဆိုရင် လူသားကမ္ဘာရဲ့

စီရင်စုကြီး ၄ ခုထဲက

မြောက်ပိုင်းကောင်းကင်စီရင်စုကို

ဖြုတ်သွားရမှာ။ တစ်ခုတော့ရှိတယ်၊

အဲဒီနေရာ အစွမ်းထက်ကျင့်ကြံသူတွေ

စောင့်ကြပ်နေတယ်။ သာမန်လူတွေ

လုံးမသွားနိုင်ဘူး။ ဒါပေမဲ့

ငါတော့တတ်နိုင်တယ်”

ဤအချိန်တွင် ယန်ယဲ့၏စိတ်ထဲမှ

ဟိုချင်၏အသံ ရုတ်တရက်

ထွက်ပေါ်လာသည် “သူမ ပြောတာက

မမှားပါဘူး။

မြောက်ပိုင်းကောင်းကင်စီရင်စုကို

မြောက်ပိုင်းကောင်းကင်ဧကရာဇ်က

စောင့်ကြပ်နေတယ်။ ဒီတော့

လူသားအင်ပါယာအရှင်ကဲ့ ခွင့်ပြုချက်

မရရင် ဘယ်သူမှ

ကျိုးပျက်ခြင်းတောင်တန်းကို

ဝင်ခွင့်မရှိဘူး။

ငါ အံ့သြမိပါတယ်၊ ဒါပေမယ့် မင်းရဲ့

လက်ရှိ ခွန်အားက အဲဒါကို

ပြီးမြောက်အောင် လုပ်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တာပဲ”

ယန်ယဲ့က ခဏမျှငြိမ်သက်သွားပြီးနောက် နန်စီယင်ကို စိုက်ကြည့်ကာ "မင်းတကယ်လုပ်နိုင်လား"ဟုမေးလိုက်သည

နန်စီယင်က  ပြုံးပြီး "ဒါပေါ့"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး “ဒါဆို မင်းငါနဲ့လိုက်ခဲ့။ မှန်တယ်၊ မင်းရဲ့ မျိုးနွယ်စုက အာဏာပိုင်တွေကို မင်းဆီလာဖို့ မပြောရင် အကောင်းဆုံးပဲ”

နန်စီယင်က ပြုံးပြီး "ဘာလို့လဲ။ နင်ကြောက်လို့လား"

ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

"ကြောက်တယ်... မတော်တဆ သတ်မိမှာ

ကြောက်တာပါ"

May Be:

၂၂၅၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၅၂ -

နတ်မိစ္ဆာတော်ဝင်မိကျောင်း

နန်စီယင်က ယန်ယွဲ့ကို

ခဏကြာစိုက်ကြည့်နေပြီး "နင်က

ဘယ်သူလဲ" ဟု မေးလိုက်သည်။

ယန်ယွဲ့က ပြန်မဖြေ။

သူ၏မျက်လုံးကိုမှိတ်ထားပြီး

စိတ်အာရုံအသိကို မူလစေတီထဲ ပို့လွှတ်လိုက်သည်။

ယန်ယဲ့က ဟိုချင်ရှေ့ကို ရောက်လာကာ "အကြီးအကဲဟို၊ ဒီကျောက်စိမ်းဆွဲပြားပေါ်က သားရဲကို မှတ်မိလား"ဟုမေးလိုက်လေသည်။

မူလစေတီ ကပင် ဝင်ခွင့်မပြုသဖြင့်
ကျောက်စိမ်းဆွဲပြားက အတော်လေးကို
ထူးဆန်းနေပါသည်။

ဟိုချင်က ခေါင်းယမ်းပြီး ချုန်းချီ ကို
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့ လည်း ချုန်းချီကို
စိုက်ကြည့်နေ၏။ ချုန်းချီက
နတ်မိစ္ဆာမျိုးနွယ်၏ ကေရာဇ်ဖြစ်လေရာ

ကျောက်စိမ်းဆွဲပြားပေါ်ရှိ သားရဲကို

သိနိုင်လောက်သည်။ မသိခဲ့ရင်တောင်

နတ်မိစ္ဆာမျိုးနွယ်နှင့်

တစ်နည်းနည်းပတ်သက်နေကြောင်းသေ

ချာပါသည်။

ချုန်းချီက

အချိန်တော်တော်ကြာသည်အထိ

နှုတ်ဆိတ်နေပြီးမှ

"အဲဒီမိန်းကလေးနဲ့အတူရှိခဲ့တာလား"

ဟုမေးခဲ့သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ချုန်းချီ က ဆက်ပြောလိုက်သဘ်

“ငါပြောတာမမှားဘူးဆိုရင်တော့ ဒါဟာ

ရှေးခေတ်ဦးက

နတ်မိစ္ဆာတော်ဝင်မိကျောင်းဖြစ်သင့်တ

ယ်”

"တော်ဝင်မိကျောင်းလား" ယန်ယဲ့နှင့်

ဟိုချင်က အကြည့်ချင်းဖလှယ်ကြသည်။

ထို့နောက် ချုန်းချီကို ကို

စိုက်ကြည့်ကြသည်။

ချုန်းချီ က

“နတ်ဆိုးတော်ဝင်မိကျောင်းတွေက

ရှေးခေတ်ဦးရဲ့

သက်ရှိတွေလို့ပြောနိုင်တယ်။ နဂါးတွေ၊

ဖီးနှစ်တွေကိုဝါးမျိုတယ်။

ရက်စက်ကြမ်းကြုတ်တဲ့ စွမ်းအားတွေနဲ့

မွှေးဖွားလာကြတယ်။

နတ်မိစ္ဆာသားရဲအနည်းငယ် အပြင်

ရှေးခေတ်ဦးမှာ

တခြားဘယ်နတ်ဆိုးသားရဲမှ သူတို့ကို

မစော်ကားဝံ့ဘူး။ ဒါပေမဲ့

အကြောင်းတစ်ခုခုနဲ့

နတ်မိစ္ဆာတော်ဝင်မိကျောင်းတွေ

ရှုတ်တရက်ကြီး

ပျောက်ကွယ်သွားခဲ့တယ်။ အခု…”

နဂါးတွေနဲ့ ဖီးနစ်တွေကို ဝါးမျိုတာလား။

ထိုစကားကိုကြားသောအခါ ယန်ယွဲ့က

မထိန်းနိုင်ဘဲ

မျက်ခွံများပင်လှုပ်ယမ်းသွားသည်။

ချုန်းချီ၏ပုံစံအရ

နတ်မိစ္ဆာတော်ဝင်မိကျောင်းများကို
ကြောက်ရွံ့နေပုံပါ။

ဒါဆို ကျိုအာရဲ့ အဆင့်အတန်းက
ဘာလဲ။

ယန်ယဲ့က သိချင်မိသော်လည်း
စဉ်းစားမနေတော့ပေ။ သူ့အတွက်
အရေးကြီးသောမှာ

ကျိုးပျက်ခြင်းတောင်တန်းသို့

အမြန်ဆုံးရောက်ဖို့ပါ။

အပြင်ကမ္ဘာ ။

ယန်ယဲ့က ရှုတ်တရက်

မျက်လုံးဖွင့်လာကာ နန်စီယင်ကို

စူးစိုက်ကြည့်ပြီး "သွားရအောင်"

ထိုစကားပြောပြီးသည်နှင့်

ခြေထောက်အောက်မှ

အလင်းတန်းတစ်ခု လင်းလက်လာကာ

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

နန်စီယင်က ခဏမျှ

ငြိမ်သက်သွားပြီးနောက် ရုတ်တရက်

ရယ်မောလိုက်သည်

“တကယ်ကိုလျှို့ဝှက်ဆန်းကြယ်တယ်။

တကယ်ကို ဆန်းကြယ်ပါတယ်။ ဒါပေမဲ့ အဲဒါက စိတ်ဝင်စားဖို့ကောင်းတယ်”

စကားပြောနေရင်းဖြင့် သူမ၏ခြေထောက်အောက်ကနေ ရောင်စုံအလင်းတန်းတစ်ခုလင်းလက်လာသည်။ ထို့နောက် မိုးကုပ်စက်ဝိုင်းအစွန်း၌ ပြိုးပြိုးပြက်ပြက်လက်နေသော သက်တံ့တစ်စင်း ပေါ်လာသည်။

ဤအတောအတွင်း ယန်ယဲ့ သည်
ခရီးဆက်နေရင်းဖြင့် နန်စီယင်ထံမှ
လူသားကမ္ဘာ အကြောင်းကို
အကြမ်းဖျင်း နားလည်လာခဲ့သည်။

လူသားကမ္ဘာက
တောင်ပိုင်းယူနီကွန်းစီရင်စု၊
မြောက်ပိုင်းကောင်းကင်စီရင်စု၊
အရှေ့ဖက်ချောက်ကမ်းပါးစီရင်စု၊

အနောက်သန္တာကျောက်တန်းစီရင်စုနှင့်
ဗဟိုစီရင်စုဟူ၍ ပိုင်းခြားထားသည်။
စီရင်စု ၅ ခုကို လူသားမျိုးနွယ်၏
အထွတ်အမြတ်ပညာရှင် ၅ ဦးက
အုပ်ချုပ်ခဲ့သည်။
လူသားအင်ပါယာအရှင်က ဗဟိုစီရင်စု၏
အရှင်သခင် ပါ။ သို့သော်လည်း
လူသားကမ္ဘာတစ်ခုလုံး၏ အာဏာကို
အပြည့်အဝ ပိုင်ဆိုင်ထားလေသည်။

ထို့အပြင် လူသားကမ္ဘာ၌ စီရင်စု ၅ ခုအပြင်

မြင့်မြတ်သောနယ်မြေ ၃ ခု နှင့် မဟာဂိုဏ်းကြီး ၁၀ ဂိုဏ်းလည်းရှိနေသေး၏။

မြင့်မြတ်နယ်မြေ ၃ ခုက အမြင့်မားဆုံးအဆင့်အတန်းပိုင်ဆိုင်ထားခဲ့သည်။ အကြောင်းကတော့

လူသားအင်ပါယာအရှင် ပင်လျှင်
မြင့်မြတ်နယ်မြေ ၃ ခုကို
အမိန့်ပေးနိုင်စွမ်းမရှိသောကြောင့်ပါ။

ဤအချိန်တွင် ယန်ယဲ့က
လူသားအင်ပါယာအရှင်၏
လက်အောက်ခံအင်အားစုများအကြောင်း
ကို နားလည်သဘောပေါက်လာခဲ့သည်။
၎င်းက ရောမတိုက်တန်ကြီး၊

စစ်မှန်သောစွမ်းအားရှင်တစ်ယောက်ပင်

တည်း။

လူသားအင်ပါယာအရှင်က

လူသားကမ္ဘာ၏ အထွတ်အမြတ်ပညာရှင်

ပါ။

ထို့အပြင် သူ့လက်အောက်၌ စီရင်စုကြီး

၄ ခု၏ ကေရာဇ်များ ကဲ့သို့

မရေမတွက်နိုင်သော ကျင့်ကြံသူများစွာ

ရှိခဲ့သည်။ အားလုံးက သံသယမလိုသော
အစွမ်းထက်ကျင့်ကြံသူများချည်းပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့က
လူသားအင်ပါယာအရှင် ကိုယ်တိုင်
သူ့ဆီသို့ ရောက်မလာသည့်
အကြောင်းအရင်းကို
လူနားလည်လိုက်သည်။

လူသားအင်ပါယာအရှင် ကိုယ်တိုင်

လှုပ်ရှားဖို့ မလိုအပ်ပါ။

……

ဤအခိုက်အတန့်တွင် ယန်ယဲ့က

နန်စီယင် နှင့်အတူ

မြောက်ပိုင်းကောင်းကင်စီရင်စုသို့

သွားနေခဲ့သည်။

မြောက်ပိုင်းကောင်းကင်စီရင်စုက

လူသားကမ္ဘာ၏ဝင်ပေါက်ဖြစ်သည်။
ထို့ကြောင့် ဗဟိုစီရင်စုထက်
အနည်းငယ်သာနိမ့်ကျ၏။
အဓိကကတော့ လူသားမျိုးနွယ်၏
မဟာရန်သူဖြစ်သော ရှာမန်မျိုးနွယ်နှင့်
နယ်နမိတ်ချင်း ထိစပ်နေတာပါ။

ဤအချိန်တွင် ယန်ယဲ့နှင့် နန်စီယင်က
တောင်ပိုင်းယူနီကွန်းစီရင်စုကို
ရောက်နေကြသည်။

နန်စီယင်၏ ပြောကြားချက်အရ

လက်ရှိသူတို့အမြန်နှုန်းဖြင့်ဆိုလျှင်

မြောက်ပိုင်းကောင်းကင်စီရင်စုသို့

ရောက်ရန် အနည်းဆုံး အချိန်

နှစ်ပါတ်လောက်ယူရပေမည်။

လဝက်ခန့်တောင်မှ....

လက်ရှိ ယန်ယဲ့၏အရှိန်က

အတော်ကိုမြန်ဆန်သည်။ ခြေတစ်ချက်

ထောက်ခုန်လိုက်ရုံဖြင့် ကီလိုမီတာ

(၅,၀၀၀)အကွာသို့

ချက်ချင်းရောက်သွားနိုင်၏။

သို့သော်လည်း

မြောက်ပိုင်းကောင်းကင်စီရင်စုသို့

ရောက်ရန် အချိန် ၂

ပါတ်လောက်ကြာပေမည်။

တစ်နည်းအားဖြင့် လူသားကမ္ဘာက
မည်မျှကြီးမားသည်ကို သိသာပါသည်။

"ပျံသန်းနေတာကို ရပ်လိုက်တော့"
နန်စီယင်က ရုတ်တရက် ပြောခဲ့သည်။

ယန်ယွဲ့က သူမကို
လှည့်ကြည့်လိုက်သည်။ နန်စီယင်က
ရှေ့ခပ်လှမ်းလှမ်းကိုလက်ညှိုးထိုးပြပြီး
"အဲဒီလမ်းကြောင်းကို

တွေ့လား။ အဲဒီမှာ မြို့တစ်မြို့ ရှိတယ်။

မြို့ထဲမှာ ယာဉ်ပျံတွေ

ရောင်းချလေ့ရှိတယ်။

တစ်ခုလောက်ဝယ်ရမယ်။ ဒီလိုမှ

မဟုတ်ဘဲ ငါတို့ ဒီအတိုင်း ပျံသန်းရင်

သေတဲ့အထိ ပင်ပန်းလိမ့်မယ်”

ယန်ယဲ့က ခဏမျှစဉ်းစားပြီး

ခေါင်းညိတ်လိုက်သည်။ သူ့တွင်

စွမ်းအင်ပုလဲအများအပြားရှိသော်လည်း

မလိုအပ်ဘဲ အားအကုန်မခံလိုပေ။

ဤအချိန်မှာပဲ နှစ်ယောက်သား

မြေပြင်ပေါ်သို့ ဆင်းလာကြ၏။

ယန်ယဲ့က ရှေ့ကို မော့ကြည့်လိုက်ရာ

မြို့တံခါးအထက်မှ "မြူခိုးပြာမြို့တော်"

ဟူသော ရွှေရောင်စာလုံးကြီး ၃ လုံးကို

တွေ့လိုက်ရသည်။

မြို့က သိပ်တော့မကြီးမားပေ။ ထို့အပြင် အနည်းငယ် ရှေးကျလှသည်။

နန်စီယငလက

"သွားရအောင်"ဟုပြောခဲ့သည်။

ယန်ယဲ့က နန်စီယင်ကို မော့ကြည့်လိုက်သည်။ ထိုအမျိုးသမီး၏ ရည်ရွယ်ချက်ကို မသိနိုင်လို့ပါ။ အကြောင်းမှာ ဤအချိန်ထိ သူတို့နှင့်

ပြဿနာရှာသူတစ်ယောက်မှမတွေ့မိလို့

ပါ။ သေချာသည်မှာ ထိုအမျိုးသမီးက

တစ်ခုခုကို ကြိုပြီးစီစဉ်ထားတာပါ။

ဒါဆို ဘာလို့ ငါ့နောက်ကို

လိုက်နေတာလဲ။သူမက တကယ်ပဲ

ငါ့အကြောင်း သိချင်နေတာလား။

ဒါမှမဟုတ် ပျော်စရာကောင်းတယ်လို့

ထင်နေတာများလား ။

ယန်ယဲ့က ခေါင်းခါပြီး တွေးနေတာကို ရပ်လိုက်သည်။ ထို့နောက် မြို့ထဲကို လိုက်ဝင်သွားသည်။

ယန်ယဲ့က ပတ်ဝန်းကျင်ကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။ အမှန်တော့ လောကသုံးပါး နှင့် အောက်ဘုံက ကွာခြားချက် ကြီးကြီးမားမား မရှိချေ။ ကျင့်ကြံသူများ၊ ကောင်းကင်ဘုံတာအို အားလုံးက တစ်ခုတည်းပါ။

မတူညီသောအချက်ကတော့

လောကသုံးပါးရှိ ကျင့်ကြံသူများဟာ

အောက်ဘုံထက်

ပိုပြီးအားကောင်းခဲ့သည်။

ယန်ယဲ့ သည် မြို့ထဲ ဝင်လာကတည်းက

ကျင့်ကြံသူများထဲ အညံ့ဆုံးဟာ

ချီးမြှောက်ခြင်းနယ်ပယ်မှာ ရှိနေသည်ကို

သတိထားမိလိုက်သည်။ အသက် ၁၀

နှစ်ဝန်းကျင်သာရှိသော

ကလေးငယ်များပင်လျှင်
ချီးမြှောက်ခြင်းနယ်ပယ် မှာရှိနေ၏။

ဤမြင်ကွင်းက လောကသုံးပါး၏
ဝိညာဉ်စွမ်းအင်၊ အရင်းအမြစ်
မည်မျှသာလွန်ကြောင်း သိသာစေသည်။

ဤအချိန်တွင် နန်စီယင်က
ရုတ်တရက်ပြောခဲ့သည်
“မြန်မြန်သွားရအောင်”

ယန်ယဲ့က ခေါင်းညိတ်ရင်း

အရှိန်မြှင့်လိုက်သည်။

အချိန်သိပ်မကြာလိုက်ဘဲ

နှစ်ယောက်စလုံး ရပ်သွားကြသည်။

သူတို့ရှေ့တွင် ခန်းမကြီးတစ်ခု

ဘွားခနဲပေါ်လာသည်။ ခန်းမက

အလွှန်ပင်ကြီးမားကာ စုစုပေါင်း အထပ်

၇ ထပ်ပင်ရှိခဲ့သည်။

ယန်ယဲ့က ခေါင်းမော့ပြီး ရှေ့ကို

လှမ်းကြည့်လိုက်သည်။

သူ့အကြည့်များက ခန်းမတံခါးထက်မှ

"ကောင်းကင်ရတနာခန်းမ"ဟူသော

ရွှေရောင်စာလုံး ၃

လုံးပေါ်ကျရောက်သွားသည်။

"ခန်းမပိုင်ရှင်က

တော်တော်ထူးခြားတယ်"

ဤအတောအတွင်း နန်စီယင်က

ရုတ်တရက် ပြောခဲ့သည် “သူ့ကို မြင့်မြတ်နယ်မြေ ၃ ခုရဲ့ အရှင်သခင်တွေတောင်မှ မျက်နှာသာပေးရတယ်။ သွားကြရအောင်"

ထို့နောက် နှစ်ယောက်သား ခန်းမထဲသို့ ဝင်သွားကြသည်။ ဤအချိန်တွင် သူတို့ရှေ့မှာ လူငယ်တစ်ယောက် ရုတ်တရက်ပေါ်လာ၏။ လူငယ်က

သူတို့နှစ်ယောက်ကိုကြည့်ကာ
မေးမြန်းရန်ပြင်နေလေသည်။
သို့သော်လည်း နန်စီယင်က
ရွှေရောင်ကတ်ပြားကို ထုတ်ယူလိုက်ရာ
လူငယ်၏အမူအရာက
ပြောင်းလဲသွားသည်။

လူငယ်က နန်စီယင်ကို ရိုသေစွာ
ဦးညွှတ်ပြီး "လေးစားရပါသော
ဧည့်သည်တော်၊ ခဏစောင့်ပါ"

ထိုစကားပြောပြီးနောက်

ခန်းမအတွင်းပိုင်းကို ပြန်ဝင်သွားသည်။

ဤအချိန်တွင် နန်စီယင်က

တစ်ခခစ်ရယ်မောပြီး

ရွှေရောင်ကတ်ပြားကို

ယန်ယွဲ့၏မျက်နှာရှေ့မှာ ဝှေ့ယမ်းပြကာ

“ကောင်းကင်ရတနာခန်းမရဲ့

အထူးညှော်သည်တော်တံဆိပ်ပြား။

မှန်ပါတယ်၊ ရွှေကတ် ထက်မြင့်တာဆိုလို့

ခရမ်းရောင်ကတ်တစ်ခုပဲရှိတော့တယ်”

ယန်ယဲ့က

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

နန်စီယင်က ခေါင်းခါလိုက်ပြီး

“ဘယ်လိုငတုံးမျိုးလဲ။

ကောင်းကင်ရတနာခန်းမရဲ့

အထူးဧည့်သည်တော် တစ်ယောက်ဖြစ်ဖို့၊

ဒီရှေ့ကတ်ရဖို့က

ဘယ်လောက်ခက်ခဲလဲဆိုတာ

နင်သိလား"

ယန်ယဲ့က ခေါင်းခါလိုက်သည်

"ငါဘယ်လိုလုပ်သိမှာလဲ"

နန်စီယင်က ပြန်ပြောလုဆဲဆဲတွင်

ခန်းမအတွင်းပိုင်းကနေ

အစိမ်းရောင်ဝတ်စုံဝတ်မိန်းမလှတစ်

ယောက် ထွက်လာခဲ့သည်။

မိန်းမလှက နန်းစီယင်ထံသို့

လျှောက်လာကာ ပြုံးလိုက်ပြီး

"ဒီလောက်ဝေးလံခေါင်သီတဲ့အရပ်ကို

ဂုဏ်ထူးဆောင်ဧည့်သည်တော်

ရောက်လာဖို့ ငါ မမျှော်လင့်ထားပါဘူး။

ငါ့နာမည်က မင်ရှီ လို့ခေါ်တယ်။

ဒီခန်းမရဲ့မန်နေဂျာပါ။

ဂုဏ်ထူးဆောင်ဧည့်သည်တော်၊
တစ်ခုခုလိုသေးလား။ ငါ့ရဲ့
အရည်အချင်းနဲ့ကိုက်ညီရင်
တောင်းဆိုတာကို ငါ ငြင်းမှာ မဟုတ်ဘူး”

နန်စီယင်က "ငါ
လျှပ်စီးယာဉ်ပျံတစ်ခုလိုနေတယ်။
အခုရနိုင်မလား"ဟုမေးလိုက်သည်။

လျှပ်စီးယာဉ်ပျံတစ်စင်း လား။

မိန်းမလှမင်းရှိက အနည်းငယ်
ထိတ်လန့်သွားပုံရသည်။ ထို့အပြင်
သူမက အတော်လေး ချီတုံချတုံ
ဖြစ်နေပုံပါ။

နန်စီယင်က မျက်မှောင်ကြုတ်ကာ
“ဘာဖြစ်တာလဲ”ဟုထပ်မေးလိုက်သည်။

မင်းရှီက မျက်နှာပေါ်တွင်

တောင်းပန်လိုသောအမူအရာဖြင့်

“မြို့ထဲမှာ

လျှပ်စီးယာဉ်ပျံတစ်စင်းပဲကျန်တော့တ

ယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က

ကြိုပြီးမှာယူထားပြီ။

ဝယ်ယူတဲ့သူက ကြိုတင်ငွေတောင်

ပေးချေထားကြီ။

အကြောင်းပြချက်မရှိဘဲ

ငါပြန်ဖျက်လို့မရပါဘူး။ ဒါ့ကြောင့်

ဂုဏ်ထူးဆောင်ဧည့်သည်တော်၊

ဒီနေ့အတွက်

ငါမင်းကိုမကူညီနိုင်လောက်ဘူးထင်တ

ယ်။ ဒါပေမဲ့

တိမ်ယာဉ်ပျံတစ်စင်းတော့ရှိသေးတယ်"

ဟုပြောခဲ့သည်။

"တိမ်ယာဉ်ပျံလား" နန်စီယင်က

ခေါင်းခါလိုက်ပြီး "နှေးလွန်းတယ်"

ယန်ယွဲ့က ရုတ်တရက်မေးလိုက်သည်

"ဘယ်လောက်နှေးလဲ"

နန်စီယင် က

"နင်သွားချင်တဲ့နေရာကိုရောက်ဖို့

အနည်းဆုံး တစ်လလောက်ကြာမယ်"

ယန်ယွဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ပြီး “ဒါက

အရမ်းနွေးတယ်။ မြို့ထဲမှာ

တခြားကုန်သည်အဖွဲ့တွေ ရှိလား"

ထိုစကားကို ကြားသောအခါ

မင်ရှီ၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

သူမက

"ငါတောင်းပန်ပါတယ်။အနီးဆုံးမြို့ကို

ခန်းမပိုင် လျှပ်စီးယာဉ်ပျံနဲ့

ပို့ခိုင်းရမလား”ဟု

ကမန်းကတန်းပြောလိုက်သည်။

နန်စီယင်က

“ဘယ်လောက်ကြာမလဲ”ဟုထပ်မေးလို

က်သည်။

မင်း႐ှီက "ဂုဏ်ထူးဆောင်ညွှန့်သည်တော်၊

အနည်းဆုံး နှစ်ရက်တော့ကြာမယ်"

နန်စီယင်က ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။ ယန်ယဲ့က

ခေါင်းခါလိုက်ပြီး "ငါကိုယ်တိုင်ပဲ

ခရီးဆက်တော့မယ်"ဟု ပြောငါ

လှည့်ထွက်သွားသည် ။

ဤအချိန်တွင် မင်ရှီက

အမြန်တားလိုက်ပြီး “ဒီလိုတော့

မလုပ်ပါနဲ့။

အသံလှိုင်းယာဉ်ပျံတစ်စင်းလောက်ရ

အောင်

အတတ်နိုင်ဆုံးကြိုးစားပေးပါ့မယ်"ဟု

ပြောခဲ့သည်။

ထို့နောက် "ဒါနဲ့ ညှော့သည်တော်တို့က

ဘယ်သွားမလို့လဲ"

ဟုဆက်မေးလိုက်သည်။

ယန်ယဲ့က "မြောက်ကောင်းကင်စီရင်စု"

မင်းရှီက ပြုံးပြီး “တိုက်ဆိုင်လိုက်တာ။
တခြားညော့်သည်တော်ကလည်း
အဲဒီဖက်ကို ဦးတည်နေတာပါ။ ဒါဆို
နင်တို့နှစ်ယောက်စလုံးက
သူနဲ့အတူစီးသွားလို့ရတယ်"

နန်စီယင်က ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။ ယန်ယဲ့က
ခဏမျှတုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်လိုက်သည်။

မင်း၍ရှိက ဘေးဖက်သို့ လျှောက်သွားပြီး
"ဒါဆို ငါ့နောက်လိုက်ခဲ့ကြပါ"

ထို့နောက်တွင် နှစ်ယောက်စလုံးက
မင်း၍ရှိ၏နောက်ကနေ
တိမ်တိုက်များအထက်သို့တက်သွားကြ
သည်။ သိပ်မကြာလိုက်ပေ။
တစ်နေရာသို့ ရောက်လာကြသည်။

ထိုနေရာတွင် အလွန်ကြီးမားသော
ယာဉ်ပျံတစ်စင်းရှိနေခဲ့သည်။ ၎င်းက
တိမ်လျှပ်စီးယာဉ်ပျံပင်။

ဤအချိန်တွင် ယာဉ်ပျံထဲမှ
အမျိုးသမီးတစ်ဦး ထွက်လာခဲ့သည်။
အမျိုးသမီးက အသက် ၂၀ ဝန်းကျင်သာ
ရှိနေသေး၏။ အဖြူရောင်ဝတ်စုံကို
ဝတ်ဆင်ထားသည်။သူမ၏ရုပ်ရည်က
လှပသည်ဟု မပြောနိုင်သော်လည်း

ရုပ်ဆိုးနေသည်တော့မဟုတ်ပေ။
အထူးသဖြင့် သူမ၏အသွင်အပြင်က
နူးညံ့သိမ်မွေ့ပုံရသည်။

ထူးခြားချက်မှာ
အမျိုးသမီး၏ပခုံးပေါ်တွင်
အနက်ရောင်မှက်တစ်ကောင်ရှိနေသည်။

ဤအချိန်တွင် မင်ရှီက
ထိုအမျိုးသမီးထံသို့ လျှောက်သွားပြီး

စကားအနည်းငယ်ပြောလိုက်သည်။
အဆုံးတွင် အမျိုးသမီးက ယန်ယွဲ့နှင့်
နန်စီယင်ကို တစ်ချက်လှမ်းကြည့်ကာ
ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးက
လက်ခံလိုက်ကြောင်းမြင်သောအခါ
မင်ရှီ၏မျက်နှာက် သိသိသာသာ
သက်သာရာရသွားခဲ့သည်။ ထို့နောက်

ယန်ယဲ့နှင့် နန်စီယင်ကို စိုက်ကြည့်ရင်း

"ကျေးဇူးပြုပြီး အထဲကိုဝင်ပါ"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြပြီး

တိမ်လျှပ်စီးယာဉ်ပျံပေါ်

တက်သွားကြသည်။

အပေါ်ရောက်သည့်အခါ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

အနည်းငယ် ပြုံးပြသည်။ သို့သော်လည်း

ယန်ယဲ့က ကျောရိုးတစ်လျှောက်
အေးစက်သွားသလိုခံစားလိုက်ရလေသ
ည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး ထံမှ
မမြင်နိုင်သောအန္တရာယ်အငွေ့အသက်ကို
ခံစားမိလိုက်လို့ပါ။

###Book.139